# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ သီတင်းကျွတ်လဆန်း (၁၀)ရက် ၊ အင်္ဂါနေ့ ၊ (24-10-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၇၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၂၃**

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့ညနေပိုင်းတွင် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် အကဲဖြတ်ဒိုင်များအဖြစ် ပါဝင်ဆောင်ရွက်ကြမည့်ဝါရင့်အနုပညာရှင်ကြီးများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။**




ရတနာပုံ
၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၄ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံအကျိုးစီးပွားအတွက် မြန်မာ့ကျောက်မျက်ရတနာ

မြန်မာနိုင်ငံသည် သဘာဝသယံဇာတပေါကြွယ်ဝသော နိုင်ငံဖြစ်သည်။ သဘာဝသယံဇာတများတွင် ကျောက်မျက်ရတနာများနှင့် ပုလဲများလည်း ပါဝင်သည်။ ကျောက်မျက်ရတနာများကို လူသားတို့သည် အဆင်တန်ဆာအဖြစ် အမြတ်တနိုး တန်ဖိုးထားရုံသာမက ကျန်းမာရေးအတွက်ဖြစ်စေ၊ စီးပွားရေးအတွက်ဖြစ်စေ အဆောင်ရတနာအဖြစ် တန်ဖိုးထားအသုံးပြုကြသည်။ ထိုရတနာများသည် မြေအောက်၊ ရေအောက်မှရရှိပြီး နိုင်ငံအကျိုးစီးပွားအတွက် များစွာတန်ဖိုးရှိသောအရာများဖြစ်သည်။

ကျောက်မျက်ရတနာများကို ရှေးကမ္ဘာဦးကတည်းက လူသားများစတင်သုံးစွဲခဲ့ကြပြီး ကမ္ဘာမြေကြီးကပေးသော သဘာဝလက်ဆောင်ဖြစ်ပေသည်။ ယခင်က ကျောက်မျက်ရတနာများကို သဘာဝအတိုင်း ဆင်မြန်းခဲ့သော်လည်း နည်းပညာဖွံ့ဖြိုးလာသော ယနေ့ခေတ်တွင် ပညာရှင်များ၊ ကုန်သည်များက သွေးပြီးအရောင်တင်ကာ တန်ဖိုးရှိသည့် တွင်းထွက်များကို ကျောက်မျက်ရတနာအဖြစ် သတ်မှတ်ကြသည်။ ထို့ပြင် လှပခြင်း၊ မာကျောခြင်း၊ ခိုင်ခံ့ခြင်း၊ ရှားပါးခြင်း၊ အများလက်ခံနိုင်ခြင်းဂုဏ်များ ပါရှိမှသာလျှင် ရတနာတန်းဝင်ကျောက်ဟု အသိအမှတ်ပြုကြသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသော ကျောက်မျက်ရတနာများသည် နိုင်ငံတော်အတွက် အကျိုးစီးပွားဖြစ်ထွန်းပေးလျက်ရှိသည်။ ကိုယ့်ထီးကိုယ့်နန်းဖြင့် နေထိုင်ကြစဉ်ကတည်းကပင် မြန်မာ့ကျောက်မျက်ရတနာသည် တန်ဖိုးမဖြတ်နိုင်အောင် ဖြစ်ခဲ့ရသည်။ ဗုဒ္ဓဘာသာ မြန်မာတို့သည် ကျောက်မျက်ရတနာများကို အဆင်တန်ဆာအဖြစ် ဝတ်ဆင်ရုံသာမက စေတီပုထိုးများတွင်လည်း အမြတ်တနိုး တန်ဖိုးထားလှူဒါန်းကြသည်ကို တွေ့ရပေသည်။

နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိရန်နှင့် နိုင်ငံသားများအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းမှုများ ရရှိနိုင်စေရန်အတွက် တူးဖော်ထုတ်လုပ်ထားသည့် ကျောက်မျက်ရတနာများကို ရောင်းချနိုင်သည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၁၉၆၄ ခုနှစ်မှ စတင်၍ ကျင်းပခဲ့သည်။ ယခု ရတနာပြပွဲတွင် ပုလဲအတွဲ ၃၀၀၊ ကျောက်မျက်အတွဲ ၁၆၀ နှင့် ကျောက်စိမ်းအတွဲ ၄၀၂၅ တွဲတို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး ပုလဲအတွဲနှင့် ကျောက်မျက်အတွဲတို့ကို အမေရိကန်ဒေါ်လာဖြင့် ကြမ်းခင်းဈေးသတ်မှတ်ထားကာ ဝယ်ယူခွင့်ရရှိသည့် ပြည်ပရတနာကုန်သည်များအနေဖြင့် အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေတို့ဖြင့်လည်းကောင်း၊ ပြည်တွင်းရတနာကုန်သည်များအနေဖြင့် ကျပ်ငွေဖြင့်လည်းကောင်း ပေးချေဝယ်ယူနိုင်မည်ဖြစ်သည်။

ကျောက်စိမ်းအတွဲများ ရောင်းချရာတွင် အုပ်စု သုံးစုခွဲခြားထားပြီး နိုင်ငံခြားငွေရရှိရန်အတွက် ကျောက်စိမ်းအတွဲ အုပ်စု(အေ)နှင့် (ဘီ)ဖြင့်လည်းကောင်း၊ MSME လုပ်ငန်းရှင်များကို အားပေးမြှင့်တင်ရန်အတွက် အုပ်စု(စီ)ဖြင့်လည်းကောင်း သတ်မှတ်ထားကာ ရောင်းချပေးလျက်ရှိသည်။ ယခုကျင်းပပြုလုပ်သည့် ၂၀၂၃ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာကို အောက်တိုဘာ ၂၀ ရက်မှ ၂၈ ရက်ထိ နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ခင်းကျင်းပြသရောင်းချပေးသွားမည်ဖြစ်သည်။

သို့ဖြစ်ရာ ၂၀၂၃ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်မျက်ရတနာများကို ရောင်းချခြင်းဖြင့် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိရုံသာမက နိုင်ငံသားများအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းမှုအခွင့်အလမ်းများကို ဖော်ဆောင်ပေးလျက်ရှိပါကြောင်း ဝမ်းမြောက်စွာ ရေးသားလိုက်ရပါသည်။

# မန္တလေးတိုင်းဒေသကြီးအတွင်း ငါးမြို့နယ်ရှိ ချည်မျှင်ရှည်ဝါအထူးစိုက် တောင်သူများကို စိုက်ပျိုးစရိတ်ချေးငွေကျပ် သိန်း ၇၅၀ ကျော်ထုတ်ချေးမည်



**မန္တလေး အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ငါးမြို့နယ်ရှိ ချည်မျှင်ရှည်ဝါအထူးစိုက်ဧက ၅၀၀ စိုက်ပျိုးသည့် တောင်သူများကို အောက်တိုဘာလ နောက်ဆုံးပတ်အတွင်း စိုက်ပျိုးစရိတ်ချေးငွေကျပ် သိန်း ၇၅၀ ကျော် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ သိရသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ချည်မျှင်ရှည်ဝါ အထူးစိုက်ပျိုးသည့်တောင်သူများကို စိုက်ပျိုးစရိတ်ချေးငွေများ ချေးပေးနိုင်ရေးအတွက် မိတ်ဖက်ဌာနများနှင့်ပူးပေါင်းပြီး ချည်မျှင်ရှည်ဝါစိုက်ပျိုးသော တောင်သူများရှိသည့် မြို့နယ်များကို ချေးပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ တောင်သူများကို ချေးပေးရာတွင် တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ချေးပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တိုင်းဒေသကြီးမန်နေဂျာ ဦးစိုးကိုကိုဝင်းက ပြောပြသည်။

"အခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ချည်မျှင်ရှည်ဝါအထူးစိုက်ပျိုးတဲ့တောင်သူတွေကို ထုတ်ချေးပေးသွားဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။ လက်ရှိမှာတော့ စာရင်းကောက်ယူနေပါတယ်။ တစ်ဧကကို ငွေကျပ် ၁၅၀၀၀၀ နှုန်းနဲ့ပါ။ ကေပြည့်စိုက်ကွက်တွေကို ချေးပေးမှာပါ။ မြို့နယ်ရုံးတွေကိုအကြောင်းကြားထားပြီးပါပြီ။ မိတ်ဖက်ဌာနတွေနဲ့ ပူးပေါင်းပြီးတော့ ချည်မျှင်ရှည်ဝါစိုက်ပျိုးတဲ့ ကျောက်ဆည်၊ မြင်းခြံ၊ တံတားဦး၊ မတ္တရာ၊စဉ့်ကိုင်မြို့နယ်တွေကို ချေးပေးသွားမှာပါ။ စိုက်ပျိုးသီးနှံတွေ အောင်မြင်ဖြစ်ထွန်းပြီး မျိုးကောင်းမျိုးသန့်တွေ ရရှိစေဖို့အတွက် တစ်ဖက်တစ်လမ်းကနေ ပံ့ပိုးကူညီဆောင်ရွက်ပေးနေတာပါ။ အတိုးနှုန်းကတော့ ငွေကျပ် ၁၀၀ ကိုတစ်နှစ် ငါးရာခိုင်နှုန်းနဲ့ ထုတ်ချေးပေးသွားမှာပါ"ဟု ဦးစိုးကိုကိုဝင်းက ပြောပြသည်။

ဝါသီးနှံကို မိုးကြို၊ မိုးမိုးနှောင်းဟူ၍ စိုက်ပျိုးကြကြောင်း၊ ဝါသီးနှံသည် အခြားသီးနှံများနှင့် နှိုင်းယှဉ်လျှင် ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိသည့် သီးနှံဖြစ်သောကြောင့် ဝါကို အဓိကထားစိုက်ပျိုးကြကြောင်း သိရသည်။ (၁၈၅)

# မန္တလေးမြို့ရှိ ဈေးကြီးများတွင် ဖြောက်အိုးနှင့်မီးရှူးမီးပန်းများ ရောင်းချမှုမရှိစေရေး စစ်ဆေးကြပ်မတ်လျက်ရှိ

**မန္တလေး အောက်တိုဘာ ၂၃**

မန္တလေးမြို့ရှိ ဈေးကြီးများတွင် ဖြောက်အိုးနှင့် မီးရှူးမီးပန်းများ ရောင်းချမှုမရှိစေရေး အောက်တိုဘာလ တတိယပတ်မှစ၍ စစ်ဆေးကြပ်မတ်လျက်ရှိကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်က ပြောပြ၍ သိရသည်။

မန္တလေးမြို့တွင် အစားအသောက်၊ အဝတ်အထည်၊ ကုန်ခြောက်၊ လူသုံးကုန်နှင့် အလှကုန်ပစ္စည်းများအပါအဝင် တိုင်းရင်းဆေးဝါးများကို ဖြန့်ဖြူးရောင်းချပေးနေသည့် စည်ပင်သာယာရေးကော်မတီပိုင် ဈေးပေါင်း ၄၀ ကျော်ရှိကြောင်း၊ မကြာမီ သီတင်းကျွတ်ကာလသို့ ရောက်ရှိလာတော့မည်ဖြစ်သောကြောင့် ဈေးများတွင် ဖြောက်အိုးနှင့် မီးရှူးမီးပန်းများ ရောင်းချမှုမရှိစေရေး စစ်ဆေးကြပ်မတ်လျက်ရှိကြောင်း သိရသည်။

"သီတင်းကျွတ်ကာလမှာ အများပြည်သူ အထိတ်တလန့်ဖြစ်စေတဲ့ ဖြောက်အိုးတွေ၊ မီးရှူးမီးပန်းစတဲ့ ပစ္စည်းတွေကို ဈေးချိုတော်၊ နန်းရှေ့ဈေး၊ ညောင်ပင်ဈေး စတဲ့ ဈေးတွေမှာ ရောင်းဝယ်ဖောက်ကားမှုမရှိစေဖို့ ပူးပေါင်းအဖွဲ့တွေနဲ့ စစ်ဆေးကြပ်မတ်ဆောင်ရွက်နေပါတယ်"ဟု ဦးသက်နိုင်က ပြောပြသည်။

ထိုသို့စစ်ဆေးရာတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့် သားသတ်ဌာနအပါအဝင် အခြားပူးပေါင်းအဖွဲ့များဖြင့် အောက်တိုဘာလ တတိယပတ်မှစ၍ စစ်ဆေးကြပ်မတ်လျက်ရှိရာ လက်ရှိအချိန်ထိ ဖြောက်အိုး၊ မီးရှူးမီးပန်း ရောင်းချသည့်ဆိုင် မတွေ့ရှိသေးကြောင်း၊ ဖြောက်အိုး၊ မီးရှူးမီးပန်းများရောင်းချမှု တွေ့ရှိပါက ပစ္စည်းများကို သိမ်းဆည်းမည်ဖြစ်ကြောင်း သိရသည်။

"ဈေးတွေမှာတော့ အများပြည်သူတွေ အထိတ်တလန့်ဖြစ်စေပြီး မီးဘေးအန္တရာယ် ဖြစ်စေနိုင်တဲ့ ဖြောက်အိုးတွေနဲ့ မီးရှူးမီးပန်းတွေ ရောင်းချတာမျိုးကို ခွင့်ပြုမထားပါဘူး။ ဒါပေမဲ့ သီတင်းကျွတ်မီးထွန်းပွဲတော်ကာလလဲ နီးပြီဆိုတော့ ဖြောက်အိုးတွေ၊ မီးရှူးမီးပန်းတွေ ရောင်းချမှုမရှိစေဖို့ စစ်ဆေးကြပ်မတ်ဆောင်ရွက်နေပါတယ်"ဟု ဦးသက်နိုင်က ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

# မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် မတ်ပဲနှင့် ထောပတ်ပဲ အရောင်းအဝယ်ကောင်းလာပြီး ဈေးကောင်းရရှိနေ

**မန္တလေး အောက်တိုဘာ ၂၃**

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် မတ်ပဲနှင့် ထောပတ်ပဲ အရောင်းအဝယ်ကောင်းလာပြီး ဈေးကောင်းရရှိနေကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲ၊ နှမ်း စသည့်ကုန်စည်များထဲတွင် ယခင်က မတ်ပဲနှင့်ထောပတ်ပဲမှာ ပြည်တွင်းဈေးကွက်အတွင်း ဝယ်ယူမှု နည်းခြင်းကြောင့် အရောင်းအဝယ်အေးခဲ့ကြောင်း၊ ယခုလက်ရှိတွင် မတ်ပဲနှင့် ထောပတ်ပဲကို ကုန်သည်များ ဝယ်ယူမှုများပြားလာပြီး အရောင်းအဝယ်မှာ အကောင်းဆုံးအနေအထားတွင်ရှိနေကြောင်း သိရသည်။

"မတ်ပဲနဲ့ ထောပတ်ပဲက အရင်တစ်ပတ်လောက်က အဝယ်သိပ်ပြီး မလိုက်တာကြောင့် မန္တလေးဈေးကွက်ထဲ ဈေးကောင်းသိပ်မရခဲ့ဘူး။ လက်ရှိမှာတော့ အရောင်းအဝယ် ပြန်ကောင်းလာတဲ့အပြင် ပြည်ပကပါ ဝယ်ယူမှုတွေရှိလာတာကြောင့် ဈေးကောင်းပြန်ရနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ပဲ၊ နှမ်း ဈေးကွက်တွင် အောက်တိုဘာ ၁၆ ရက်ပေါက်ဈေးအရ မတ်ပဲသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ်၂၅၈၀၀၀၊ ထောပတ်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၄၁၀၀၀၀ သာရှိခဲ့ပြီး ယနေ့ပေါက်ဈေးအရ မတ်ပဲသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀၊ ထောပတ်ပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၄၂၀၀၀၀ ရှိပြီး ဈေးကောင်းရရှိနေကြောင်း သိရသည်။

အလားတူ မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ယနေ့ပေါက်ဈေးအရ နှမ်းညို သုံးတင်းဝင် တစ်အိတ်လျှင်ငွေကျပ် ၂၈၀၀၀၀၊ နှမ်းနက်(စမုန်) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၄၅၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မလှိုင်မြို့နယ် ကံစွယ်ကျေးရွာ၌ VDP စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**မလှိုင် အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဝါးခွကျေးရွာအုပ်စု ကံစွယ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဝါးခွကျေးရွာအုပ်စု ကံစွယ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီအောင်နှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မလှိုင်မြို့နယ် ကံစွယ်ကျေးရွာ၌ အရှည်ပေ ၇၀၀၊ အကျယ် ၁၂ပေ၊ အမြင့် ခုနစ်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း၊ ဆိုလာစနစ်သုံးရေသန့်စင်စက် တစ်စုံ တပ်ဆင်ဆောင်ရွက်ခြင်း လုပ်ငန်းများကို နိုင်ငံတော်ပံ့ပိုးငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၂၃ သိန်းကျော်ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက နည်းပညာပံ့ပိုးကူညီကာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များက ဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဩဂုတ်လဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ပြောပြ၍ သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓမ္မစိတာဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၃၂ လမ်း၊ ၈၅ လမ်း-၈၆ လမ်းကြား မလွန်ဆန်လှူအသင်းကြီးက ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၁၀၀၀၀၀၀ နှင့် ဆန် ငါးတင်းလှူဒါန်းရာ ဆေးရုံအုပ်ဒေါက်တာဦးတင်ဝင်းနှင့် ဖုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှောင်းဝါ ၃၈၃၀၉ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ဝါစိုက်ခင်းကို တွေ့ရစဉ်။

**ရမည်းသင်း အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှောင်းဝါ ၃၈၃၀၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှောင်းဝါ ၃၈၇၃၆ ဧက စိုက်ပျိုးရန်လျာထားပြီး စက်တင်ဘာလမှစ၍ စိုက်ပျိုးခဲ့ရာ ယနေ့တွင် မိုးနှောင်းဝါ ၃၈၃၀၉ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ကျန်ရှိသည့် ဧကများကိုလည်း ဆက်လက်စိုက်ပျိုးနေကြောင်း၊ စိုက်ပျိုးသည့် ဝါမျိုးများ အနေဖြင့် ရွှေတောင် (၁၀)၊ ရွှေတောင်(၈)နှင့် ငွေချည်(၆)မျိုးတို့ကို အဓိကစိုက်ပျိုးနေကြောင်း သိရသည်။

"ချည်မျှင်ရှည်ဝါက ကိုယ့်ရေမြေဒေသနဲ့ ကိုက်ညီတဲ့ သီးနှံလဲဖြစ်တယ်။ ဝါက ပြည်တွင်းလိုအပ်ချက်ရှိပြီး ဝယ်ယူမှုအားကောင်းတဲ့ သီးနှံဖြစ်ပါတယ်။ အဲဒီလို ဝယ်ယူမှုအားကောင်းတာကြောင့် တောင်သူတွေအတွက်လဲ တွက်ခြေကိုက်ပါတယ်။ ပြည်တွင်းမှာ ဝါကုန်ကြမ်းလိုအပ်မှုရှိလို့ ဝါနဲ့ဝါထွက်ပစ္စည်းကို အခြေခံတဲ့စက်ရုံတွေအတွက် ကုန်ကြမ်းလိုအပ်မှုကို ဖြည့်ဆည်းဖို့လဲဖြစ်ပါတယ်။ အဓိကကတော့ တောင်သူတွေအတွက် အခြားသီးနှံတွေ ရောင်းဝယ်တဲ့အခါ ဈေးကွက်အခက်အခဲရှိပြီး ဝါသီးနှံက ဈေးကွက်အခက်အခဲမရှိပါဘူး။ လိုအပ်ချက်နဲ့ ဝယ်ယူမှုရှိတာကြောင့် ဝါသီးနှံက အဆင်ပြေပါတယ်"ဟု ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

(၁၈၅)

# လားရှိုးမြို့နယ် မန်ကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**လားရှိုး အောက်တိုဘာ ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆုံကွယ်ကျေးရွာအုပ်စု မန်ကုန်းကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေ၊ ကျေးရွာ ပြည်သူများထည့်ဝင်ငွေတို့ဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်း၊ လားရှိုးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မော်သန်းနှင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ မန်ကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက လမ်းရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

မန်ကုန်းကျေးရွာ၌ အရှည်ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ်သိန်း ၆၀ အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာလ ဒုတိယပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သုသု**

# စေတုတ္တရာမြို့နယ် ခြင်ပြစ်ကိုင်းကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စေတုတ္တရာ အောက်တိုဘာ ၂၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများ၊ ကျေးလက်ဒေသနေပြည်သူများ ဆင်းရဲမှုလျော့ကျလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ခြင်ပြစ်ကိုင်းကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ အရင်းဆပ်ကာလ၊ အတိုးဆပ်ကာလနှင့် စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ အသင်းသား၊ အသင်းသူများ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံက ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များကိုရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦးကိုငွေကျပ် ၂၃ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦးကို ငွေကျပ် ကိုးသန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူခြောက်ဦးကို ငွေကျပ် ၆ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ကိုညို**



# ကမ္ဘာ့လျှပ်စစ်ယာဉ် ပြပွဲဆီသို့ (အပိုင်း-၁)

ပါမောက္ခကိုကိုအောင်




**Global EV Association Network Forum သို့ စာရေးသူ တက်ရောက်စဉ်။**

တောင်ကိုရီးယားနိုင်ငံ ဂျယ်ဂျူကျွန်း၌ ကျင်းပပြုလုပ်မည့် Global Electric Vehicle Association Network(GEAN) Forum သို့ တက်ရောက်ရန်နှင့် The 6th International Electric Vehicle Expo(IEVE)သို့ တက်ရောက်လေ့လာရန် ဖိတ်ကြားချက်အရ ၂၀၁၉ ခုနှစ် မေ ၅ ရက် ည ၁၁ နာရီ မိနစ် ၃၀ က ရန်ကုန်မြို့ မင်္ဂလာဒုံအပြည်ပြည်ဆိုင်ရာလေဆိပ်မှ Korean Airline ဖြင့် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ဆီသို့စတင်ထွက်ခွာခဲ့ရာ မေ ၆ ရက် တောင်ကိုရီးယားနိုင်ငံ ဒေသစံတော်ချိန် နံနက် ၇ နာရီ မိနစ် ၂၀ ၌ ဆိုးလ်မြို့ Incheon အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ချောမောစွာရောက်ရှိသည်။ Incheon လေဆိပ်၌ Korea Engineers Alliance အတွင်းရေးမှူးချုပ်ဖြစ်သူ Mr. Seung Ryun Woo က စီစဉ်စေလွှတ်ပေးသော ပုဂ္ဂိုလ်တစ်ဦးက အသင့်လာရောက်ကြိုဆိုပြီး ဆိုးလ်မြို့ ပြည်တွင်းလေဆိပ်ဖြစ်သော Gimpo လေဆိပ်သို့ ပို့ဆောင်ပေးရာ ဒေသစံတော်ချိန် နံနက် ၉ နာရီခန့်တွင် ရောက်ရှိသည်။

Gimpo လေဆိပ်၌ နှစ်နာရီကျော်စောင့်ဆိုင်းပြီးနောက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၅၀ ၌ Korean Airline ဖြင့်ပင် ဂျယ်ဂျူကျွန်းဆီသို့ပျံသန်းထွက်ခွာခဲ့သည်။ ဂျယ်ဂျူအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ ခန့်တွင်ရောက်ရှိရာ Mr. Woo က ကြိုတင်စီစဉ်ပေးထားသော ကားနှင့်အတူ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့က ဂျယ်ဂျူအပြည်ပြည်ဆိုင်ရာလေဆိပ်၌ အသင့်ရောက်ရှိကြိုဆိုနေကြသည်။ ၎င်းကားဖြင့် လေဆိပ်မှထွက်ခွာခဲ့ကြရာ ခေတ္တတည်းခိုနေထိုင်မည့် Jeju Shinhwa World Landing Resort ဟိုတယ်သို့ မွန်းလွဲ ၂ နာရီ၌ ရောက်ရှိသည်။

ဟိုတယ်၌ GEAN Forum နှင့် IEVE သို့ တက်ရောက်ရန် ရောက်ရှိလာကြသော နိုင်ငံတကာမှ ကိုယ်စားလှယ်များကို လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်ပေးရန်အတွက် ဧည့်ကြိုကောင်တာတစ်ခု သီးသန့်ဖွင့်လှစ်ပေးထားသည်ကို တွေ့ရှိရသည်။ အထူးဧည့်ကြိုကောင်တာမှဝန်ထမ်းများက ခရီးဦးကြိုဆိုကြပြီး မိမိနှင့်အတူ အခြားသော နိုင်ငံတကာမှကိုယ်စားလှယ်အဖွဲ့များကို ဟိုတယ်၌ စနစ်တကျနေရာချထားစီစဉ်ဆောင်ရွက်ပေးကြသည်။

ဒေသစံတော်ချိန် ည ၆ နာရီ၌ Jeju Shinhwa World Landing Resort ဟိုတယ်မြေညီထပ်ရှိ ကိုရီးယားရိုးရာစားသောက်ဆိုင်၌ Korea Engineers Alliance ၏ အတွင်းရေးမှူးချုပ် Mr. Seung Ryun Woo နှင့် လက်ထောက်ဖြစ်သူ Ms. Lim တို့က တည်ခင်းဧည့်ခံသော ကိုရီးယားရိုးရာညစာကို သုံးဆောင်ရင်း ခင်မင်ရင်းနှီးနွေးထွေးစွာ စကားပြောဖြစ်ကြသည်။

ဒေသစံတော်ချိန် ည ၉ နာရီ မိနစ် ၃၀ ခန့်တွင်မူ Global Electric Vehicle Association Network (GEAN)၏ဥက္ကဋ္ဌကြီး Mr. Kim Dae Hwan နှင့်အတူ မိမိအပါအဝင် အာဆီယံနိုင်ငံများမှကိုယ်စားလှယ်များက ဟိုတယ်မြေညီထပ်ရှိ Star Bucks ကော်ဖီဆိုင်၌ ကော်ဖီသောက်ရင်း ခင်မင်ရင်းနှီးစွာဖြင့် ပဏာမတွေ့ဆုံဆွေးနွေးကြသည်။ တစ်နိုင်ငံချင်း၊ တစ်ဦးတစ်ယောက်ချင်းစီတို့၏ အတွေ့အကြုံများကို ဖလှယ်ကြသည်။ အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ပွင့်လင်းစွာ ဆွေးနွေးကြသည်။ အပြန်အလှန်အကူအညီပေးရေး၊ အပြန်အလှန် အားပြုလုပ်ဆောင်သွားရေးကိစ္စရပ်များလည်း ပါဝင်သည်။ ည ၁၁ နာရီ မိနစ် ၃၀ ခန့်တွင် ပဏာမတွေ့ဆုံပွဲလေးမှာ ပျော်ရွှင်ကြည်နူးဖွယ်အတိဖြင့် ပြီးဆုံးသွားခဲ့သည်။

နောက်တစ်နေ့ မေ ၇ ရက် နံနက် ၈ နာရီတွင် ဟိုတယ်စားသောက်ခန်းမကြီး၌ အာဆီယံနိုင်ငံများမှ National Member ကိုယ်စားလှယ်များမှာ တစုတဝေးတည်း နံနက်စာသုံးဆောင်ရင်း ခင်မင်ရင်းနှီးစွာ စကားစမြည်ပြောဖြစ်ကြပြန်သည်။ အမျိုးအမည်စုံလင်လှသော နံနက်စာသုံးဆောင်စရာများကို စားသောက်ရင်း တစ်ဦးနှင့်တစ်ဦး တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပိုမိုခင်မင် ရင်းနှီးကျွမ်းဝင်လာကြသည်။ Forum ၌ ဆွေးနွေးမည့် အဓိကအကြောင်းအရာများအပေါ်၌ အထူးအလေးထားကာ ဆွေးနွေးပြောဆိုဖြစ်ကြသည်။

တောင်ကိုရီးယား ဒေသစံတော်ချိန် နံနက် ၁၀ နာရီ၌ Jeju Shinhwa World ဟိုတယ် Landing Ballroom A၊ Landing Convention Center ၌ နံနက်ပိုင်းအစီအစဉ်အဖြစ် GEAN General Meeting ကို စတင်ကျင်းပသည်။ မိမိအပါအဝင် GEAN အဖွဲ့ဝင် ၁၀၀ ခန့်နှင့်အတူ ဆက်စပ်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်တော်ကြီးများ၊ လျှပ်စစ်ကားကုမ္ပဏီနှင့် ဆက်စပ်ပစ္စည်းထုတ်လုပ်သောကုမ္ပဏီကြီးများမှ ဖိတ်ကြားထားသူများ စုံညီစွာတက်ရောက်ကြသည်။ ကိုရီးယားနှင့် အင်္ဂလိပ် ဘာသာစကားနှစ်မျိုးဖြင့် ဘာသာပြန်ပေးသောကြောင့် အစည်းအဝေးတက်ရသည်မှာ အဆင်ပြေလှသည်။

ဦးစွာ တက်ရောက်လာကြသော အာဆီယံနိုင်ငံကိုယ်စားလှယ်အဖွဲ့များက မိတ်ဆက်စကားပြောကြားပြီးနောက် GEAN ဥက္ကဋ္ဌကြီး Mr. Kim Dae Hwan က ဦးဆောင်ကာ အစည်းအဝေးကိုစတင်ကျင်းပသည်။ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ မိနစ် ၅၀ ၌ Coffee Break ခေတ္တရပ်နားသည်။ နံနက် ၁၁ နာရီ၌ GEAN Forum ကို စတင်ကျင်းပရာ International Electric Vehicle Expo(IEVE)၏ စီမံရေးကော်မတီဥက္ကဋ္ဌ Mr. Park Jong-woo က Moderator အဖြစ်ဆောင်ရွက်သည်။ ကိုရီးယားသမ္မတနိုင်ငံ Samsung SDI ၏ အမှုဆောင်အဖွဲ့ဒုတိယဥက္ကဋ္ဌ Mr. Kim Jeong Wook က Driving Force for Auto 2.0 နှင့်ပတ်သက်၍လည်းကောင်း၊ Bloomberg NEF မှ Mr. Ali Izadi က Future of Mobility & the Role of Electric Vehicle နှင့်ပတ်သက်၍လည်းကောင်း Keynote Speech များကို ပြောကြားကြသည်။

မွန်းတည့် ၁၂ နာရီတွင် အမေးအဖြေကဏ္ဍကို ပြုလုပ်ပြီး မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ ၌ Forum ကို ရုပ်သိမ်းကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများရိုက်ကူးကြသည်။ မွန်းလွဲ ၁၂ နာရီ မိနစ် ၃၀ ၌ GEAN Welcome Luncheon ကို Landing Ballroom C ၌ ပြုလုပ်ရာ အထူးနေ့လယ်စာကိုသုံးဆောင်ရင်း တစ်ဖွဲ့နှင့်တစ်ဖွဲ့ ခင်မင်ရင်းနှီးစွာ စကားစမြည်ပြောဖြစ်ကြသည်။ အရသာထူးကဲလှသော စားသောက်ဖွယ်ရာများကို အေးချမ်းပျော်ရွှင်စွာ သုံးဆောင်ကြသည်။

ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် The 2nd ASEAN 10 Countries EV Forum ကို စတင်ကျင်းပရာ အာရှဖွံ့ဖြိုးရေးဘဏ်၏ အတိုင်ပင်ခံ Mr. Kim Jung Hwan က Moderator အဖြစ်ဆောင်ရွက်သည်။ GEANဥက္ကဋ္ဌကြီး Mr. Kim Dae Hwan က အဖွင့်အမှာစကားပြောကြားပြီး Hyundai Motor ၏ဒုတိယဥက္ကဋ္ဌ Mr. Lim Jeong Hwan နှင့် KAIST ၏ ပါမောက္ခ Mr. Kim Je Woo တို့က Keynote Speech များပြောကြားကြသည်။ ဆက်လက်၍ ဖိလစ်ပိုင်နိုင်ငံ လျှပ်စစ်ကားအသင်းဥက္ကဋ္ဌက ဖိလစ်ပိုင်နိုင်ငံ၏ လျှပ်စစ်ကားထုတ်လုပ်သုံးစွဲနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ညနေ ၃ နာရီ မိနစ် ၂၀ တွင် Coffee Break ရပ်နားသည်။

ဒေသစံတော်ချိန် ညနေ ၃ နာရီ မိနစ် ၄၀ တွင် Forum ကို ပြန်လည်ကျင်းပရာ ထိုင်းလျှပ်စစ်ကားအသင်းဥက္ကဋ္ဌက ထိုင်းနိုင်ငံအတွင်း လျှပ်စစ်ကားဆိုင်ရာနည်းပညာများ အဆင့်မြှင့်တင်နေမှုအခြေအနေများကိုလည်းကောင်း၊ Edison Motors Co., Ltd ဥက္ကဋ္ဌက သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်သောလျှပ်စစ်ကားများအဖြစ် ပြောင်းလဲခြင်းဆိုင်ရာများကိုလည်းကောင်း၊ ဗီယက်နမ်နိုင်ငံ လျှပ်စစ်ကားအသင်း ဖွဲ့စည်းဖြစ်မြောက်ရေး အဖွဲ့ဝင်များက ဗီယက်နမ်နိုင်ငံ၏ လျှပ်စစ်ကားသုံးစွဲမှုတိုးတက်မြင့်မားရေး ဆောင်ရွက်နေမှုများကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် Panel Discussion ကိုဆက်လက်ကျင်းပရာ အာရှဖွံ့ဖြိုးရေးဘဏ်၏ အတိုင်ပင်ခံ Mr. Kim Jung Hwan က Moderator အဖြစ် ဆောင်ရွက်ပြီး Automotive Specialist Mr. Frank Steinleitner၊ အင်ဒိုနီးရှားနိုင်ငံ လျှပ်စစ်ကားကွန်ရက်ဥက္ကဋ္ဌ Mr.Muljowidodo Kartidjo နှင့် Speaker များက ဆွေးနွေးကြသည်။

ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် Forum နိဂုံးချုပ်မိန့်ခွန်းပြောကြားမှုနှင့်အတူ Forum သို့ တက်ရောက်လာသူများစုပေါင်းကာ အမှတ်တရဓာတ်ပုံများ ရိုက်ကူးကြသည်။ ညနေ ၆ နာရီ မိနစ် ၃၀ တွင် Landing Ballroom C ၌ GEAN Welcome Banquet ကိုပြုလုပ်ရာ ညစာသုံးဆောင်ရင်း တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ခင်မင်ရင်းနှီးနွေးထွေးစွာ စကားစမြည်ပြောဖြစ်ကြသည်။ ဤသို့ဖြင့် Global EV Associator Network ၏ General Meeting၊ GEAN Forum နှင့် The 2nd ASEAN 10 Countries EV Forum များမှာ အောင်မြင်ချောမွေ့စွာ ပြီးဆုံးခဲ့လေတော့သည်။

နောက်တစ်နေ့ မေ ၈ ရက် နံနက်တွင် Jeju Shinhwa World Landing Resort ဟိုတယ်၌ နံနက်စာသုံးဆောင်အပြီး ဒေသစံတော်ချိန် နံနက် ၉ နာရီ မိနစ် ၃၀ ခန့်တွင် Korea Engineers Alliance ၏အတွင်းရေးမှူးချုပ် Mr. Seung Ryun Woo နှင့် လက်ထောက်ဖြစ်သူ Ms. Lim တို့က လာရောက်ကြိုဆိုသဖြင့် IEVE ပြပွဲခန်းမရှိရာ Jeju International Convention Center သို့ Ms. Lim ၏ကားဖြင့် အတူတကွသွားရောက်ကြသည်။

တောင်ကိုရီးယား ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် International Electric Vehicle Expo (IEVE) ဖွင့်ပွဲပြုလုပ်မည့် Jeju-ICC မြေညီထပ်၊ မြေအောက်ထပ်နှင့် ပထမထပ်၌ ပြခန်းများနှင့်အတူ လျှပ်စစ်ကားများ၊ လျှပ်စစ်ဆိုင်ကယ်များ အားလုံးတို့က သပ်ရပ်လှပစွာဖြင့် အသင့်အနေအထားဖြစ်နေကြသည်။ ကြိုတင်ချိန်းဆိုထားချက်နှင့်အညီ တောင်ကိုရီးယားနိုင်ငံ၏ လျှပ်စစ်ကားသုံး မိုတာမျိုးစုံနှင့် စက်ရုပ်လေယာဉ်(Drone)သုံး မိုတာများကို အကြီးအကျယ်ထုတ်လုပ်ရောင်းချနေသော NMC (KO) ကုမ္ပဏီနှင့် တွေ့ဆုံဆွေးနွေးရန်ရှိသောကြောင့် ယခုကဲ့သို့ ကြိုတင်ရောက်ရှိအောင် သွားရခြင်းဖြစ်သည်။

တွေ့ဆုံဆွေးနွေးမည့် Booth သို့အရောက်တွင် ပြပွဲတာဝန်ရှိသူတစ်ဦးက လှိုက်လှဲပျူငှာစွာ ခရီးဦးကြိုပြုပြီး IEVE ပြပွဲအထိမ်းအမှတ်အဖြစ် မိမိက ဥက္ကဋ္ဌအဖြစ်တာဝန်ယူဆောင်ရွက်နေသော မော်တော်ယာဉ်ထုတ်လုပ်သုံးစွဲမှုဆိုင်ရာ အင်ဂျင်နီယာပညာရှင်များအသင်း(မြန်မာနိုင်ငံ) (Automotive Industrial Professional Engineers' Association - AIPA) အမည်ရေးထိုးထားသော အမှတ်တရပစ္စည်းတစ်ခုကို ပေးအပ်ချီးမြှင့်ရာ မိမိက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။ တစ်ဆက်တည်းပင် NMC (KO) ကုမ္ပဏီတာဝန်ခံများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

# လမ်းလျှောက်ခြင်းဖြင့် အမြင်အာရုံကြည်လင်လာစေနိုင်သည်



လမ်းလျှောက်တာနဲ့ အမြင်အာရုံကြည်လင်တာက သိပ်တော့ဆက်စပ်မှုမရှိဘူးလို့ထင်ရပေမယ့် တကယ်တမ်းမှာတော့ အဲဒီလိုမဟုတ်ဘဲ လမ်းလျှောက်တာဟာ မိမိတို့ရဲ့အမြင်အာရုံကို တိုးတက်ကောင်းမွန်စေတယ်လို့ ဆိုပါတယ်။

ဘာကြောင့် အမြင်အာရုံတိုးတက်ကောင်းမွန်တာလဲဆိုရင် လမ်းလျှောက်ခြင်းဟာ မျက်စိမှာဖြစ်ပေါ်နေတဲ့ ဖိစီးမှုတွေကို ပြေလျော့စေလို့ပါ။

ဒါ့အပြင် မျက်လုံးအိမ်အတွင်း ဖိအားများလို့ မျက်စိကွယ်စေတတ်တဲ့ အခြေအနေဖြစ်တဲ့ ရေတိမ်ဖြစ်ပွားမှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။

# ပဲခူးတိုင်းဒေသကြီးအတွင်း MSMEs ထုတ်ကုန်များကို စုစည်းပြသရောင်းချမည့်အရောင်းစင်တာများ ခရိုင်အလိုက် ဖွင့်လှစ်လျက်ရှိ

**ပဲခူး အောက်တိုဘာ ၂၄**

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSMEs)ထုတ်ကုန်များကို စုစည်းပြသရောင်းချမည့် အရောင်းစင်တာများ ခရိုင်အလိုက် ဖွင့်လှစ်လျက်ရှိကြောင်း ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ သိရသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်မှ ထွက်ရှိသည့် ဒေသထွက်ကုန်များ၊ MSMEs ထုတ်ကုန်များကို တစ်နေရာတည်းတွင် တစုတစည်းတည်း ပြသရောင်းချနိုင်မည့် MSMEs ထုတ်ကုန်များ အရောင်းစင်တာတစ်ခုကို ပဲခူးခရိုင် ပဲခူးမြို့နယ်ရှိ ဥဿာသီရိဈေးတွင် အောက်တိုဘာ ၁၉ ရက်က ဖွင့်လှစ်ခဲ့ပြီး MSMEs ထုတ်ကုန်များအရောင်းစင်တာများကို ကျန်ရှိနေသေးသည့် ခရိုင်များတွင်လည်း ဆက်လက်ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း သိရသည်။

"ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဦးဆောင်မှုနဲ့ အောက်တိုဘာ ၁၉ ရက်က ပဲခူးမြို့ ဥဿာသီရိဈေးအပေါ်ထပ်မှာ MSMEs ထုတ်ကုန်များအရောင်းစင်တာတစ်ခုကို ဖွင့်လှစ်ထားပြီးဖြစ်ပါတယ်။ အဲဒီစင်တာမှာ ဒေသထွက်ကုန်တွေ၊ MSMEs ထုတ်ကုန်တွေကို တစုတစည်းတည်းပြသပြီးတော့ ပင်ရင်းဈေးအတိုင်း ရောင်းချပေးမှာဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လဲ MSMEs ထုတ်ကုန်များ အရောင်းစင်တာတွေကို ခရိုင်အလိုက်ဖွင့်လှစ်သွားပါမယ်"ဟု ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအေးမောင်ကြည်က ပြောပြသည်။

ဥဿာသီရိ MSMEs ထုတ်ကုန်များအရောင်းစင်တာတွင် ပဲခူးတိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်မှ ထွက်ရှိလာသည့် ဒေသထွက် စားသုံးကုန်များ၊ လူသုံးကုန်များ၊ တိုင်းရင်းဆေးဝါးများ၊ စားဖိုဆောင်သုံးပစ္စည်းများ၊ လယ်ယာသုံးကိရိယာများ စသည့် ပစ္စည်းအမျိုးပေါင်း ၈၀ ကျော်ကို ဆိုင်ခန်းပေါင်း ၃၇ ခန်းဖြင့် ပင်ရင်းဈေးအတိုင်း နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ ASH



# သံတောင်ကြီးမြို့နယ် တောပြာကလေး+ယစ်မှိုင်းကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သံတောင်ကြီး အောက်တိုဘာ ၂၄**

ကရင်ပြည်နယ် သံတောင်ကြီးခရိုင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် မိသားစုကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရန်၊ လိုအပ်သောငွေကြေးအရင်းအနှီးရရှိစေရန်အတွက် တောပြာကလေး+ယစ်မှိုင်းကျေးရွာ၌သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးပေးခြင်းကို အောက်တိုဘာ ၂၂ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ စုရပ်ဆောင်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။



ရှေးဦးစွာ သံတောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာကြည်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ အတိုးဆပ်ကာလ၊ အရင်းဆပ်ကာလနှင့် အတိုးနှုန်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး စီမံကိန်းရန်ပုံငွေကျပ် ၄၅ သန်းကို တောပြာကလေး+ယစ်မှိုင်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံဝန်ထမ်းများနှင့် တောပြာကလေး+ယစ်မှိုင်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၆၀ ကို ငွေကျပ် ၄၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောပြာကလေး+ယစ်မှိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး အဆိုပါစီမံကိန်းရန်ပုံငွေများဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အတွက် ကျေးလက်နေ ပြည်သူများ၏ မိသားစုဝင်ငွေ တိုးပွားလာကြောင်း သံတောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ယော်လေး**

## ကျေးရွာဝါကျွတ်ပွဲ

\- သီတင်းကျွတ်ပြီမို့
နှင်းဆွတ် စပါးနှံတို့
မြောက်လေပြန် ကျီစယ်အနှော့မှာဖြင့်
ချစ်စဖွယ် လည်တိုင်ကြော့ရယ်နဲ့
ခေါင်းမော့လို့ ကြည်နူးဖွယ်။

\- အိုင်အတွင်းမှာလဲ
ကြိုင်သင်း ပဒုမ္မာတို့
ဖြူနီပြာ ရှုမဆုံးပါကလား
တုနှိုင်းယှဉ်စရာဖြင့်
အဘယ်မှာ ရှာမတွေ့နိုင်ဘူး
ထည်ဝါစွာ ရွှာအရှေ့မှာဖြင့်
ဖူးပွင့်၍နေကြတယ်။

\- "လှသမျှ ရွှေးပါလို့
မမလေး သူပန်ချင်သတဲ့
အိမ်ပြန်ရင် ကြာတပွေ့ကိုလ
ချိုးခဲ့ပါ့ မောင်ထွေးရယ်"
မှာတယ်ကွဲ့ နံနက်ခင်း။

\- ဆည်းဆာရိပ်ဖန်
နေမင်း ဝင်ချိန်တန်တော့
ကွဲကျောင်းပြန် မောင်ငယ်ထွေးမှာဖြင့်
ကြာနံ့တွေ ထုံထုံမွှေးတဲ့ပြင်
ပလွေတို ချိုချိုအေးလေတော့
ငှက်ကျေးသာရကာတို့
မခွဲလိုပါ ညွှန်းဆိုမြွက်သည်သို့
အကဲပိုစွာ ခွန်းချိုဆက်ကြတယ်
ကျေးလက်မြင်ကွင်း။ ။

**မြင်းမူမောင်နိုင်မိုး**

# သရက်ချောင်းမြို့နယ် ပန်းချီရှောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သရက်ချောင်း အောက်တိုဘာ ၂၄**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပန်းချီရှောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို အောက်တိုဘာ ၂၂ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ထက်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ပန်းချီရှောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများစနစ်တကျ ဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ထက်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများရေရှည်တည်တံ့စေရေးအတွက် အားလုံး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ပန်းချီရှောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေပဉ္စမအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၁၃၄ ဦးကို စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၅၀ ထုတ်ချေးပေးထားကြောင်း သိရသည်။

**မြိုးထက်အောင်(ပျော်ဘွယ်)**

# နိုင်ငံတကာ သတင်းများ

## အစိုးရလျှို့ဝှက်ချက်အက်ဥပဒေဖောက်ဖျက်မှုဖြင့် ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်း စွဲချက်တင်ခံရ

**အစ္စလာမ္မာဘတ် အောက်တိုဘာ ၂၃**

ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းနှင့်၎င်း၏လက်ထောက်တစ်ဦးတို့ကို ပါကစ္စတန်တရားရုံးတစ်ရုံးက ယနေ့တွင် အစိုးရလျှို့ဝှက်ချက်အက်ဥပဒေဖောက်ဖျက်မှုဖြင့် တရားစွဲထားကြောင်း သိရသည်။

တရားရုံး၏စွဲချက်သည် ပြီးခဲ့သည့်နှစ် နှစ်စပိုင်းအတွင်း အမေရိကန်နိုင်ငံရှိ ပါကစ္စတန်သံအမတ်ကြီးက အစ္စလာမ္မာဘတ်သို့ပေးပို့ခဲ့သည့် ကြေးနန်းစာများနှင့်ပတ်သက်လျက်ရှိသည်။

အဆိုပါသံတမန်လျှို့ဝှက်ချက်ကြေးနန်းစာများမှာ ဝန်ကြီးချုပ်ဟောင်းအီမရန်ခန်းကြောင့် ပြင်ပသို့ပေါက်ကြားခဲ့ကြောင်း ပါကစ္စတန်အထူးတရားရုံးက စွပ်စွဲထားသည်။

အစိုးရလျှို့ဝှက်ချက်အက်ဥပဒေချိုးဖောက်မှုဖြင့် ဝန်ကြီးချုပ်ဟောင်းအီမရန်ခန်းနှင့်အတူ တရားစွဲဆိုခံထားရသူမှာ ပါကစ္စတန်တီရစ်ခ်အီးအင်းဆက်ဖ်(ပီတီအိုင်)ပါတီ ဒုတိယခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီးဟောင်း ရှားမာမွတ်ကူရိရှိဖြစ်ကြောင်း သိရသည်။

သို့သော်လည်း ပါကစ္စတန်အထူးတရားရုံး၏ စွပ်စွဲချက်ကို ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းက ငြင်းပယ်ထားပြီး လျှို့ဝှက်သံတမန်ကြေးနန်းစာများမှာ အခြားအရင်းအမြစ်များမှတစ်ဆင့် မီဒီယာများသို့ ပေါက်ကြားခဲ့ခြင်းဖြစ်ကြောင်း ပြောကြားထားသည်။

ဝန်ကြီးချုပ်ဟောင်းအီမရန်ခန်းသည် လွှတ်တော်၏အယုံအကြည်မရှိသည့်အဆိုကြောင့် ၂၀၂၂ ခုနှစ်အတွင်း ရာထူးမှဖယ်ရှားခံခဲ့ရပြီးနောက် စွဲချက်အမျိုးမျိုးဖြင့်ရင်ဆိုင်နေရကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## တရုတ်နိုင်ငံ၏ စစ်လက်နက်ပစ္စည်းများကြောင့် ဆားဘီးယားစစ်ရေးစွမ်းရည်များ ပိုကောင်းလာဟုဆို

**ပေကျင်း အောက်တိုဘာ ၂၃**

တရုတ်စစ်လက်နက်ပစ္စည်းများကြောင့် ဆားဘီးယားလက်နက်ကိုင်တပ်များ၏ စစ်ရေးစွမ်းရည်သိသိသာသာမြင့်တက်လာကြောင်း ဆားဘီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်က ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ဆားဘီးယားလက်နက်ကိုင်တပ်များ၏စစ်ရေးစွမ်းရည် အထူးသဖြင့် လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်သည် တရုတ်စစ်လက်နက်ပစ္စည်းများကြောင့် ပို၍အားကောင်းလာရကြောင်း ဆားဘီးယားဒုတိယဝန်ကြီးချုပ် မီလော့စ်ဗူစီဗစ်က တရုတ်နိုင်ငံပိုင် မီဒီယာများသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

ဆားဘီးယားဒုတိယဝန်ကြီးချုပ် မီလော့စ်ဗူစီဗစ်သည် ကာကွယ်ရေးဝန်ကြီးတာဝန်ကိုလည်း တွဲဖက်ရယူထားသူဖြစ်သည်။

ထို့ပြင် ဆားဘီးယားလက်နက်ကိုင်တပ်များ ခေတ်မီရေးအတွက် ကြိုးပမ်းမှုသည် ကိုယ့်ကိုယ်ကိုယ်ကာကွယ်ရေးအတွက် ရည်ရွယ်ကြောင်း ဒုတိယဝန်ကြီးချုပ်ဗူစီဗစ်က ပြောကြားခဲ့သည်။

တရုတ်သမ္မတရှီကျင့်ဖျင်သည် ဆားဘီးယားသမ္မတ အလက်ဇန်းဒါးဗူစစ်နှင့် ပေကျင်းမြို့၌လွန်ခဲ့သည့်သီတင်းပတ်က တွေ့ဆုံဆွေးနွေးခဲ့ရာ နှစ်နိုင်ငံမဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်တိုက်တွန်းခဲ့သည့်အပြင် ဆားဘီးယားနိုင်ငံ၏ အချုပ်အခြာအာဏာတည်တံ့မှု၊ နယ်မြေတည်တံ့မှုများကို ကာကွယ်စောင့်ရှောက်ရာတွင်လည်း ထောက်ခံအားပေးမည်ဖြစ်ကြောင်း သမ္မတရှီကျင့်ဖျင်က ကတိပြုခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



## ဟားမစ်အုပ်စုနှင့် စစ်ရေးပဋိပက္ခအခြေအနေကိုဆန်းစစ်ရန် အစ္စရေးဝန်ကြီးချုပ်က စစ်ကာလအစိုးရအဖွဲ့ အစည်းအဝေးပြုလုပ်



**ဂျေရုဆလင် အောက်တိုဘာ ၂၃**

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုသည် ယနေ့တွင် အစ္စရေးစစ်ဘက်ထိပ်တန်းဗိုလ်ချုပ်ကြီးများနှင့်တွေ့ဆုံခဲ့ပြီး စစ်ကာလအစိုးရအဖွဲ့အစည်းအဝေးကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဂါဇာကမ်းမြောင်အခြေစိုက် ဟားမစ်အုပ်စုနှင့် လက်ရှိဖြစ်ပွားဆဲစစ်ရေးပဋိပက္ခ အခြေအနေကို ဆန်းစစ်ရန် အစ္စရေးဝန်ကြီးချုပ်က ထိုကဲ့သို့ စစ်ကာလအစိုးရအဖွဲ့အစည်းအဝေး ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဂါဇာကမ်းမြောင်အခြေစိုက် ဟားမစ်အုပ်စုသည် အောက်တိုဘာ ၇ ရက်တွင် အစ္စရေးတောင်ပိုင်းမြို့များကို ဝင်တိုက်ခိုက်ခဲ့ပြီးနောက် အစ္စရေးနိုင်ငံကလည်း ယနေ့အချိန်ထိ ရက်သတ္တနှစ်ပတ်ကြာလေကြောင်း တိုက်ခိုက်မှုများဖြင့် တုံ့ပြန်ခဲ့သည်။

လက်ရှိအချိန်တွင် အစ္စရေးစစ်ဘက်သည် ဂါဇာကမ်းမြောင်အလယ်ပိုင်းနှင့် မြောက်ပိုင်းတို့ကို အဓိကထား တိုက်ခိုက်နေကြောင်း ပါလက်စတိုင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

တစ်ချိန်တည်းမှာပင် ဟားမစ်အုပ်စုကို ဖယ်ရှားရှင်းလင်းရန် မြေပြင်ထိုးစစ် စစ်ဆင်ရေးအတွက် အစ္စရေးတင့်ကားများနှင့်တပ်ဖွဲ့ဝင်များက ဂါဇာနယ်စပ်စည်းရိုးအနီး အင်အားစုစည်းနေကြောင်း သိရသည်။

အောက်တိုဘာ ၇ ရက်တွင် စတင်ခဲ့သည့် ရက်သတ္တနှစ်ပတ်ကြာ အစ္စရေး-ဟားမစ်စစ်ရေးပဋိပက္ခအတွင်း ပါလက်စတိုင်းဘက်တွင် အနည်းဆုံး လူဦးရေ ၄၆၀၀ သေဆုံးခဲ့ရပြီး အစ္စရေးဘက်တွင် လူဦးရေ ၁၄၀၀ သေဆုံးခဲ့ရကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## တတိယအကြိမ်အရေးပေါ်အကူအညီများ တင်ဆောင်လာသည့်ယာဉ်တန်း ရာဖာနယ်စပ်မှတစ်ဆင့် ဂါဇာကမ်းမြောင်သို့ဝင်ရောက်

**ကိုင်ရို အောက်တိုဘာ ၂၃**

ဂါဇာကမ်းမြောင်ဒေသအတွက် အရေးပေါ်အကူအညီများ သယ်ဆောင်ထားသည့် ကုန်တင်ယာဉ်တန်းသည် ယနေ့တွင် အီဂျစ်နိုင်ငံမှတစ်ဆင့် ရာဖာနယ်စပ်ဝင်ပေါက်ကို ဖြတ်ကျော်ဝင်ရောက်လာကြောင်း သိရသည်။

ဂါဇာကမ်းမြောင်ဒေသသို့ အရေးပေါ်အကူအညီများပေးပို့မှုကို အောက်တိုဘာ ၂၁ ရက်တွင် စတင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ဂါဇာဒေသနေပြည်သူများအတွက် တတိယအကြိမ်မြောက် အရေးပေါ်အကူအညီများ သယ်ဆောင်လာသည့် ကုန်တင်ယာဉ်တန်းသည် ရာဖာနယ်စပ်ဝင်ပေါက်ကို ဖြတ်သန်းဝင်ရောက်သွားပြီ ဖြစ်ကြောင်း လုံခြုံရေးသတင်းအရင်းအမြစ်များက ပြောကြားသည်။



ရာဖာနယ်စပ်ဝင်ပေါက်သည် အစ္စရေး၏ထိန်းချုပ်မှုအောက်တွင် မရှိသည့် တစ်ခုတည်းသော ဂါဇာကမ်းမြောင်ဝင်ပေါက်ထွက်ပေါက်ဖြစ်သည်။

ရာဖာနယ်စပ်ဝင်ပေါက်ကို ဖြတ်၍ ယနေ့တွင် ဂါဇာကမ်းမြောင်ဒေသတွင်း ဝင်ရောက်လာသည့် ကုန်ပစ္စည်းများ တင်ဆောင်ထားသောယာဉ်တန်းတွင် ကုန်တင်ယာဉ် ၁၄ စီး ပါဝင်သည်။

အစ္စရေးစစ်ဘက်၏ ထိုးစစ်များကြောင့် စားနပ်ရိက္ခာ၊ ရေနှင့် လောင်စာတို့ ရှားပါးပြတ်လပ်စပြုလာသည့် ဂါဇာကမ်းမြောင်ဒေသအတွက် နေ့စဉ်အရေးပေါ်အကူအညီတင်ကုန်တင်ယာဉ်အစီး ၁၀၀ ခန့် ဝင်ရောက်ရန်လိုအပ်သည်ဟု ကုလသမဂ္ဂက ခန့်မှန်းထားကြောင်း သိရသည်။

Ref : RT
Trs : KKO

## ဒီနီပရိုမြစ်ကို ဖြတ်ကူးရန်ကြိုးပမ်းသည့်ယူကရိန်းတပ်များကို ရုရှားတပ်များက တားဆီးနိုင်ခဲ့

**မော်စကို အောက်တိုဘာ ၂၃**

ယူကရိန်းတောင်ပိုင်း ခါဆန်ဒေသရှိ ဒီနီပရိုမြစ်ကိုဖြတ်ကူးရန် ယူကရိန်းတပ်များက အောက်တိုဘာ ၂၂ ရက်တွင် အကြိမ်ကြိမ်ကြိုးပမ်းခဲ့သော်လည်း ရုရှားတပ်များက တားဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဒီနီပရိုမြစ်အရှေ့ဘက်ကမ်းသို့ ဖြတ်ကူးရန် ကြိုးပမ်းခဲ့ကြသည့် ယူကရိန်းတပ်များနှင့်ရှေ့တန်းကင်းထောက်တပ်များကို ရုရှားတပ်များက တားဆီးနိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ယူကရိန်းတပ်များသည် ဒီနီပရိုမြစ်အနောက်ဘက်ကမ်း ကျေးရွာသုံးရွာအနီးမှတစ်ဆင့် မြစ်ကိုဖြတ်ကူးရန်ကြိုးပမ်းခဲ့ကြခြင်းဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ အဆိုအရ သိရသည်။

ထိုသို့ဖြတ်ကူးရန်ကြိုးပမ်းမှုများအတွင်း ရုရှားတပ်များက ယူကရိန်းတပ်ဖွဲ့ဝင်များ၏ မြစ်ဖြတ်ကူးရေးပစ္စည်းများနှင့်ယာဉ်များကိုဖျက်ဆီးနိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ရုရှားတပ်များသည် ပြီးခဲ့သည့်နှစ်ကုန်ပိုင်းအတွင်း ခါဆန်မြို့မှ ဆုတ်ခွာခဲ့ကြသော်လည်း ဒီနီပရိုမြစ်အရှေ့ဘက်ကမ်းထိသာ ဆုတ်ခွာပေးထားခြင်းဖြစ်ပြီး ခါဆန်မြို့ကို အရှေ့ဘက်ကမ်းမှ လက်နက်ကြီးများဖြင့် တိုက်ခိုက်နေဆဲဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## ဗွိုင်ယေဂျာအာကာသယာဉ်များ၏ ကွန်ပျူတာဆော့ဖ်ဝဲလ်စနစ်များကို နာဆာသိပ္ပံပညာရှင်များ အဆင့်မြှင့်တင်ပေးနိုင်ခဲ့



**ဝါရှင်တန် အောက်တိုဘာ ၂၃**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) သိပ္ပံပညာရှင်များသည် ဗွိုင်ယေဂျာအာကာသယာဉ်များ၏ ကွန်ပျူတာဆော့ဖ်ဝဲလ်စနစ်များကို အဆင့်မြှင့်တင်ပေးနိုင်ခဲ့ကြောင်း အောက်တိုဘာ ၂၂ ရက် သတင်းများအရ သိရသည်။

ကွန်ပျူတာဆော့ဖ်ဝဲလ်စနစ်များကို မြှင့်တင်ပေးထားခြင်းဖြင့် ဗွိုင်ယေဂျာအာကာသယာဉ်နှစ်စင်း၏ မစ်ရှင်သက်တမ်းကို ထပ်တိုးနိုင်ရန် နာဆာအဖွဲ့က မျှော်လင့်ထားကြောင်း သိရသည်။

နာဆာအဖွဲ့သည် ဗွိုင်ယေဂျာ-၁ နှင့် ဗွိုင်ယေဂျာ-၂ အာကာသယာဉ်များကို ၁၉၇၇ ခုနှစ်တွင် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆော့ဖ်ဝဲလ်မြှင့်တင်မှုများပြုလုပ်ခဲ့ပြီးနောက် ဗွိုင်ယေဂျာအာကာသယာဉ်များသည် အနည်းဆုံး နောက်နှစ် ၂၀ ခန့်ထိ စူးစမ်းလေ့လာရေးစနစ်တစ်ခုကို ဆက်လက်လည်ပတ်နိုင်ဖွယ်ရှိပြီး အချက်ပြလှိုင်းထုတ်လွှင့်မှုများကို ၂၀၃၆ ခုနှစ်ထိ ပြုလုပ်ပေးနိုင်ဖွယ်ရှိကြောင်း နာဆာသိပ္ပံပညာရှင်များက မျှော်လင့်ထားသည်။

ဗွိုင်ယေဂျာ-၁ အာကာသယာဉ်သည် တစ်နှစ်လျှင် အကွာအဝေး မိုင်သန်း ၃၂၀ နှုန်းဖြင့် ပျံသန်းလျက်ရှိပြီး လက်ရှိတွင် အောဖီးချုပ်နက္ခတ်တာရာနယ်မြေအနီး ရောက်ရှိနေပြီဖြစ်ကြောင်း၊ ဗွိုင်ယေဂျာ-၂ အာကာသယာဉ်ကမူ တစ်နှစ်လျှင် အကွာအဝေး မိုင်သန်း ၂၉၀ နှုန်းဖြင့် ပျံသန်းနေကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## ရှန်ကျိုး-၁၇ အာကာသလူသယ်ယာဉ်လွှတ်တင်ရေးအတွက် တရုတ်အမျိုးသားအာကာသအေဂျင်စီ ပြင်ဆင်နေ

**ပေကျင်း အောက်တိုဘာ ၂၃**

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် တီယန်ကောင်းအာကာသစခန်းဆီသို့ ရှန်ကျိုး-၁၇ အာကာသလူသယ်ယာဉ်ကို လွှတ်တင်ရေးအတွက် ပြင်ဆင်မှုများပြုလုပ်နေပြီဖြစ်ကြောင်း အောက်တိုဘာ ၂၂ ရက် သတင်းများအရ သိရသည်။

လွှတ်တင်ရေးအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ရှန်ကျိုး-၁၇ အာကာသလူသယ်ယာဉ်နှင့် လောင်းမတ်ချ်-၂ အက်ဖ်ဒုံးပျံတို့ကို တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ချိကွမ်းအာကာသစခန်းသို့ ပို့ဆောင်ထားကြောင်း သိရသည်။

ချိကွမ်းအာကာသစခန်း၌ မပစ်လွှတ်မီ ကြိုတင်စစ်ဆေးစမ်းသပ်မှုများပြုလုပ်မည်ဖြစ်ကြောင်း တရုတ်အမျိုးသားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။



တရုတ်နိုင်ငံသည် ရှန်ကျိုး-၁၇ အာကာသလူသယ်ယာဉ်ကို မကြာမီကာလအတွင်း လွှတ်တင်မည်ဖြစ်သော်လည်း လွှတ်တင်မည့်နေ့ရက်အတိအကျကို ကြေညာခြင်းမရှိသေးပေ။

သို့ရာတွင် ရှန်ကျိုး-၁၇ အာကာသလူသယ်ယာဉ်ကို အောက်တိုဘာ ၂၆ ရက်တွင် လွှတ်တင်ဖွယ်ရှိကြောင်း တရုတ်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ရှန်ကျိုး-၁၇ အာကာသလူသယ်ယာဉ်နှင့်အတူ တရုတ်အာကာသယာဉ်မှူး သုံးဦး လိုက်ပါမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## ပင်လယ်ရေအောက် နျူထရီနိုစွမ်းအင်မှုန်ထောက်လှမ်းရေးအတွက် တယ်လီစကုပ်စနစ်တစ်ခု တရုတ်သိပ္ပံပညာရှင်များ တည်ဆောက်နေ

**ပေကျင်း အောက်တိုဘာ ၂၃**

တရုတ်နိုင်ငံမှ သိပ္ပံပညာရှင်များသည် ကမ္ဘာ့အကြီးဆုံး ပင်လယ်ရေအောက် နျူထရီနိုစွမ်းအင်မှုန် ထောက်လှမ်းရေးအတွက် တယ်လီစကုပ်စနစ်တစ်ခုကို စတင်တည်ဆောက်နေကြောင်း အောက်တိုဘာ ၂၂ ရက်သတင်းများအရ သိရသည်။

ထရိုင်းဒင့်ဟူ၍ အမည်ပေးထားသည့် အဆိုပါပင်လယ်ရေအောက်နျူထရီနိုတယ်လီစကုပ်စနစ်သည် သမုဒ္ဒရာရေမျက်နှာပြင်အောက် အနက်မီတာ ၃၅၀၀ တွင် တည်ရှိမည်ဖြစ်ကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

ထရိုင်းဒင့် နျူထရီနိုတယ်လီစကုပ်ကို တရုတ်သိပ္ပံပညာရှင်များက အနောက်ပစိဖိတ်သမုဒ္ဒရာဒေသ၌ တည်ဆောက်နေခြင်းဖြစ်သည်။

အဆိုပါ ပင်လယ်ရေအောက် နျူထရီနို တယ်လီစကုပ်စနစ်ကို ၂၀၃၀ ပြည့်နှစ်တွင် အပြီးတည်ဆောက်ရန် တရုတ်သိပ္ပံပညာရှင်များက စီစဉ်ထားသည်။

နျူထရီနိုစွမ်းအင်မှုန်များသည် စကြာဝဠာအတွင်း၌ ဖိုတွန်အလင်းစွမ်းအင်မှုန်များပြီးလျှင် ဒုတိယအများဆုံး အက်တမ်အောက်စွမ်းအင်မှုန်များဖြစ်ကြသည်။

သို့ရာတွင် နျူထရီနိုအမှုန်များမှာ အခြားဒြပ်ထုများနှင့် အပြန်အလှန်ဓာတ်တုံ့ပြန်မှုနည်းပါးလွန်းမှုကြောင့် ၎င်းတို့ကို ထောက်လှမ်းနိုင်ရန်ခက်ခဲကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## အနီရောင်အသား အစားများမှုက ပုံစံ-၂ ဆီးချိုဖြစ်နိုင်ခြေမြင့်မားမှုနှင့်ဆက်စပ်နေ

**နယူးယောက် အောက်တိုဘာ ၂၃**

သီတင်းတစ်ပတ်လျှင် အနီရောင်အသားများကို တစ်ပန်းကန်အထက်စားသုံးမှုသည် ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ မြင့်မားမှုနှင့် ဆက်စပ်နေကြောင်း အောက်တိုဘာ ၂၂ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ် ဘီအိတ်ချ်ချန်ဆေးကျောင်းမှ သုတေသနပညာရှင်များသည် လူဦးရေ ၂၀၀၀၀၀ ကျော်တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာခဲ့ကြသည်။

လေ့လာမှုမှပေါ်ထွက်လာသောရလဒ်များအရ အနီရောင်အသားအစားများသူများ၌ ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေမြင့်မားနေသည်ကို တွေ့ရကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အနီရောင်အသားကို သီတင်းတစ်ပတ်လျှင် တစ်ပန်းကန်အထက်စားသုံးသူများသည် အနည်းဆုံးစားသုံးသူများထက် ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ ၆၂ ရာခိုင်နှုန်း ပို၍မြင့်မားကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် အနီရောင်အသားစားသုံးမှုကို လျှော့ချလိုက်ပါက ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေကိုလည်း လျှော့ချနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အနီရောင်အသားနေရာတွင် အစေ့အဆန်များနှင့် ပဲအမျိုးမျိုး အစားထိုး စားသုံးပါက ပုံစံ-၂ဆီးချိုရောဂါဖြစ်နိုင်ခြေကို ၃၀ ရာခိုင်နှုန်းထိလျှော့ချနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**
**Trs : KKO**

## ကိုဗစ်ရောဂါလက္ခဏာ ရေရှည်ခံစားရသူများ၌ ဆာရိုတိုနင်ဟော်မုန်းပေါ်ထွက်မှုအဆင့် ကျဆင်းတတ်

**နယူးယောက် အောက်တိုဘာ ၂၃**

ကိုဗစ်ရောဂါ ကူးစက်ခံခဲ့ရပြီးနောက် ရောဂါလက္ခဏာများကို ရေရှည်ခံစားကြရသူများ၌ ဆာရိုတိုနင်(Serotonin)ဟော်မုန်းတစ်မျိုး ပေါ်ထွက်မှုအဆင့် ကျဆင်းလာတတ်ကြောင်း အောက်တိုဘာ ၂၂ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ပင်ဆယ်ဗေးနီးယားပြည်နယ်မှ သုတေသနပညာရှင်များသည် ကိုဗစ်ရောဂါလက္ခဏာ ရေရှည်ခံစားကြရသူများ၏ သွေးအတွင်းအကျိုးသက်ရောက်မှုများကို ဖော်ထုတ်ရန် လက်တွေ့စမ်းသပ်မှုများမှရရှိသည့် အချက်အလက်များကို လေ့လာစိစစ်ခဲ့ကြသည်။

လေ့လာချက်မှ ထွက်ပေါ်လာသောရလဒ်များအရ ကိုဗစ်ရောဂါလက္ခဏာရေရှည်ခံစားကြရသူများတွင် ဆာရိုတိုနင်ဟော်မုန်းပေါ်ထွက်မှု ကျဆင်းလာတတ်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဆာရိုတိုနင် ဟော်မုန်းသည် ဦးနှောက်နှင့် ကိုယ်တွင်းရှိ အာရုံနှာ့ဗ်ဆဲလ်များကြား သတင်းစကားများပေးပို့သည့် အရေးကြီးသော ဟော်မုန်းတစ်မျိုးဖြစ်သည်။

ကိုဗစ်ရောဂါ ကူးစက်ခံခဲ့ရပြီးနောက် လူနာများ၏အစာခြေလမ်းကြောင်းစနစ်အတွင်း ဗိုင်းရပ်အကြွင်းအကျန်များ ကျန်ရစ်နေတတ်သည်ဖြစ်ရာ ၎င်းလူနာများအနေဖြင့် ကိုဗစ်ရောဂါလက္ခဏာများကို ရေရှည်ခံစားရနိုင်ကြောင်း သိရသည်။

ကိုဗစ်ရောဂါလက္ခဏာရေရှည်ခံစားရမှုများကြောင့် ဆာရိုတိုနင်ဟော်မုန်းအဆင့်ကျခဲ့ပါက မောပန်းနွမ်းနယ်ခြင်း၊ ဦးနှောက်ရှုပ်ထွေးခြင်း၊ မှတ်ဉာဏ်ပျောက်ဆုံးခြင်းစသည့်လက္ခဏာများ ပေါ်လာနိုင်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



နိုင်ငံတကာ

# အားကစားသတင်းများ

## မွန်ဇာအသင်းနှင့်ပွဲစဉ်တွင် ရိုးမားအသင်း နည်းပြမော်ရင်ဟို အနီကတ်ပြထုတ်ပယ်ခံရ

**ရောမ အောက်တိုဘာ ၂၃**

ရိုးမားအသင်းနှင့်မွန်ဇာအသင်းတို့ပွဲစဉ်တွင် နည်းပြမော်ရင်ဟိုက မွန်ဇာအသင်းနည်းပြအဖွဲ့ဝင်များကို ငိုနေသည့်အမူအရာလုပ်ပြခဲ့မှုကြောင့် ကွင်းလယ်ဒိုင်ကတိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခဲ့ကြောင်း သိရသည်။

မွန်ဇာအသင်းနှင့် ပွဲစဉ်တွင် နည်းပြမော်ရင်ဟို၏ ရိုးမားအသင်းသည် တစ်ယောက်အသာဖြင့် ကစားနေရသော်လည်းဦးဆောင်ဂိုးရရှိရန် ခက်ခဲနေပြီးပွဲချိန် မိနစ် ၉၀ တွင် ရှက်ရယ်ကဦးဆောင်ဂိုးသွင်းယူပေးခဲ့သောကြောင့် တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နေချိန်တွင် မွန်ဇာအသင်း နည်းပြအဖွဲ့များကို မော်ရင်ဟိုက ငိုနေသည်ကိုယ်ဟန်အမူအရာပုံစံမျိုး လုပ်ပြခဲ့ရာ ကွင်းလယ်ဒိုင်က တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ မော်ရင်ဟိုက "ကျွန်တော့်အနေနဲ့ သတ်မှတ်နေရာပဲရှိနေပြီးဘာစကား တစ်ခွန်းမှမပြောပဲ ကိုယ်ဟန်အမူအရာပဲ လုပ်ခဲ့တာပါ။ ဘာကြောင့်အနီကတ်ပြသခံရလဲဆိုတာ အခုထိနားမလည်သေးပါဘူး"ဟု ပြောကြားခဲ့သည်။

လက်ရှိတွင် နည်းပြမော်ရင်ဟိုသည် အနီကတ်ပြစ်ဒဏ်ကြောင့် လာမည့် အင်တာမီလန်အသင်းနှင့် ကစားရမည့် အမှတ်ပေးပွဲစဉ်ကို လွဲချော်မည်ဖြစ်သော်လည်း ရာသီအစကတည်းက ရလဒ်ပိုင်းကျဆင်းနေသည့်အသင်းအနေဖြင့် အခုပွဲစဉ်ကို နိုင်ပွဲရရှိခဲ့သဖြင့် သုံးပွဲဆက်နိုင်ပွဲရခဲ့ပြီး အမှတ်ပေးဇယား အဆင့်(၆)သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

Ref : RT
Trs : ML




## ပရိသတ်များက မီးရှူးမီးပန်းများဖြင့် ပစ်ပေါက်မှုကြောင့် အိုလံပီယာကို့စ်နှင့် ပါနာသီနာကို့စ်အသင်းပွဲစဉ်ကို ရပ်ဆိုင်းခဲ့ရ



**အေသင် အောက်တိုဘာ ၂၃**

ဂရိစူပါလိဂ်ပွဲစဉ်အဖြစ် အောက်တိုဘာ ၂၂ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် အိုလံပီယာကို့စ်အသင်းနှင့် ပါနာသီနာကို့စ်အသင်းတို့ပွဲစဉ်တွင် ပရိသတ်များ၏ မီးရှူးမီးပန်းများဖြင့် ပစ်ပေါက်မှုကြောင့် ကစားသမားတစ်ဦး ထိခိုက်ခဲ့သည့်အတွက် ပွဲစဉ်ကို ရပ်ဆိုင်းခဲ့ရကြောင်း သိရသည်။

ဂရိထိပ်သီးအသင်း နှစ်သင်းဖြစ်ပြီး ခါးသီးသည့်ပြိုင်ဘက်အသင်းများဖြစ်သည့် အိုလံပီယာကို့စ်အသင်းနှင့် ပါနာသီနာကို့စ်အသင်းတို့ပွဲစဉ်တွင် ပွဲချိန် ၂၈ မိနစ်တွင် ဂျော်ဂျီက ပါနာသီနာကို့စ်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး ပထမပိုင်းတွင် ပါနာသီနာကို့စ်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ရာ ပွဲချိန် ၄၈ မိနစ်တွင် ကာမာရာက အိုလံပီယာကို့စ်အသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့ပြီး နှစ်မိနစ်အကြာ မိနစ် ၅၀ ခန့်တွင် ပါနာသီနာကို့စ်အသင်းမှကစားသမားတစ်ဦး လူစားဝင်မကစားမီ ကွင်းဘေး၌ သွေးပူလေ့ကျင့်ခန်းပြုလုပ်နေစဉ် အိမ်ရှင် အိုလံပီယာကို့စ်အသင်း ပရိသတ်များက ကွင်းအတွင်း မီးရှူးမီးပန်းများဖြင့် ပစ်ပေါက်ခဲ့ရာ သွေးပူလေ့ကျင့်ခန်းပြုလုပ်နေသည့် ပါနာသီနာကို့စ်အသင်းမှ ဟွန်ကာကိုထိမှန်ခဲ့ပြီး ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ထို့နောက် ကွင်းလယ်ဒိုင်လူကြီးက ပွဲချိန် မိနစ် ၆၀ ထိစောင့်ဆိုင်းပြီး ပရိသတ်များ၏အခြေအနေကို စောင့်ကြည့်နေချိန်တွင် ပါနာသီနာကို့စ်အသင်း ကစားသမားများက ဆက်လက်ကစားတော့မည်မဟုတ်ဘဲ ကွင်းအတွင်းမှထွက်ခွာမည်ဟု အသိပေးခဲ့သည့်အတွက် ကွင်းလယ်ဒိုင်လူကြီးက ပွဲကိုရပ်ဆိုင်းရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : STA

## စတော့ဟုမ်းအိုးပင်းတင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို မွန်ဖီးလ် ဆွတ်ခူးရရှိ

**စတော့ဟုမ်း အောက်တိုဘာ ၂၃**

ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့တွင် ကျင်းပခဲ့သည့် စတော့ဟုမ်းအိုးပင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ပြင်သစ်တင်းနစ် ကစားသမား မွန်ဖီးလ်နှင့် ရုရှားတင်းနစ်ကစားသမားကိုတို့ဖ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ မွန်ဖီးလ်က (၄-၆ ၊ ၇-၆ ၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးရရှိခဲ့သည်။

မွန်ဖီးလ်အနေဖြင့် ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း ပထမဆုံးသော ATP Tour ချန်ပီယံဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း အသက် ၃၇ နှစ်နှင့်အထက် ကစားသမားများအနက် ATP Tour ချန်ပီယံဆုဖလားကို ဆွတ်ခူးနိုင်ခဲ့သည့် စတုတ္ထမြောက် ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်သွားခဲ့သည်။

မွန်ဖီးလ်က "ဗိုလ်လုပွဲစဉ်နဲ့ ပတ်သက်ပြီး ကိုတို့ဖ်ကိုချီးကျူးမိတယ်။ ကိုတို့ဖ်ကစားသွားတာ အရမ်းကောင်းတယ်။ ပထမပွဲငယ်ကနေစတင်ပြီးတော့ ကျွန်တော့်ကို တောက်လျှောက် ဖိအားပေးခဲ့တယ်။ သူဖိအားပေးခဲ့လို့လဲ ကျွန်တော့်အနေနဲ့ ပွဲအပေါ်မှာ ပိုပြီးတော့ အာရုံစိုက်ခဲ့တယ်။ စတော့ဟုမ်းမှာ အကောင်းဆုံး လက်စွမ်းပြခဲ့သူကို ပြောပါဆိုရင်တော့ ကိုတို့ဖ်ပါပဲ။ ကိုတို့ဖ်ကလဲ ချန်ပီယံဆုနဲ့ထိုက်တန်တဲ့ ကစားသမားတစ်ယောက် ဖြစ်ပါတယ်။ နောက်ကနေ လိုက်ကစားခဲ့ရတဲ့




အခြေအနေမျိုးမှာအနိုင်ရလဒ်ကိုပါ စွမ်းဆောင်နိုင်ခဲ့တဲ့ ကိုယ့်ကိုယ်ကိုယ်လဲ မယုံကြည်နိုင်အောင်ဖြစ်မိပါတယ်။အောင်မြင်မှုတွေနဲ့ဝေးကွာတာကြာပြီဖြစ်တဲ့ ကျွန်တော့်အတွက် ဒီဆုဖလားဟာ အရမ်းအဓိပ္ပာယ်ရှိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik
Trs : AZL

## ချန်ပီယံလိဂ်အုပ်စုအဆင့် ပွဲစဉ်ဇယား

| ရက်စွဲ | အချိန် | အသင်း |
|---|---|---|
| ၂၅-၁၀-၂၀၂၃ | နံနက် ၀၁:၃၀ နာရီ | မန်ယူ - ကိုပင်ဟေဂင် |
| ။ | ။ | လန်း - ပီအက်စ်ဗွီ |
| ။ | ။ | ဆီဗီလာ - အာဆင်နယ် |
| ။ | ။ | ဘရာဂါ - ရီးရဲလ်မက်ဒရစ် |
| ။ | ။ | ယူနီယံဘာလင် - နာပိုလီ |
| ။ | ။ | ဘင်ဖီကာ - ဆိုစီဒက် |

## အားကစားသတင်း အတိုအထွာများ

- ဂျီရိုနာအသင်းတွင်းအငှားလာရောက်ကစားနေသည့် တိုက်စစ်ကစားသမားဆာဗီအိုကမိမိအနေဖြင့် တစ်နေ့နေ့တစ်ချိန်ချိန်တွင် ပရီးမီးယားလိဂ်ကလပ်မန်စီးတီးအသင်းတွင် ကစားနိုင်ရန် မျှော်လင့်ထားကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- ပရီးမီးယားလိဂ်တွင်ကစားနေသည့် လန်ဒန်မြို့ခံအသင်းများကို စူပါကွန်ပျူတာက တွက်ချက်မှုပြုလုပ်ခဲ့ရာတွင် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအကုန်တွင် အာဆင်နယ်နှင့် စပါးအသင်းတို့သာ အဆင့်(၄)အတွင်း ဝင်ရောက်မည်ဖြစ်ပြီး ချဲလ်ဆီးအသင်းနှင့် ဝက်စ်ဟမ်းအသင်းအပါအဝင် ကျန်အသင်းသုံးသင်းမှာ အဆင့်(၇)ပြင်ပတွင်ရောက်ရှိမည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

ML

## ဂျူဗင်တပ်အသင်းက ကွင်းလယ်ကစားသမား လိုကာတယ်လီကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ကမ်းလှမ်းမှုပြုလုပ်

**ရောမ အောက်တိုဘာ ၂၃**

ဂျူဗင်တပ်အသင်းသည် အေစီမီလန်အသင်းကို အနိုင်ဂိုးသွင်းယူပေးခဲ့သည့် ကွင်းလယ်ကစားသမား လိုကာတယ်လီကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ကမ်းလှမ်းမှုပြုလုပ်ခဲ့ရာ ပုဂ္ဂိုလ်ရေးသဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

ကွင်းလယ်ကစားသမား လိုကာတယ်လီသည် အသင်းနှင့်လာမည့် ၂၀၂၆ ခုနှစ်မှ စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း ၎င်းအနေဖြင့် နည်းပြအယ်လီဂရီနီ၏ ကစားကွက်ပိုင်းတွင် အဓိကကစားသမားအဖြစ်ပါဝင်ကာ အသင်းအတွက် ပြိုင်ပွဲစုံတွင်သွင်းဂိုးလေးဂိုးနှင့် ဂိုးဖန်တီးမှုတစ်ကြိမ်ပြုလုပ်နိုင်ခဲ့သည်။

လက်ရှိ အသင်းတာဝန်ရှိသူများက လိုကာတယ်လီကို ယခုရရှိနေသည့် တစ်ပတ်လုပ်ခယူရို ၁၀၆၉၂၃ ထက်တိုးမြှင့်၍ လာမည့် ၂၀၂၇ ခုနှစ်ထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ကမ်းလှမ်းမှုပြုလုပ်ခဲ့ရာ ကစားသမားနှင့် သဘောတူညီမှုရရှိခဲ့သဖြင့် လာမည့်ရက်ပိုင်းအတွင်း အပြီးသတ်စာချုပ် ချုပ်နိုင်မည်ဟု ယုံကြည်နေကြောင်း သိရသည်။

အသက် ၂၅ နှစ်ရှိ ကွင်းလယ်ကစားသမား လိုကာတယ်လီသည် ပရော်ဖက်ရှင်နယ် ကစားသမားဘဝကို အေစီမီလန်အသင်းနှင့် စတင်ခဲ့ပြီးနောက် ၂၀၁၈ ခုနှစ်တွင် ဆက်ဆူအိုလိုအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးအသင်းတွင် ခြေစွမ်းပြသနိုင်ခဲ့သဖြင့် ၂၀၂၁ ခုနှစ်တွင် ဂျူဗင်တပ်အသင်းသို့ ကနဦးအငှားစာချုပ်ဖြင့်ရောက်ရှိခဲ့ကာ စာချုပ်ကုန်ဆုံးချိန်တွင် အပြီးသတ်ပြောင်းရွှေ့ခဲ့ပြီးနောက် အသင်းကိုရလဒ်ကောင်းများရရှိအောင် ပါဝင်ကူညီနိုင်ခဲ့သည့်အပြင် ယနေ့ယှဉ်ပြိုင်ကစားခဲ့သည့် အမှတ်ပေးပွဲစဉ်တွင်လည်း အသင်းအတွက် အနိုင်ဂိုးသွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။

Ref : RT
Trs : ML

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၇)တွင် ဟံသာဝတီယူနိုက်တက်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့်အနိုင်ရရှိ

**ရန်ကုန် အောက်တိုဘာ ၂၃**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၇)အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းတွင် ဟံသာဝတီ ယူနိုက်တက်အသင်းနှင့် ရခိုင် ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင် ကစားခဲ့ရာ ဟံသာဝတီယူနိုက်တက် အသင်းက ရခိုင်ယူနိုက်တက်အသင်း ကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ ကြောင်း သိရသည်။



အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံး ခြေစွမ်းပိုင်း ကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန် တိုက်စစ်ဆင်မှုများ ဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် မိနစ် ၂၀ တွင် ပင်နယ်တီမှတစ်ဆင့် ထရာအိုရေးက ရခိုင်ယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့ပြီး ပွဲချိန် ၂၉ မိနစ် တွင် ဇင်မင်းထွန်းက ပင်နယ်တီ မှတစ်ဆင့် ချေပဂိုးနှင့် ပွဲချိန် ၃၇ မိနစ်တွင် အောင်မြတ်သူက ဟံသာ ဝတီ ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သော် လည်း ပွဲချိန် ၄၁ မိနစ်တွင် သန်းကျော်ဌေးက ရခိုင်ယူနိုက်တက် အသင်းအတွက် ချေပဂိုးပြန်လည် သွင်းယူပေးနိုင်ခဲ့သဖြင့် ပထမပိုင်း အပြီးတွင် တစ်ဖက် နှစ်ဂိုးစီသရေ ရလဒ်ထွက်ပေါ်ခဲ့သည်။

ဒုတိယပိုင်းတွင်လည်း နှစ်သင်း စလုံးအနိုင်ဂိုးများအတွက် တိုက်စစ် ဆင်ဖိအားပေးကစားခဲ့ရာမှ ပွဲချိန် ၈၅ မိနစ်အရောက်တွင် အာကာက ဟံသာဝတီယူနိုက်တက် အသင်း အတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ သဖြင့် ပွဲပြီးဆုံးချိန်တွင် ဟံသာဝတီ ယူနိုက်တက်အသင်းက ရခိုင် ယူနိုက်တက်အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**STA**

# ဘာစီလိုနာနှင့်ပွဲဦးထွက်တွင် အသက်အငယ်ဆုံး ဂိုးသွင်းသူအဖြစ် ဂူယူ မှတ်တမ်းဝင်

**မက်ဒရစ် အောက်တိုဘာ ၂၃**

ဘာစီလိုနာအသင်းနှင့်ဘီလ်ဘာ အိုအသင်းသို့ ကစားခဲ့သည့် ပွဲစဉ်တွင် ဘာစီလိုနာအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး အသင်းအတွက် အနိုင်ဂိုးသွင်းယူ ပေးခဲ့သည့် လူငယ်ကစားသမား ဂူယူမှာ ဘာစီလိုနာအသင်း သမိုင်းတွင် ၂၁ ရာစုအတွင်း လာလီဂါကစားသမား ဘဝပထမဆုံး ပွဲမှာပင် ဂိုးသွင်းယူနိုင်သည့် အသက်အငယ်ဆုံး ကစားသမား အဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ဘာစီလိုနာ အသင်းတွင် အသက်အငယ်ဆုံး ပွဲထွက်ခွင့်ရရှိ ခဲ့သည့် ကစားသမားသမားရှိ သော်လည်း ပထမဆုံးပွဲစဉ်တွင် ဂိုးသွင်းယူနိုင်သည့် ကစားသမား မရှိသေးသဖြင့် ဘီလ်ဘာအိုအသင်း နှင့်ပွဲစဉ်တွင် ပွဲကစားချိန် ၇၉ မိနစ် တွင် လူစားလဲဝင်ရောက်လာသည့် လူငယ်တိုက်စစ်မှူး ဂူယူက ဂိုးသွင်းယူနိုင်ခဲ့ပြီး ၎င်းဂိုးသွင်းယူ သည့်အချိန်တွင် ၁၇ နှစ် ၂၉၁ ရက်သာရှိသေးသဖြင့် ကစားသမား ဘဝ ပထမဆုံးပွဲ၌ ဘာစီလိုနာ အသင်းတွင် ဂိုးသွင်းယူနိုင်သည့် အသက်ငယ်ဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

နည်းပြဇာဗီသည် ယခုနှစ် ဘောလုံးရာသီတွင် လူငယ်အသင်း မှကစားသမားဖြစ်သည့် တိုက်စစ်မှူး ဖာမင်လိုပက်ဇ်နှင့် ယာမယ်တို့ကို ခေါ်ယူခဲ့ပြီးနောက် လက်ရှိအသင်း တွင် အဓိကတိုက်စစ်မှူး လီဝမ် ဒေါ်စကီး ဒဏ်ရာကြောင့်အနားယူ နေရသဖြင့် လူငယ်တိုက်စစ်မှူး ဂူယူကိုပါ ထပ်မံခေါ်ယူခဲ့ပြီး ယခုပွဲစဉ်တွင် ထည့်သွင်းအသုံးပြု ခဲ့ရာ ၎င်းအနေဖြင့်ခြေစွမ်းပြသ၍ အသင်းအတွက် အနိုင်သုံးမှတ်ရယူ ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**



# ဗင်နီစီးယက်စ်အား လူမျိုးရေးခွဲခြားခဲ့သည့် ပရိသတ်တစ်ဦးကို ဆီဗီလာအသင်းက ကွင်းအတွင်းမှချက်ချင်းမောင်းထုတ်ခဲ့

**မက်ဒရစ် အောက်တိုဘာ ၂၃**

စပိန်လာလီဂါ ပွဲစဉ်အဖြစ် ကစားခဲ့သည့် ဆီဗီလာအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ ပွဲစဉ် တွင် ရီးရဲလ်မက်ဒရစ်အသင်း တိုက်စစ်မှူး ဗင်နီစီးယက်စ်ကို လူမျိုးရေးခွဲခြားမှုများပြုလုပ်ခဲ့သည့် ပရိသတ်တစ်ဦးကို ဆီဗီလာအသင်း တာဝန်ရှိသူများက ကွင်းအတွင်းမှ ချက်ချင်း မောင်းထုတ်ခဲ့ကြောင်း သိရသည်။

စပိန်လာလီဂါပွဲစဉ်(၉)အဖြစ် အောက်တိုဘာ ၂၁ ရက်က ကစား ခဲ့သည့် ဆီဗီလာအသင်းနှင့် ရီးရဲလ် မက်ဒရစ်အသင်းတို့ပွဲစဉ်တွင် ဆီဗီ လာအသင်းပရိသတ်များက ဗင်နီး စီးယက်စ်ကို အော်ဟစ်လှောင် ပြောင်မှုများ ပြုလုပ်ခဲ့ကြသည့် အပြင် ဆီဗီလာအသင်းပရိသတ် တစ်ဦးက ဗင်နီစီးယက်စ်ကိုရည်ရွယ် ပြီး မျောက်ပုံသဏ္ဌာန်ပြုလုပ်ကာ လူမျိုးရေးခွဲခြားမှုများပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါဖြစ်ရပ်အတွက် ဆီဗီလာ အသင်းတာဝန်ရှိသူများက လုံခြုံရေး များကိုအကြောင်းကြားပြီး ဗင်နီစီး ယက်စ်ကို အမူအယာဖြင့်လူမျိုးရေး ခွဲခြားခဲ့သည့် အသင်းပရိသတ် တစ်ဦးကို ကွင်းအတွင်းမှ ချက်ချင်း ဆွဲထုတ်ပြီး ကွင်းပြင်ပသို့ထွက်ခွာ စေခဲ့ခြင်းဖြစ်သည်။

အဆိုပါလုပ်ရပ်အတွက်လည်း ဗင်နီစီးယက်စ်က ဆီဗီလာအသင်း တာဝန်ရှိသူများကို ကျေးဇူးတင် စကားပြောကြားခဲ့ပြီး ဆီဗီလာ အသင်းပရိသတ်၏ လုပ်ရပ်အတွက် လည်း ရှုတ်ချကြောင်း ၎င်း၏ အင်စတာဂရမ် စာမျက်နှာတွင် ရေးသားခဲ့သည်။

ဗင်နီစီးယက်စ်သည် စပိန် လာလီဂါပြိုင်ပွဲတွင် ပရိသတ်များ၏ ပစ်မှတ်ထားလူမျိုးရေးခွဲခြားမှုများ ကြုံတွေ့နေရပြီး ပြီးခဲ့သည့်ဘောလုံး ရာသီကလည်း ဗလင်စီယာအသင်း နှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ပွဲစဉ် တွင် ဗန်နီစီးယက်စ်ကို ဗလင်စီယာ အသင်းပရိသတ်များ ပြင်းပြင်း ထန်ထန် လူမျိုးရေးခွဲခြားမှုများ ပြုလုပ်ခဲ့သည့်အတွက် ရှုန်းရင်း ဆန်ခတ် ဖြစ်ပွားခဲ့ရကြောင်း သိရသည်။

**Ref : Xinhua**
**Trs : STA**

# Dominion Energy Charity Classic

# ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ဖရေဇာ ဆွတ်ခူးရရှိ



**ဝါရှင်တန် အောက်တိုဘာ ၂၃**

အမေရိကန်နိုင်ငံ ဗာဂျီးနီးယား ပြည်နယ် ဟန်ရီကိုမြို့တွင် ကျင်းပခဲ့ သည့် Dominion Energy Charity Classic ဂေါက်သီးရိုက် ပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီး ရိုက်ကစားသမား ဖရေဇာက ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း သိရသည်။

ဖရေဇာသည် နောက်ဆုံးနေ့ အပြီးတွင် ဩစတြေးလျဂေါက်သီး ရိုက်ကစားသမား ရောဘတ်ဂရင်း နှင့်အတူ စုစုပေါင်းသတ်မှတ်ရိုက် ချက်ထက် ၁၀ ချက်စီလျှော့ရိုက်ကာ အမှတ်ပေးဇယားကိုပူးတွဲဦးဆောင် နိုင်ခဲ့သဖြင့် ချန်ပီယံဆုအဆုံး အဖြတ်အတွက် Play-off အဆင့် ဆက်လက် ယှဉ်ပြိုင်ကစားခဲ့ရာ ဖရေဇာကအနိုင်ရရှိကာ ကစား သမားဘဝ သက်တမ်းတစ်လျှောက် ပထမဦးဆုံးသော PGA Tour Championships ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဖရေဇာက "ကစားသမားဘဝ သက်တမ်းတစ်လျှောက် ပထမ ဦးဆုံး PGA Tour Champion-ships ဆုဖလားကိုဆွတ်ခူးနိုင်ခဲ့တာ ကျွန်တော့်အတွက်တော့ တစ်ခါမှ မကြုံဖူးသေးတဲ့ ခံစားမှုမျိုးခံစား နေရသလို ကျွန်တော့်ဘဝရဲ့ စိတ်လှုပ်ရှားစရာ အကောင်းဆုံး အခိုက်အတန့်နဲ့ ကြုံတွေ့နေရ တယ်လို့ပြောရင်လဲ မမှားပါဘူး။ ကျွန်တော့်အနေနဲ့ ပြိုင်ပွဲအတွင်း အတက်အကျတွေ မြန်ဆန်ခဲ့တဲ့ အတွက်ကြောင့် အရမ်းပင်ပန်းခဲ့ ပေမဲ့ အဆုံးသတ်မှာချန်ပီယံဆု ကို ဆွတ်ခူးနိုင်ခဲ့တဲ့အတွက်ကြောင့် ပင်ပန်းတာတွေအားလုံး မေ့သွား ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# ဂျို့ရှ်တေလာနှင့် ကက်တာအောတို့ မကျေပွဲစဉ်ထိုးသတ်ရန် ပြင်ဆင်

**ပနားမား အောက်တိုဘာ ၂၃**

WBA(Super)၊ WBC၊ IBF၊ WBO လိုက်ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံ စကော့တလန် လက်ဝှေ့သမား ဂျို့ရှ်တေလာ နှင့် WBA Inter-Continental လိုက်ဝယ်သာဝိတ်တန်း ချန်ပီယံ အင်္ဂလန်လက်ဝှေ့သမား ကက်တာ အောတို့သည် မကျေပွဲထိုးသတ်ရန် ပြင်ဆင်နေကြောင်း ကက်တာအော ၏ Promoter ဖြစ်သူအက်ဒီဟန်းက ယနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

အက်ဒီဟန်းက အဆိုပါ မကျေပွဲစဉ်အား စကော့တလန် နိုင်ငံ ဂလက်စကိုမြို့ သို့မဟုတ် အင်္ဂလန်နိုင်ငံမန်ချက်စတာမြို့တွင် ကျင်းပရန် စီစဉ်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ဂျို့ရှ်တေလာနှင့်ကက်တာအော တို့သည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် စကော့တလန်နိုင်ငံ ဂလက်စကိုမြို့တွင် ထိုးသတ်ခဲ့ရာ ဂျို့ရှ်တေလာကအမှတ်ဖြင့် အနိုင် ရရှိခဲ့ရာ ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းမဟုတ်သည့်အတွက် ကက်တာအောနှင့် မကျေပွဲစဉ် ထိုးသတ်သွားမည်ဆိုပါက ခက်ခဲ ဖွယ်ရှိနေသည်။

ကက်တာအောကို ဂျို့ရှ်တေလာ နှင့် မကျေပွဲစဉ်ထိုးသတ်သွားရန် အတွက် ပွဲစီစဉ်ပေးသွားမည်ဖြစ် ကြောင်းကို အက်ဒီဟန်းက "ဂျို့ရှ်တေ လာနဲ့ ကက်တာအောတို့ဟာ တစ်ဦးကိုတစ်ဦး လွတ်လွတ် ကင်းကင်းရပ်တည်နိုင်တဲ့ လက်ဝှေ့ သမားတွေမဟုတ်ပါဘူး။ တစ်ဦး အပေါ် တစ်ဦးမှီခိုနေရတဲ့ လက်ဝှေ့ သမားတွေဖြစ်တဲ့အတွက်ကြောင့် မကျေပွဲစဉ်ဟာမဖြစ်မနေကိုဖြစ်လာ ပါလိမ့်မယ်။ ပထမစိန်ခေါ်ပွဲစဉ် တုန်းက အငြင်းပွားဖွယ်ရာပြဿနာ တွေဖြစ်ပေါ်ခဲ့ပါတယ်။ အခုမကျေ ပွဲစဉ် ထိုးသတ်သွားဖို့အတွက် အမြန်ဆုံး စီစဉ်ပေးသွားမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# ယနေ့

မြင်းခြံကျော်အောင်

ယနေ့ ယနေ့ဆိုတဲ့ ယနေ့တွေကို သင် နိုင်ပါစေ။ အဲဒါကို ဂရုစိုက်ပါ။ ရက်တွေကို သင် နိုင်ပါစေ။ အဲဒါကိုလဲ ဂရုစိုက်ပါ။ အဲဒီလိုဆိုရင် လဆိုတဲ့ ကာလဟာ သင့်ကိုမည်မည်ရရ ဒုက္ခပေးမှာ မဟုတ်ပါဘူး။ လတိုင်းကိုဂရုစိုက်ပြီး သင်နိုင်သွားရင် တစ်နှစ်ဆိုတဲ့အချိန်မှာ သင်ဟာ သေချာပေါက်အောင်မြင်သူဖြစ်ပါလိမ့်မယ်။

မယုံရင် ယနေ့ တစ်ရက်လောက်စမ်းသပ်ကြည့်ပါ။ နှစ်ရက်လောက်စမ်းသပ်ကြည့်ပါ။ အဖြေမှန်တွေ့ပါလိမ့်မယ်။ တကယ်လက်တွေ့လုပ်ကြည့်ရင် သင်ဟာ ယနေ့တိုင်းမှာအောင်မြင်သူဖြစ်ပြီး စိတ်လက်ပေါ့ပါး ပျော်ရွှင်ရပါမယ်။ ရေရှည်မှာဆိုရင် သင်ဟာ အောင်ပန်းဆင်ပြီး အများရဲ့ ချီးကျူးဂုဏ်ပြုမှုတွေကို ခံယူရမှာပါ။

ယနေ့ သင်ဘာကိုနိုင်အောင် လုပ်ရမှာလဲ။ သင်ဟာ ကျောင်းသားဆိုရင် နေ့စဉ်သင်ယူနေရတဲ့စာတွေကို ရအောင်ကျက်မှတ်ရမယ်။ အဲဒီလိုနေ့စဉ် မပျက်မကွက်လုပ်သွားရင် နှစ်ကုန်လို့စာမေးပွဲဖြေတဲ့အခါ သင်အောင်ပြီပေါ့။ နှစ်စဉ်အောင်ပြီဆိုရင် သင်ရယူချင်တဲ့ ဘွဲ့ဒီဂရီတွေရပြီပေါ့။ ဒါကျောင်းသားတွေအတွက် ပြောတာ။ ပထမအရွယ်ရဲ့အလုပ်။

သင်ဟာ ပညာတတ်မြောက်ပြီး ဒုတိယအရွယ်မှာ ဥစ္စာရှာနေသူဖြစ်မယ်။ အဲဒီအခါ သင်လုပ်စရာတွေက နေ့စဉ်ရှိနေတယ်လေ။ အဲဒီအခါ ရရှိလာတဲ့ ယနေ့ဆိုတဲ့ နေ့တွေမှာ သင်ဟာ အောင်နိုင်အောင် လုပ်ဖို့ ဂရုပြုရမယ်။ ညအိပ်ရာဝင်တဲ့အခါ သင် ခဏလောက်စဉ်းစားကြည့်ပါ။ ယနေ့ ငါနိုင်သလား။ ဆိုလိုတာက ယနေ့လုပ်စရာတွေ ငါပြီးစီးအောင် လုပ်ခဲ့ပြီးပြီလားပေါ့။ လုပ်စရာမပြီးသေးဘူး။ တစ်ခုကျန်သွားတယ်ဆိုရင် အဲဒီနေ့ဟာ သင်ရှုံးတဲ့နေ့ပဲ။ အားလုံးပြီးစီးမှ ကိုယ်ကနိုင်တာ။

သင်ဟာ ယနေ့လုပ်စရာရှိတာတွေကို အကုန်ပြီးစီးအောင် သေသေသပ်သပ်လုပ်သူဆိုရင် သင်နဲ့ဆက်ဆံသူတွေလဲ ဝမ်းသာရွှင်လန်းကြမယ်။ သင့်ကိုချစ်ခင်ကြလိမ့်မယ်။ သင့်ကို အားကိုးအားထားကာ သင်နဲ့အမြဲဆက်ဆံပြီး လုပ်ကြလိမ့်မယ်။ ဒီလိုနဲ့ သင်ဟာ ဝင်ငွေတွေကောင်းတဲ့ စီးပွားရေးလုပ်ငန်းရှင်ဖြစ်လာတော့မှာပဲ။

အဲဒါ ပထမအရွယ်နဲ့ ဒုတိယအရွယ်ပြောတာ။ အခုဆောင်းပါးမှာတော့ တတိယအရွယ်အတွက် မပြောတော့ပါဘူး။ အဲဒီအရွယ်က တရားရှာရမဲ့အရွယ်။ နိဗ္ဗာန်ရောက်ကြောင်း ကျင့်ကြံရမဲ့အရွယ်။ အဲဒါကို ဆရာတော်ကြီးတွေက ဟောကြားပါလိမ့်မယ်။

**ယနေ့နဲ့ ပညာရေး**

လူတစ်ယောက်ရဲ့ ပညာရေးဟာ သူ့မိဘဒါမှမဟုတ် အုပ်ထိန်းသူတွေနဲ့ သက်ဆိုင်တယ်။ ကလေးငယ်ငယ်ကတည်းက လိမ္မာယဉ်ကျေးအောင်၊ အရွယ်အလိုက်ပြောတတ်ဆိုတတ်၊ လုပ်ကိုင်တတ်အောင် သင်ပေးကြရမယ်။ သားသား၊ မီးမီး ဒီလိုပြောရမယ်။ ဒီလိုခေါ်ရမယ်။ ဒီလိုလုပ်ရမယ်။ ဒီလိုမလုပ်ရဘူး။ ဒီလိုမပြောရဘူး။ ဒီလိုမခေါ်ရဘူး။ အဲဒါကလေး နားဝင်အောင် ယနေ့တိုင်း သင်ကြားပေးရမယ်။ အဲဒီလို သင်ကြားပေးရင် ကလေးဟာ ဗီဇကောင်းပြီး လူကောင်း၊ လူတော်ဖြစ်လာမယ်။

နောက်တစ်ပိုင်းက မိဘ ဒါမှမဟုတ် အုပ်ထိန်းသူက ပစ္စည်းဥစ္စာသိပ်ပြီး ကြွယ်ဝသူမဖြစ်တောင် ကလေးတွေကို ပညာပြည့်စုံအောင်ပေးနိုင်ဖို့ ကိုယ့်မှာပြည့်စုံသူဖြစ်ရပါမယ်။ အဲဒီလိုဖြစ်အောင် မိဘက ကြိုတင်စုဆောင်း စီမံထားရပါမယ်။

ကျောင်းသားကလဲ ယနေ့ ရရမဲ့စာ ယနေ့ရအောင် ကျက်မှတ်ရမယ်။ ဆရာ၊ ဆရာမတွေကလဲ ဝိုင်းဝန်းသင်ကြား လေ့ကျင့်ပေးကြမှာပါ။ ကိုယ်တိုင်ကလဲ ကြိုးစားကြရပါမယ်။ သာမန်ကြိုးစားမှုနဲ့ မရဘူး။ ယနေ့တိုင်း အားသွန်ခွန်စိုက်ကြိုးစားကြရမှာ။ ဒါဆို အတန်းတွေအောင်မြင်ပြီး သင်ပညာတတ်ဖြစ်ပြီပေါ့။ ဒီလိုပဲ အခုလူကြီးလူကောင်းတွေဟာ ကြိုးစားခဲ့ကြတာ။

ကျောင်းပညာတွေ အများကြီးသင်ယူဖို့ ကိုယ့်မှာ အခြေအနေတွေက လုံးဝမပေးဘူးဆိုရင်တောင် အနည်းဆုံး အလယ်တန်းအဆင့်လောက်တော့ တတ်မြောက်အောင်သင်ယူပါ။ ပြီးမှ စက်မှုလက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရောင်းဝယ်ရေး၊ ကုန်သွယ်ရေး၊ ကုန်ထုတ်လုပ်မှုကအစ ကိုယ်စိတ်ဝင်စားရာ အလုပ်ကိုလုပ်ပါ။

ဘယ်အတတ်မဆို "ရင်းဖျားကုန်စင် တတ်မြောက်မြင်က တစ်ခုမျှလျက် အသက်မွေးဝမ်းကျောင်းဖြစ်တုံရှောင်း၏" ဆိုတဲ့ လောကနီတိဆုံးမစာနဲ့အညီ တတ်ကျွမ်းအောင် သင်ယူပါ။ အဲဒီလိုသင်ယူရာမှာ ယနေ့တွေဟာ အရေးကြီးတယ်နော်။ ယနေ့တိုင်း အတတ်ပညာ၊ အသိပညာ ဗဟုသုတတွေရနေရမယ်။ ရအောင်လဲယူနေရမယ်။ စွဲမြဲသွားအောင်လဲ လေ့ကျင့်နေရမယ်။ ဒါနဲ့သင်ဟာ အတတ်ပညာပြည့်ဝသူဖြစ်မယ်။

> ❖ ယနေ့ သင်ဘာကိုနိုင်အောင် လုပ်ရမှာလဲ။ သင်ဟာ ကျောင်းသားဆိုရင် နေ့စဉ်သင်ယူနေရတဲ့စာတွေကို ရအောင်ကျက်မှတ်ရမယ်။ အဲဒီလို နေ့စဉ် မပျက်မကွက်လုပ်သွားရင် နှစ်ကုန်လို့စာမေးပွဲဖြေတဲ့ အခါ သင်အောင်ပြီပေါ့။ နှစ်စဉ်အောင်ပြီဆိုရင် သင်ရယူချင်တဲ့ ဘွဲ့ဒီဂရီ တွေရပြီပေါ့။ ဒါကျောင်းသားတွေအတွက် ပြောတာ၊ ပထမအရွယ်ရဲ့ အလုပ်။ သင်ဟာ ပညာတတ်မြောက်ပြီး ဒုတိယအရွယ်မှာ ဥစ္စာရှာနေသူ ဖြစ်မယ်။ အဲဒီအခါ သင်လုပ်စရာတွေက နေ့စဉ်ရှိနေတယ်လေ။ အဲဒီအခါ ရရှိလာတဲ့ယနေ့ဆိုတဲ့ နေ့တွေမှာ သင်ဟာ အောင်နိုင်အောင် လုပ်ဖို့ ဂရုပြုရမယ်။ ❖

မတတ်တတတ်နဲ့ ဆရာဆီကခွဲထွက်ပြီး တစ်စင်မထောင်နဲ့။ တတ်ကျွမ်းအောင်သင်ယူ၊ ဆရာက မင်းတတ်ပါပြီဆိုမှ လုပ်ငန်းခွဲလုပ်။ ဒါတောင် လုပ်ငန်းခွင်ထဲက အတွေ့အကြုံတွေကို သင်ယူလေ့လာနေရအုံးမှာပဲ။ အဲဒီလို ဘဝတစ်သက်တာလေ့လာမှ သင်ဟာ တကယ့်အတတ်ပညာရှင်ဆိုတာဖြစ်မယ်။

မြန်မာ့ဆိုင်းဆရာကြီး စိန်ဗေဒါက ဘယ်လိုပြောသလဲဆိုတော့ "ဒီနေ့ စိန်ဗေဒါဟာ မနေ့ကစိန်ဗေဒါထက် တော်တဲ့သူဖြစ်ရမယ်"တဲ့။ ဆရာကြီးဟာ ဆိုင်းအတတ်ပညာအထူးကျွမ်းကျင်သူဖြစ်တယ်။ ဒါတောင် အားလပ်တဲ့အချိန်ဆို ဆိုင်းတီးမှုတ်မှုကို အစဉ်လုပ်နေတယ်။ ပညာဆိုတာကလဲ ကင်းကွာသွားရင် လျော့နည်းသွားတတ်တယ်။ အဲဒါကြောင့် စွမ်းဆောင်နိုင်မှု ပညာ မလျော့သွားအောင် ဆရာကြီးက အမြဲလေ့ကျင့်နေတာ။ ဒါ ယနေ့လုပ်ရမဲ့ လူတိုင်းရဲ့ ပညာရေးပါပဲ။

**ယနေ့နဲ့ စီးပွားရေး**

ဘယ်အတတ်ပညာမှ ကျွမ်းကျင်ပိုင်နိုင်စွာ မတတ်ဘူးဆိုရင် စီးပွားရေးက နိမ့်ကျမှာပဲ။ ပညာပြည့်စုံပြီးမှ စီးပွားရေးလုပ်ရမယ်လေ။ ကန်တော်မင်းကျောင်းဆရာတော်ကြီးက "ပညာကားရှေ့၊ ဥစ္စာကားနောက်"လို့ ဆုံးမခဲ့တယ်။

အခုပြောမဲ့ စီးပွားရေးလုပ်ပြီဆိုရင်လဲ ယနေ့တွေဟာ အရေးကြီးတာပဲ ယနေ့တိုင်းကိုသင်နိုင်အောင် ကျော်ဖြတ်ရမယ်။ မနက်လင်းတာနဲ့ ယနေ့ ငါဘာတွေပြီးအောင်လုပ်မယ်လို့ ဆုံးဖြတ်ရမယ်။ လုပ်ငန်းခွင်ရောက်မှ လုပ်စရာကလဲ ပေါ်လာလိမ့်အုံးမယ်။ အဲဒါတွေကိုလဲ ယနေ့ပြီးနိုင်ရင် ယနေ့အပြီးလုပ်ရမယ်။ လုပ်ငန်းကြီးဆိုရင်တော့ တစ်နေ့တစ်နေ့ပြီးနိုင်မဲ့ ပမာဏသတ်မှတ်ပြီး သတ်မှတ်ထားတာအပြီးလုပ်ရမယ်။ ဒီလိုနဲ့ အလုပ်တွေဟာ ပြီးစီးမှာပဲ။ ကမ္ဘာမှာဖြစ်ဖြစ်၊ မြန်မာမှာဖြစ်ဖြစ် ကြီးပွားချမ်းသာနေသူတွေဟာ ယနေ့ဆိုတဲ့ နေ့တိုင်းကိုကောင်းစွာ အသုံးချကြတယ်။ ပြီးအောင်လုပ်ကြတယ်။ အိမ်က အလုပ်ခွင်သွားနေစဉ်၊ တစ်နိုင်ငံက တစ်နိုင်ငံ လေယာဉ်နဲ့သွားနေစဉ်တောင် နားမနေဘူး။ လုပ်လို့ရတာလုပ်ရင်းသွားနေကြတယ်။

စီးပွားရှာနေလို့ ပညာမရှာရဘူး မဟုတ်ဘူး။ လုပ်ငန်းခွင်က ပညာတွေကို သင်ယူနေကြတယ်။ သတင်းစာဂျာနယ်တွေဖတ်ပြီး ပညာရှာနေကြတယ်။ တွေ့ကြုံရတဲ့လူတွေဆီက ပညာရယူကြတယ်။ ပညာဆိုတာ လောကမှာ ယူလို့မကုန်ဘူး။

ယနေ့တိုင်းမှာ အခွင့်အလမ်းတွေရှိတယ်။ မနေ့က အခွင့်အလမ်းက မနေ့ကနဲ့အတူ ပျောက်ကွယ်သွားပြီ။ မနက်ဖြန်အခွင့်အလမ်းက မနက်ဖြန်လို့ မသေချာမရေရာဘူး။ ယနေ့ ယခုပစ္စုပ္ပန်အချိန် ပေါ်လာတဲ့အခွင့်အလမ်းကမှ တကယ်အကျိုးရှိတဲ့ အခွင့်အလမ်း။ အဲဒါကို အမိအရဖမ်းဆုပ်ရမယ်။

လသာတုန်း ဗိုင်းငင်၊ မိုးရွာတုန်းရေခံ၊ နေပူတုန်း စပါးလှန်းလို့ ရှေးလူကြီးတွေရဲ့ စကားပုံတွေက အခွင့်အလမ်းပေါ်ချိန်မှာ အရယူဖို့ပြောတာ။ ဒါစီးပွားရေးလုပ်ရာမှာ သိပ်အရေးကြီးတယ်။ မလွတ်တမ်းဖမ်းယူနိုင်မှ စီးပွားဥစ္စာဖူလုံမယ်။ လူလုံးလှမယ်။

**ယနေ့ကိုကောင်းစွာအသုံးချသွားသူ**

ယနေ့ဟာ လူတိုင်းရတဲ့အခွင့်အရေးပဲ။ ဘယ်သူမှ ပိုမရဘူး။ လျော့လဲမရဘူး။ အဲဒီအခွင့်အရေးကို အကျိုးရှိရှိ အသုံးချသွားသူဟာ အလွန်ဆင်းရဲနိမ့်ကျတဲ့ဘဝကနေပြီး မြင့်မားတဲ့နိုင်ငံတော်သမ္မတကြီးဖြစ်သွားသူရှိတယ်။

အဲဒါ ဘယ်သူလဲ။ သူဟာ အမေရိကန်နိုင်ငံရဲ့ ၁၆ ယောက်မြောက်သမ္မတဖြစ်ခဲ့သူ အေဗရာဟမ်လင်ကွန်း (ခရစ်နှစ် ၁၈၀၉-၁၈၆၅)ပါ။ မိထွေးက စာသင်ပေးလို့ စာနည်းနည်းတတ်ခဲ့တယ်။ ပျဉ်ချပ်ပေါ်မှာ စာရေးလေ့ကျင့်ခဲ့ရတယ်။ စာအုပ်ငှားဖို့ အဝေးကြီးကို မြင်းနဲ့သွားငှားရတယ်။ နေ့ခင်းမှာ ဖခင်ရဲ့အလုပ်တွေကို အရွယ်နဲ့မလိုက်အောင် ကူညီလုပ်ကိုင်ပေးခဲ့ရတယ်။ မနက်မိုးမလင်းခင် မွေးထားတဲ့ဝက်ကလေးတွေကို မီးအပူဓာတ်ပေးရင်း မီးဖိုအလင်းရောင်နဲ့ စာဖတ်ခဲ့တယ်။ အလုပ်ကြမ်းသမားဖြစ်တော့ ဓာတ်မီးတိုင်အောက်မှာ စာသွားဖတ်ခဲ့ရတယ်။ စာကောင်းပေကောင်းတွေကို ဖတ်တယ်။ အဲဒါ လင်ကွန်းရဲ့ နေ့စဉ်ပညာရှာတဲ့ အလုပ်တွေပဲ။

စာတတ်ပြီး နည်းနည်းကြီးလာတော့ ကုန်စုံဆိုင်စာရေးလေး၊ အပျော်တမ်းတပ်ဖွဲ့ ဗိုလ်ကြီး။ အဲဒါလုပ်ပြီး သူ့ဝမ်းသူကျောင်းခဲ့ရတယ်။ နောက် ဥပဒေပညာလေ့လာပြီး ရှေ့နေစာမေးပွဲဝင်ဖြေတယ်။ ရှေ့နေဖြစ်ခဲ့တယ်။ သာမန်ရှေ့နေမဟုတ်ဘူး။ အမှုလိုက်သိပ်ကောင်းတဲ့ ရှေ့နေ။ ဒီမှာတင် သူဟာ အောင်မြင်တဲ့ရှေ့နေ၊ ကျော်ကြားတဲ့ရှေ့နေဖြစ်ခဲ့တယ်။ သူ့ဘဝဆင့်ကဲဆင့်ကဲတိုးတက်အောင် ယနေ့ဆိုတဲ့ နေ့တွေကို အကျိုးအရှိဆုံးအသုံးချပြီး ကြိုးစားခဲ့တယ်။

နောက် နိုင်ငံရေးလောကထဲဝင်တယ်။ ပြည်နယ်အဆင့် လွှတ်တော်ကိုယ်စားလှယ်ဖြစ်အောင် ကြိုးစားတယ်။ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အဆင့် တက်လှမ်းတယ်။ ဒီနေရာမှာလဲ အရှုံးနဲ့ရင်ဆိုင်ရတာအများကြီးပဲ။ အလျှော့မပေးဘဲ ကြိုးပမ်းရာကနေပြီး နောက်ဆုံးဘဝဇာတ်ဆရာက လင်ကွန်းကို နိုင်ငံတော်သမ္မတဆိုတဲ့ အောင်လက်မှတ်ပေးခဲ့တယ်။

အလွန်ဆင်းရဲနိမ့်ကျလို့ တောထဲမှာ သစ်လုံးအိမ်နဲ့နေရာက ယနေ့တွေကို နိုင်အောင်ဖြတ်ကျော်ပြီး သမ္မတရဲ့အိမ်ဖြူတော်မှာ နေသွားခဲ့ရတယ်။ အဲဒါ လင်ကွန်းရဲ့ ယနေ့တွေကို နိုင်အောင်ဖြတ်ကျော်ခဲ့တဲ့ ပြယုဂ်ပါပဲ။

လင်ကွန်းဟာ သမ္မတကြီးဖြစ်လာတော့ ကမ္ဘာမှာ လွှမ်းမိုးနေတဲ့ ကျွန်စနစ် တိုက်ဖျက်ခဲ့တယ်။ နိုင်ငံကြီး တစည်းတလုံးတည်းရှိအောင် စစ်ပွဲဆင်နွှဲခဲ့တယ်။ ဒီလိုနဲ့ ကမ္ဘာကစံပြုရတဲ့ ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးဖြစ်ခဲ့ပါတယ်။

**တကယ်စစ်မှန်တဲ့ အောင်မြင်မှုလမ်းကြောင်း**

တကယ်စစ်မှန်တဲ့ အောင်မြင်မှုလမ်းကိုလျှောက်ပြီး အောင်မြင်မှ တကယ့်အောင်မြင်မှုပါ။ မြင့်မားတဲ့ ဘွဲ့၊ ဒီဂရီတွေ ရတာနဲ့ တကယ်အောင်မြင်တယ်လို့ မဆိုနိုင်ပါဘူး။ အခြားမကြည့်နဲ့။ ဘွဲ့ရခေတ်ပညာတတ်တွေပဲ။ ဒါပေမဲ့ လောကကြီးက ရှုတ်ချခံရတဲ့သူတွေဖြစ်နေတယ်။ အဲဒီလူတွေကတော့ နှောင်းခေတ်က ဗမာပြည်ကွန်မြူနစ်ပါတီခေါင်းဆောင်တွေ သခင်သန်းထွန်း၊ သခင်စိုး ဆိုသူတွေပဲဖြစ်တယ်။ ယနေ့လဲ အဲဒီလိုလူတွေရှိနေတယ်။

အဲဒီတော့ သင်တကယ်အောင်မြင်ပြီး လောကကြီးအကျိုး၊ တိုင်းပြည်အကျိုးနဲ့ သင့်အကျိုးစီးပွားဆောင်ရွက်သူဖြစ်ချင်ရင် နေ့စဉ် ယနေ့တွေမှာ သင်လုပ်တဲ့အလုပ်တိုင်းအတွက် ထည့်သွင်းစဉ်းစားရမှာက သင်ဘာပဲလုပ်လုပ် လက်ကိုင်ထားရမှာက အခုဖော်ပြမဲ့ မူဝါဒတွေပါပဲ။ လူဆိုတာ မူရှိရတယ်နော်။ ကိုယ့်မူကိုယ့်ဟန်ဆိုတာရှိရတယ်။

၁။ အမှား၊ အမှန်ကို စဉ်းစားဝေဖန်ပြီး အမှန်ကိုလုပ်ပါ။ မှန်တဲ့ ရည်မှန်းချက်ချ။

၂။ အစစအရာရာ အလွန်အကျွံကြီးမလုပ်ပါနဲ့။

၃။ ဘာမှ မလုပ်ဘဲလဲ မနေပါနဲ့။ ဘာမှမလုပ်ရင် ဘာမှဖြစ်လာမှာ မဟုတ်ပါဘူး။

၄။ ကိုယ့်အကျိုးထက် အများအကျိုးရှိမဲ့ အလုပ်ကိုလုပ်ပါ။ သင်လဲ အကျိုးတရားခံစားရမှာပါ။

၅။ လောကကြီးက အစဉ်ပြောင်းလဲနေတယ်။ အဲဒါ သင်သိအောင် အစဉ်လေ့လာပါ။ ပြီးမှ လုပ်သင့်တာလုပ်ပါ။

၆။ အမြဲတိုးတက်နေအောင် ယနေ့တိုင်းမှာ ကြံဆောင်ပါ။ ပညာရေး၊ စီးပွားရေး အားလုံးသောကဏ္ဍတွေမှာပေါ့။

အဲဒီလို အသိ၊ သတိတွေနဲ့ နေ့စဉ်သင်ရရှိတဲ့ ယနေ့တွေကို ကျော်ဖြတ်မယ်ဆိုရင် သင်ဟာ မုချမသွေ အောင်မြင်သူဖြစ်မှာ အသေအချာပါ။

အောင်မြင်သူတွေဟာ အသက်ရှည်ကြတယ်။ ပညာပြည့်ဝ နှလုံးလှကြတယ်။ ချမ်းသာကြွယ်ဝကြတယ်။ ရာထူးဌာနန္တရမြင့်မြင့်မားမားမှာ ရပ်တည်ကြတယ်။ လူ့လောကကြီးက ချီးကျူးအမွှမ်းတင်တာလဲ ခံစားကြရတယ်။ သင်မဖြစ်ချင်ဘူးလား။ ဖြစ်ချင်ရင် ယနေ့တိုင်းကို နိုင်အောင်ကြိုးစားပါလို့ အလေးအနက် တိုက်တွန်းအပ်ပါတယ်။

# တောင်ပြုန်းမင်းညီနောင် ဇာတ်ကားကို အောက်တိုဘာ ၂၇ ရက်တွင် SKY PREMIER HD မှ ထုတ်လွှင့်ပြသသွားမည်




**ရန်ကုန် အောက်တိုဘာ ၂၃**

တောင်ပြုန်းမင်းညီနောင် အမည်ရှိ ဇာတ်ကားကို အောက်တိုဘာ ၂၇ ရက်တွင် SKY PREMIER HD မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ကျော်ဇေဟိန်းက ပြောပြ၍ သိရသည်။

တောင်ပြုန်းမင်းညီနောင် ဇာတ်ကား၏ ဝတ္ထုနှင့် ဇာတ်ညွှန်းကို မင်းအေးထွန်းက ရေးသားထားပြီး ဒါရိုက်တာ မင်းအေးထွန်းကပင် ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"တောင်ပြုန်းမင်းညီနောင် အကြောင်းကတော့ လူတော်တော်များများ သေချာမသိတောင် တောင်ပြုန်းပွဲတော်နဲ့ ဆက်စပ်ပြီး နည်းနည်းပါးပါးလောက်တော့ သိကြမယ်ထင်ပါတယ်။ တောင်ပြုန်းပွဲလို့ဆိုလိုက်တာနဲ့ မြန်မာ့အစည်ကားဆုံး ပွဲတော်အဖြစ် ကျော်ကြားပါတယ်။ ကိုယ်တော်ကြီး ကိုယ်တော်လေးနှစ်ပါးကို အဓိကပူဇော်တဲ့ တောင်ပြုန်းပွဲရဲ့ရာဇဝင်နဲ့ ညီနောင်နှစ်ပါးရဲ့သမိုင်းကြောင်းကို တောင်ပြုန်းမင်းညီနောင်ဇာတ်ကားလေးမှာ ကြည့်ရှုခံစားနိုင်မှာပါ။ ဒီဇာတ်ကားလေးက မြန်မာဗီဒီယိုဇာတ်ကားအနေနဲ့ ရိုက်ကူးပြသဖူးပါတယ်။ SKY PREMIER HD ရုပ်သံလိုင်းမှာလဲ တစ်ကြိမ်လွှင့်ဖူးပါသေးတယ်။ အခုတစ်ခါ SKY PREMIER HD ရုပ်သံလိုင်းက ထပ်မံထုတ်လွှင့်ပေးတာဖြစ်ပါတယ်"ဟု သရုပ်ဆောင် ကျော်ဇေဟိန်းက ပြောပြသည်။

တောင်ပြုန်းမင်းညီနောင်ဇာတ်ကားတွင် သရုပ်ဆောင် ကျော်ဇေဟိန်း၊ မင်းခန့်ကျော်၊ မင်းအုပ်စိုး၊ ရှင်ယွန်းမြတ်နှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Deadpool-3 ဇာတ်ကား ရုံတင်ရက်နောက်ဆုတ်ရဖွယ်ရှိ

**နယူးယောက် အောက်တိုဘာ ၂၃**

ဟောလိဝုဒ်သရုပ်ဆောင်များနှင့် ဇာတ်ညွှန်းရေးဆရာများ သပိတ်ကြောင့် Deadpool-3 ဇာတ်ကား ရုံတင်ရက်ကို နောက်ဆုတ်ရဖွယ်ရှိကြောင်း အောက်တိုဘာ ၂၂ ရက် သတင်းများအရ သိရသည်။

မာဗယ်စတူဒီယိုသည် မူလက Deadpool-3 ဇာတ်ကားကို ၂၀၂၄ ခုနှစ် မေ ၃ ရက်တွင် ရုံတင်ပြသရန် စီစဉ်ထားသည်။

သို့ရာတွင် လက်ရှိအချိန်၌ ဟောလိဝုဒ်သရုပ်ဆောင်များနှင့် ဇာတ်ညွှန်းရေးဆရာများ သပိတ်ကြောင့် မူလစီစဉ်ထားသည့်အတိုင်း ၂၀၂၄ ခုနှစ် မေ ၃ ရက်တွင် ရုံတင်နိုင်ဖွယ်မရှိကြောင်း သိရသည်။

Deadpool-3 ဇာတ်ကား ရုံတင်ရက် နောက်ဆုတ်နိုင်ခြေရှိမှုကို ဒါရိုက်တာ ရှောင်လီဗိုင်းက အတည်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

မာဗယ်စတူဒီယိုအနေဖြင့် Deadpool-3 ဇာတ်ကားကို ၂၀၂၄ ခုနှစ် ဇူလိုင်လမှသာ ရုံတင်ပြသနိုင်ဖွယ်ရှိကြောင်း သိရသည်။

Deadpool-3 ဇာတ်ကားတွင် မင်းသား ရိုင်ယန်ရေးနိုး၊ ဟက်ဂျက်မင်းနှင့် အိုဝင်ဝီဆင်တို့ ပါဝင်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**




# Mrs Supermodel Worldwide 2023 Grand Final ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု အိမ်ထောင်ရှင်အလှမယ် မွန်း ဆု သုံးဆု ရရှိ




**ရန်ကုန် အောက်တိုဘာ ၂၃**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ကျင်းပနေသည့် Mrs Supermodel Worldwide 2023 Grand Final ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု အိမ်ထောင်ရှင်အလှမယ် မွန်းက ဆုသုံးဆု ဆွတ်ခူးရရှိခဲ့ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

Mrs Supermodel Worldwide 2023 ပြိုင်ပွဲကို အောက်တိုဘာ ၁၄ ရက်မှ စတင်ကာ အောက်တိုဘာ ၂၂ ရက်ထိ ကျင်းပခဲ့ခြင်းဖြစ်ပြီး အိန္ဒိယနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေခြင်းဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံကိုယ်စားပြုအနေနဲ့ အကောင်းဆုံးနေထိုင်ပြုမူပြင်ဆင်ပြသယှဉ်ပြိုင်ခွင့်ရခဲ့လို့ Brand Ambassador ဆုရခဲ့တာကို ဂုဏ်ယူရပါတယ်။ ကိုယ့်ရိုးရာယဉ်ကျေးမှုဖြစ်တဲ့ ရှမ်းရိုးရာဝတ်စုံ ပြသခွင့်ရခဲ့ပြီး NC ဆုပါ ထပ်ရလို့လဲ စိတ်ကျေနပ်မှုရခဲ့ပါတယ်။ ဓာတ်ပုံဆုရခဲ့လို့လဲ ကျေနပ်ပါတယ်။ ရိုက်ကူးရေးအဖွဲ့ကပေးတဲ့ဆုဖြစ်လို့ ပင်ပန်းခဲ့သမျှတွေအားလုံးအတွက် ပြန်ရခဲ့တဲ့ဆုတွေကြောင့် ဝမ်းသာရပါတယ်"ဟု အိမ်ထောင်ရှင်အလှမယ် မွန်းက ပြောပြသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု အိမ်ထောင်ရှင်အလှမယ် မွန်းသည် Mrs Supermodel Worldwide Brand Ambassador ဆု၊ Mrs Photogenic ဆုနှင့် Best National Costume (First Winner) ဆုတို့ကို ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။ ASH

# Killers of the Flower Moon နှစ်ရက်တာဝင်ငွေ ကန်ဒေါ်လာကိုးသန်းကျော်ရရှိ

**နယူးယောက် အောက်တိုဘာ ၂၃**

Apple ရုပ်ရှင်ကုမ္ပဏီ၏ Killers of the Flower Moon ဇာတ်ကား စတင်ရုံတင်ပြီး နှစ်ရက်တာအတွင်း ဝင်ငွေ အမေရိကန်ဒေါ်လာကိုးသန်းကျော် ရရှိထားကြောင်း အောက်တိုဘာ ၂၂ ရက် သတင်းများအရ သိရသည်။


Apple ရုပ်ရှင်ကုမ္ပဏီသည် အဆိုပါဇာတ်ကားကို အောက်တိုဘာ ၂၀ ရက်တွင် စတင်ရုံတင်ခဲ့ရာ အကြိုပွဲဝင်ငွေအပါအဝင် ၎င်းနေ့တစ်နေ့တည်းတွင် ဝင်ငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၉ ဒသမ ၄ သန်းထိရရှိခဲ့ပြီး Killers of the Flower Moon ဇာတ်ကား၏ ပထမသီတင်းပတ်ကုန်ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၂၃ သန်းကျော်ထိ ရှိလာနိုင်ဖွယ်ရှိသည်။

အဆိုပါဇာတ်ကားသည် ၁၉၂၀ ပြည့်နှစ်အတွင်း အိုကလာဟိုးမားပြည်နယ်၌ ဌာနေတိုင်းရင်းသားလူမျိုးစုဝင်များ ထူးထူးဆန်းဆန်း အသတ်ခံရမှုကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ မာတင်စကော်စီစီက တာဝန်ယူရိုက်ကူးပေးခဲ့ပြီး မင်းသား လီယိုနာဒိုဒီကာပရီယို၊ ရောဘတ်ဒီဂျနေရိုးနှင့် မင်းသမီး လီလီဂလက်စတုန်းတို့ ဦးဆောင်ပါဝင်ထားသည်။

Killers of the Flower Moon ဇာတ်ကားကို အမေရိကန်ဒေါ်လာသန်း ၂၀၀ အကုန်အကျခံရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**




# MRTV -4 မှ ထုတ်လွှင့်မည့် ရေနံ့သာခင်ခင်ကြီး ရုပ်သံဇာတ်လမ်းတွဲ မိတ်ဆက်

**ရန်ကုန် အောက်တိုဘာ ၂၃**

MRTV -4 ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည့် ရေနံ့သာခင်ခင်ကြီး ရုပ်သံဇာတ်လမ်းတွဲမိတ်ဆက်ပွဲကို အောက်တိုဘာ ၂၂ ရက်က ရန်ကုန်တိုင်းဒေသကြီးရှိ Timecity Jewellery Mall Indoor Promotion Area တွင် ကျင်းပခဲ့ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ဝေလာရီက ပြောပြ၍ သိရသည်။

ရေနံ့သာခင်ခင်ကြီး ဇာတ်လမ်းတွဲမိတ်ဆက်ပွဲ အခမ်းအနားတွင် ဇာတ်လမ်းတွဲ၌ ပါဝင်သရုပ်ဆောင်ထားကြသည့် သရုပ်ဆောင် ဝေလာရီ၊ ကောင်းဇံဟိန်း၊ ဟန်ထူးဈာန်၊ သုတအောင်၊ စောမင်းယျာ၊ ဆုဝတီ၊ ဇွန်ဝေယံ၊ Lucas တို့နှင့်အတူ အခြားအနုပညာရှင်များစွာ တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသည့် အနုပညာရှင်များက ပရိသတ်များကို ဇာတ်ဝင်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

"နိုဝင်ဘာလအတွင်းမှာ MRTV-4 ကနေထုတ်လွှင့်မဲ့ ရေနံ့သာခင်ခင်ကြီး ရုပ်သံဇာတ်လမ်းတွဲ အထူးမိတ်ဆက်ပွဲလေးကို လုပ်ခဲ့ပါတယ်။ ၂၀၁၉ ခုနှစ်ကတည်းက ရိုက်ကူးခဲ့တဲ့ ရေနံ့သာခင်ခင်ကြီး ဇာတ်လမ်းတွဲမှာ ဝေလာက ရေနံ့သာခင်ခင်ကြီးနေရာကနေ သရုပ်ဆောင်ခဲ့တာပါ။ ဒီဇာတ်လမ်းတွဲက ဝေလာ့အတွက် တကယ့်ကို အမှတ်တရဖြစ်စေခဲ့တာပါ။ နှစ်တွေအများကြီး ဒီဇာတ်ကောင်ကာရိုက်တာကို သွင်းခဲ့တာပါ။ စိတ်ကော၊ လူကော တော်တော်ပင်ပန်းခဲ့ရတယ်။ နေ့တိုင်းလဲ ဝေလာငိုခဲ့ရတယ်။ ဇာတ်ကောင်နေရာကို ဝေလာကြိုးစားထားပါတယ်။ ဝေလာက ရေနံ့သာခင်ခင်ကြီးဖြစ်၊ မဖြစ်ဆိုတာကို ပရိသတ်တွေက ဝေဖန်ထောက်ပြပေးပါလို့ ပြောချင်ပါတယ်"ဟု သရုပ်ဆောင် ဝေလာရီက ပြောပြ၍ သိရသည်။

ASH

# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win inspects preparations for success of 24th Myanmar Traditional Cultural Performing Arts Competition





Vice-Senior General Soe Win inspects a performance stage.

**Nay Pyi Taw October 23**

Patron of Steering Committee to Organize 24th Myanmar Traditional Cultural Performing Arts Competition Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win this evening inspected preparations for the success of the competition.

The Vice-Senior General, accompanied by union ministers, the Nay Pyi Taw Council chair, the Nay Pyi Taw Command commander, deputy ministers and officials, visited MICC-2, Yinkyayhmu Yadana Hall of the Ministry of Religious Affairs and Culture, practicing theatre, National Museum and National Library in Nay Pyi Taw, and inspected preparations for the competition. He also looked into the requirements presented by officials in their sector-wise reports.

The Vice-Senior General and party inspected the hostels, dining hall, kitchens, restaurants and shops at the transit center to check whether those facilities ensure convenience and satisfaction of artists, who will serve as judges of the competition with heart and soul, and contestants of regions and states and their managers and parents, practicing sessions, and preparations of health and infectious diseases prevention teams. The Vice-Senior General fulfilled the requirements by coordinating with officials. He also cordially conversed with the judges and contestants.

100



Vice-Senior General Soe Win views publications.



Vice-Senior General Soe Win inspects a hostel.



Vice-Senior General Soe Win inspects the dining hall.



Vice-Senior General Soe Win inspects a shop.


## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Myanmar, China to implement MoUs signed with Yunnan Province



The meeting between YPGCC and UMFCCI officials in progress.

**Nay Pyi Taw October 23**

The UMFCCI on 17 October stated that Myanmar will implement memorandum of understanding signed with Yunnan Province of China.

Yunnan Province has been ranked the 37th position and it is a focal point for Belt and Road initiatives for development of all sectors.

Myanmar is the largest trade partner as well as import resource and export market of Yunnan Province. Myanmar-Yunnan import value was recorded as 49.44 billion yuan, and in 2020, Yunnan established 190 non-monetary foreign investments in Myanmar.

Myanmar primarily exports agricultural produce to China. So, Myanmar signed the MoU on Myanmar-China Economic Corridor (CMEC) implementation on 7 February 2018.

As such, President of Yunnan Provincial General Chamber of Commerce (YPGCC) Dr Gao Feng and party held talks with officials of UMFCCI on 17 October to implement the Yunnan-Myanmar MoUs.

They also discussed cooperation in mineral, iron and steel, transport, e-commerce, tourism agricutural chemicals and prospect businesses.

Moreover, they focused on enhance of trade with expanding the communication routes for development of bilateral investment between Myanmar and China in line with the MoU, exchange of information, in-depth cooperation, port business, logistics, fertilizers, agricultural transport, digital transformation, and cross-border trade.

336

# Seven items of Daedong agricultural machinery sold to farmers from three townships

**Mandalay October 23**

Seven items of Daedong agricultural machinery have been sold to farmers from the cooperative societies in smart villages in three townships of Mandalay Region this financial year, said assistant director U Hlaing Moe of Mandalay Region Cooperative Department.

From April this financial year, seven items of machinery were sold to farmers from one village each in Patheingyi, TadaU and Ngazun townships. These items of machinery were two RX-7620, one CK-2810, one DS-3510, two DS-4510 and one EX-50HP.

"This financial year, three smart villages were established. Necessary items of agricultural machinery were sold to farmers, members of the cooperative societies for convenience in their farming works. We help farmers from three smart villages enjoy fruits of social living standard," he explained.



Daedong farm machinery operates on a farm.

The cooperative societies sold agricultural machinery to farmers for cultivation of crops in time.

185

# Plan to increase export of avocado from Shan State to Thailand

**Taunggyi October 23**

Export of avocado from Shan State will be increased to Thailand, according to the Myanmar Trade Promotion Organization on 12 October.

Avocado is planted in Shan State, Chin State, Kayah State, Mandalay and Sagaing regions. Off them, Haas avocado from Shan State is primarily exported to Thailand through Tachilek border.

Depending on quality and size, avocado of Myanmar fetches K4,000 to K6,500 per kilo in the Thai market whereas brokerages in Tachilek buy K1,700 to K2,500 per kilo.

On 11 October, a meeting to export avocado from Shan State to Thailand took place at the office of MTPO under the Ministry of Commerce.

Officials from the organization, the economic counselor of Thai embassy, businesspersons and local growers participated in the meeting.

Relevant departments discussed export of avocado from Shan State to Thailand via Tachilek border trade camp, difficulties, increase of export process and signing of MoU between two countries.

The first-ever avocado processing factory being built in Shan State will operate sorting, classifying and packaging of the fruits in cartons to be exported to Thailand.

336

# Indian Imports of Russian Raw Diamonds Hit 5-Year High in August - Statistics

**Moscow October 23**

India bought $215 million worth of raw diamonds from Russia in August, the highest value since March 2018, when it imported $481 million worth of Russian gems, according to data from the Indian Commerce Ministry analyzed by Sputnik.

India's diamond imports from Russia quadrupled in August month-on-month, or 9% year-on-year, as the industry mulled a halt in supplies to avoid a glut. The purchase raised this year's total to $863 million, up 29% from 2022.

India's Gem & Jewellery Export Promotion Council said in late September that Russian diamond producer Alrosa had agreed to pause raw diamond exports to India for September and October.

The Indian gem trade body asked other diamond-mining giants to halt supply for two months from mid-October after seeing a drop in demand for finished diamonds in the United States and China. India accounts for about 90% of the world's diamond cutting and polishing.

Sputnik

# European Parliament Condemns Hamas' Attacks Against Israel

**Moscow October 23**

The European Parliament in a resolution on Thursday condemned Hamas' attacks against Israel and expressed serious concerns over the humanitarian situation in the Gaza Strip.

"In the resolution adopted on Thursday with 500 votes in favour, 21 against and 24 abstentions, MEPs strongly condemn the brutal attacks, express their support to Israel and its people and underline the need to 'eliminate the terrorist organisation Hamas,'" the press release read.

In the resolution, the European Parliament members express "serious concern over the rapidly deteriorating situation in the Gaza Strip," and call for differentiating "Palestinian people and their legitimate aspirations" from the Hamas group, which the resolution defines as "terrorist."

In the final version of the resolution, the members of the European Parliament called for a "humanitarian pause," as the attacks from both sides pose a threat of "reinforcing a cycle of violence in the region," which is likely to lead to never-ending deaths of civilians, including medical workers and journalists.

The resolution also advocates for an Israel-Palestine solution based on the 1967 lines with two neighboring countries living in peace and following the democracy principles, and calls on the European countries to launch an initiative for peaceful settlement of the conflict.

Sputnik



# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ဗြိတိန်နိုင်ငံက ယူကရိန်းထံ ဒရုန်းတိုက်ဖျက်ရေးစနစ် ပေးပို့ခဲ့



ဗြိတိန်နိုင်ငံသည် Terrahawk Paladin အမျိုးအစား ဒရုန်းတိုက်ဖျက်ရေးစနစ်တစ်ရပ်ကို ယူကရိန်းထံပေးပို့ခဲ့ပြီး အဆိုပါစနစ်သည် ဒရုန်းများကို ခြေရာခံထောက်လှမ်း၊ တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်း ပိုင်ဆိုင်ထားကာ အရေးကြီးသော နိုင်ငံ့အခြေခံအဆောက်အအုံများကို ကာကွယ်ပေးနိုင်စွမ်းရှိသည့် လေကြောင်းရန်ကာကွယ်ရေးစနစ်ဖြစ်ကြောင်း www.thedefense-post.com သတင်းဌာနက အောက်တိုဘာ ၁၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Demountable Rack Offload and Pickup System (DROPS) ယာဉ်အမျိုးအစားပေါ်တွင် ဗြိတိန်နိုင်ငံအခြေစိုက် MSI-Defence Systems ကုမ္ပဏီက ထုတ်လုပ်သည့် ကွန်တိန်နာဖြင့် သယ်ယူပို့ဆောင်နိုင်သည့် အဆိုပါဒရုန်းတိုက်ဖျက်ရေးစနစ်ကို NATO စံချိန်စံညွှန်းများနှင့်အညီ ဖြုတ်ခြင်း၊ တပ်ခြင်းပြုလုပ်နိုင်သည်။

DROPS Module ကို အဝေးထိန်းစနစ်ဖြင့် မြေပြင်ပေါ်တွင် ဖြန့်ကြက်အသုံးပြုနိုင်ပြီး စစ်ဘက်သုံး အထောက်အကူပြုယာဉ် သို့မဟုတ် နောက်တွဲအခြေပြုစနစ်ပေါ်တွင် လျင်မြန်စွာ တပ်ဆင်အသုံးပြုနိုင်သည်။ စနစ်ကို တပ်ဖွဲ့ဝင် နှစ်ဦးဖြင့် တာဝန်ထမ်းဆောင်နိုင်ပြီး တစ်ဦးက ပစ်မှတ်များကို စောင့်ကြည့်ထောက်လှမ်းရန်နှင့် နောက်တစ်ဦးက တိုက်ခိုက်ရေးတာဝန်ထမ်းဆောင်ရန်အတွက်ဖြစ်သည်။

၎င်းကို အချက်အချာနေရာ ကာကွယ်ရေးအခန်းကဏ္ဍများအတွက် သို့မဟုတ် ပိုမိုကျယ်ပြန့်သော ဧရိယာကာကွယ်ရေးအတွက် တိုက်ခိုက်ရေးစီမံခန့်ခွဲမှုစနစ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် အသုံးပြုနိုင်ကြောင်း သိရသည်။

အဆိုပါ ဒရုန်းတိုက်ဖျက်ရေးစနစ်တွင် ၃၀ မီလီမီတာ Mk44 Bushmaster II အလိုအလျောက် ပစ်ခတ်နိုင်သည့် စက်အမြောက်ပါဝင်ပြီး ဒစ်ဂျစ်တယ်စနစ်သုံး ပစ်ခတ်မှုထိန်းချုပ်ရေးစနစ်နှင့် ရေဒါတို့ဖြင့် ပေါင်းစပ်ထားသည်။ ၃၀ မီလီမီတာ အလိုအလျောက် ပစ်ခတ်နိုင်သည့် စက်အမြောက်သည် ပရိုဂရမ်ထည့်သွင်းထားသော လေကွဲကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ရာတွင် ထိရောက်မှုအကွာအဝေး ၂ ကီလိုမီတာ (၁ ဒသမ ၂၄ မိုင်)ထိ ပစ်ခတ်တိုက်ခိုက်နိုင်သည်။

လက်နက်စနစ် တိုက်ပွဲဝင်စွမ်းရည် တိကျမှုရှိစေရန် MSI ကုမ္ပဏီ၏ SA-TOS ချိန်ဆိုက်စနစ်ကို တပ်ဆင်အသုံးပြုထားသည်။ ၎င်းတွင် အပူအာရုံခံကိရိယာနှင့် လေဆာအကွာအဝေးရှာ ကိရိယာတို့လည်း ပါရှိသည်။

အဆိုပါ အကူအညီပေးရေး ပက်ကေ့ချ်သည် ယခုလအစောပိုင်းတွင် ဗြိတိန်နိုင်ငံက ထုတ်ပြန်ကြေညာခဲ့သည့် ပေါင်သန်း ၁၀၀ (အမေရိကန်ဒေါ်လာ ၁၂၁ သန်း) တန် ပက်ကေ့ချ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး လေကြောင်းရန် ကာကွယ်ရေးစွမ်းရည်အတွက် ပေါင်သန်း ၇၀ (အမေရိကန်ဒေါ်လာ ၈၅ သန်း)ဖိုးထိ ပါဝင်လာသည်။

ယူကရိန်းသို့ပေးပို့သော Terrahawk Paladin ဒရုန်းတိုက်ဖျက်ရေးစနစ် အရေအတွက်ကိုမူ ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ ရန်ပုံငွေတွင် အကျုံးဝင်သည့် အပိုပစ္စည်းများတွင် သတ္တုတူးဖော်ရေးစနစ်များ၊ တံတားထိုးစွမ်းရည်များနှင့် စစ်မြေပြင်အတားအဆီးများကို ရှင်းလင်းရန်အတွက် ယာဉ်များပါဝင်သည်။

**UK to Send ‘Drone Killer’ Platform to Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

## ဒရုန်းများဖြင့် တာဝေးပစ်တိုက်ခိုက်ရေးစွမ်းရည်အတွက် ဩစတြေးလျကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်လျက်ရှိ

ဩစတြေးလျနိုင်ငံ လေကြောင်းနှင့် အာကာသကုမ္ပဏီများဖြစ်သည့် Insitu Pacific နှင့် Innovaero တို့သည် ဒရုန်းများဖြင့် တာဝေးပစ်တိုက်ခိုက်ရေး စွမ်းရည်အတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း www.thedefensepost.com သတင်းဌာနက အောက်တိုဘာ ၁၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ တာဝေးပစ်တိုက်ခိုက်ရေးစွမ်းရည်တွင် ထောက်လှမ်းရေး၊ စောင့်ကြည့်ထောက်လှမ်းရေးနှင့် ကင်းထောက်လှမ်းရေးအတွက် Insitu Pacific ကုမ္ပဏီက ထုတ်လုပ်သည့် Integrator ဒရုန်းများနှင့် တာဝေးပျံသန်းစစ်ဆင်ရေးများအတွက် Innovaero ကုမ္ပဏီထုတ် One-Way Loitering (OWL) Munitionများကို ပေါင်းစပ်အသုံးပြုသွားမည်ဖြစ်သည်။

ကုမ္ပဏီများအနေဖြင့် Insitu Pacific ကုမ္ပဏီက တည်ဆောက်ထုတ်လုပ်ထားသော ဘုံမြေပြင်ထိန်းချုပ်ရေးစခန်းနှင့် INEXA ဆော့ဖ်ဝဲတို့ကို အသုံးပြု၍ ပေါင်းစပ်စမ်းသပ်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။ ပေါင်းစပ်လုပ်ဆောင်ထားသော Integrator/OWL စနစ်၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုလုပ်ငန်းများကို ၂၀၂၃ ခုနှစ် နှစ်ကုန်ပိုင်းထိ စဉ်ဆက်မပြတ်ပြုလုပ်သွားမည်ဖြစ်သည်။

ဩစတြေးလျနိုင်ငံ၏ ဒရုန်းနည်းပညာတိုးတက်ဖွံ့ဖြိုးရေးအတွက် ၂၀၂၁ ခုနှစ်က နားလည်မှုစာချွန်လွှာတစ်ရပ် အစိုးရနှင့် လက်မှတ်ရေးထိုးနိုင်ခဲ့ပြီးနောက် ယခုကဲ့သို့ လုပ်ဆောင်မှုမျိုး ထွက်ပေါ်လာခြင်းလည်းဖြစ်သည်။

အဆိုပါ ပူးပေါင်းဆောင်ရွက်မှုသည် နိုင်ငံအတွင်း ပိုမိုလုံခြုံသော လေကြောင်းရန်ကာကွယ်ရေး ဖွံ့ဖြိုးတိုးတက်မှု လိုအပ်ခြင်းကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း Insitu Pacific ကုမ္ပဏီမှ မန်နေးဂျင်းဒါရိုက်တာ Andrew Duggan က ပြောကြားခဲ့သည်။

ဤတစ်စုတစ်စည်းတည်းသော ချဉ်းကပ်လုပ်ဆောင်မှုသည် ကြီးမားသော လေကြောင်းပိုင်ဆိုင်မှုများတွင် အမှုထမ်းများမလိုအပ်ဘဲ အန္တရာယ်ကျရောက်နေသော တိုက်ပွဲဇုန်အတွင်း တိုက်ရိုက်အကျိုးသက်ရောက်မှုများကို လျင်မြန်စွာလုပ်ဆောင်နိုင်စေရန်အတွက် ထောက်လှမ်းရေး၊ စောင့်ကြည့်ထောက်လှမ်းရေး၊ ကင်းထောက်လှမ်းရေးနှင့် တာဝေးပစ်တိုက်ခိုက်မှုစွမ်းအားစုတို့ကို ပေါင်းစပ်ပေးနိုင်လိမ့်မည်ဖြစ်သည်ဟု ၎င်းကပြောကြားခဲ့သည်။

ပူးတွဲသတင်းထုတ်ပြန်ချက်တွင် စီမံကိန်းကို ဩစတြေးလျ၏ လက်ရှိစွမ်းဆောင်ရည်များကိုအသုံးပြု၍ ပြောင်းလွယ်ပြင်လွယ်ရှိစွာ စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်နိုင်စေရေးအတွက် စီမံကိန်းကို အလျင်အမြန်အကောင်အထည်ဖော် လုပ်ဆောင်လျက်ရှိသည်ဟု ဖော်ပြထားကြောင်း သိရသည်။



စနစ်များ ပေါင်းစပ်အသုံးပြုမှု အပါအဝင် လက်ရှိ ဩစတြေးလျကာကွယ်ရေးတပ်ဖွဲ့သုံးစနစ်များနှင့် အဆင်ပြေချောမွေ့စွာ ပေါင်းစပ်လုပ်ဆောင်နိုင်မှုရရှိရန် ဒီဇိုင်းရေးဆွဲထားပြီး ပေါင်းစည်းတိုက်စွမ်းအားတစ်ခုပိုင်ဆိုင်ရန် အလားအလာကောင်းများပင်ဖြစ်သည်ဟု Duggan က ပြောကြားခဲ့သည်။

၂၀၂၁ ခုနှစ်က ရေးထိုးထားသော နားလည်မှုစာချွန်လွှာတွင် အခြားသော အာရှ-ပစိဖိတ် ကာကွယ်ရေးတပ်ဖွဲ့များသည် ဤသို့ တစ်စုတစ်စည်းတည်း တာဝေးပစ် တိုက်ခိုက်ရေးသဘောတရားကို တီထွင်ပြီးသည်နှင့် ပေါင်းစပ်ထားသော ဒရုန်းစနစ် အစုအဝေးကို အသုံးပြုနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြထားသည်။

သို့ရာတွင် အဆိုပါ ပေါင်းစပ်စနစ်၏ အပြီးသတ်လုပ်ဆောင်နိုင်မည့် အချိန်ကိုမူ ထုတ်ဖော်ပြောဆိုထားခြင်းမရှိသေးပါ။

**Australian Companies to Develop Long-Range Combat Drone ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၁၅၂၂ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က ကြံစိုက်ခင်းကို တွေ့ရစဉ်။

**ကျောက်မြောင်း အောက်တိုဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၁၅၂၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၁၆၄၄ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၅၂၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးရာသီ ကျောက်မြောင်းမြို့နယ်ခွဲမှာ ကြံဧက ၁၆၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိ ကြံဧက ၁၅၀၀ ကျော် စိုက်ပျိုးပြီးစီးပါပြီ။ ဒေသခံတောင်သူတွေက ကြံကို ပုံမှန်စိုက်ကြပါတယ်။ ကြံကို မိုးရာသီမှာ ပိုစိုက်ပျိုးကြပါတယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ကြံစိုက်ပျိုးမှုအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်နှင့် ကသာခရိုင်တို့တွင် စိုက်ပျိုးကြပြီး ကသာခရိုင်နှင့် ကန့်ဘလူခရိုင်တို့တွင် ကြံစိုက်ပျိုးမှု အများဆုံးဖြစ်ကြောင်း၊ ကြံစိုက်ပျိုးရာ၌ ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၆၀၀၀၀၀ နှင့် ၇၀၀၀၀၀ ကြားတွင် ကုန်ကျပြီး ကြံတစ်ဧကလျှင် တန်ချိန် ၃၀ ထွက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး၌ ကြံစိုက်ပျိုးရာတွင် အထွက်ကောင်းမျိုးဖြစ်သည့် K-95/84၊ နဝဒေး-၄၊ ဖော်မိုဇ၊ ဆင်းရွှေလီမျိုးများကို စိုက်ပျိုးကြပြီး မိုးရေဖြင့်စိုက်ပျိုးခြင်းနှင့် ရေတင်စိုက်ပျိုးခြင်းများကို ဦးစားပေးစိုက်ပျိုးကြကြောင်း သိရသည်။ (၂၀၆)

# မိုင်းရယ်မြို့နယ် နမ့်ဟူးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မိုင်းရယ် အောက်တိုဘာ ၂၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းခရိုင် မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တန့်ယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်နှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ မိုင်းရယ်မြို့နယ် နမ့်ဟူးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။



အဆိုပါ နမ့်ဟူးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း အရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မ ဖြုန်းကျောက်ခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၂ ဒသမ ၁၄ သန်းဖြင့် တင်ဒါအောင်မြင်သည့် အောင်ကြီးစိုးကုမ္ပဏီက ဇူလိုင်လ တတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါ ကျေးလက်ကုန်ထုတ်လမ်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၄၃ အိမ်၊ လူဦးရေ ၂၁၄ ဦးတို့၏ စိုက်ပျိုးမြေ ၁၀၃ ဧကကျော်မှ ထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း တန့်ယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်က ပြောပြ၍ သိရသည်။

**နံလာ**

# မိုးကောင်းမြို့နယ် တောင်နီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေ ထုတ်ချေး

**မိုးကောင်း အောက်တိုဘာ ၂၃**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တောင်နီကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါ ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဝင်းက ကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၁၀ ဒသမ ၂၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ကော်မတီဝင်များက တောင်နီကျေးရွာ၌ နေကြာနှင့် အခြားဆီထွက်သီးနှံများစိုက်ပျိုးမည့် အသင်းသား၊ အသင်းသူ ၂၅ ဦးကို ရန်ပုံငွေကျပ် ၁၀ ဒသမ ၂၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နေကြာအပါအဝင် အခြားဆီထွက်သီးနှံများ စိုက်ပျိုးသည့် တောင်သူများလိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များ ဝယ်ယူသုံးစွဲနိုင်ရန် အတိုးနှုန်းသက်သာစွာ ချေးငွေများ ထုတ်ချေးပေးနိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လည်ပတ်ရန်ပုံငွေများကို ထုတ်ချေးပေးခြင်းဖြစ်ကြောင်း မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဝင်းက ပြောပြ၍ သိရသည်။

**ချမ်းဦးကို**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၂၃-၁၀-၂၀၂၃**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧည့်မထ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၄၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၃၅၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၇၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၁၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၁၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၁၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့ခိုင်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဒေသတစ်လျှောက် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၃**

ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်အား ယနေ့နံနက်ပိုင်း၌ နေပြည်တော်ရှိ နိုင်ငံခြား ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံကြားတည်ရှိပြီးဖြစ်သည့် ဆွေမျိုး ပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုကို အခြေခံ၍ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင် ရွက်မှုများမြှင့်တင်ရေး၊ ရပ်ဝန်းနှင့်ပိုးလမ်းမ ပူးပေါင်းဆောင်ရွက်ရေးမူဘောင်အောက်မှ မြန်မာ-တရုတ် နှစ်နိုင်ငံကြား ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများကို နှစ်ဖက် အပြန်အလှန်အကျိုးဖြစ်ထွန်းမှု အပေါ်အခြေခံ၍ အချိန်အဟုန်မြှင့်အကောင် အထည်ဖော်သွားရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဒေသတစ်လျှောက် တည်ငြိမ် အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အတွက် နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေး၊ ရခိုင်ပြည်နယ်မှနေရပ်စွန့်ခွာသူများပြန်လည် လက်ခံရေးလုပ်ငန်း အကောင်အထည်ဖော် နိုင်ရေး၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်မှုများ၌ တရုတ်နိုင်ငံက အပြုသဘော ဆက်လက်ကူညီဆောင်ရွက် ပေးသွားမည့်ကိစ္စများအပါအဝင် ဒေသတွင်း နှင့် နိုင်ငံတကာမျက်နှာစာ အထူးသဖြင့် အာဆီယံနှင့် ကုလသမဂ္ဂတို့တွင် ပူးပေါင်း ဆောင်ရွက်ရေးကိစ္စရပ်များအပေါ် ရင်းနှီး ပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြ ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် သတင်းအချက်အလက်သိနားလည်မှု ရက်သတ္တပတ်အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၃**

ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် သတင်း အချက်အလက်သိနားလည်မှုရက်သတ္တပတ် (Global Media and Information Literacy Week 2023) အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာန ဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများ၊ ပုဗ္ဗသီရိမြို့နယ်နှင့် ဇေယျာသီရိမြို့နယ် အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူ များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နှစ်စဉ် အောက်တိုဘာလ၏ စတုတ္ထပတ်ကို ကမ္ဘာ လုံးဆိုင်ရာမီဒီယာနှင့်သတင်းအချက်အလက် သိနားလည်မှု ရက်သတ္တပတ်အဖြစ် UNESCO(ယူနက်စကို)က ဦးဆောင် သတ်မှတ်ကာ ၂၀၁၂ ခုနှစ်မှစတင်၍ ကမ္ဘာ တစ်ဝန်းကျင်းပခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ်တွင် စတင်ပါဝင်ဆောင်ရွက် ခဲ့ကြောင်း၊ အခမ်းအနားကျင်းပရသည့် ရည်ရွယ်ချက်မှာ ကမ္ဘာတစ်ဝန်းရှိသက်ဆိုင် သူများအားလုံးအတွက် မီဒီယာနှင့်သတင်း အချက်အလက် သိနားလည်မှုဆိုင်ရာ တိုးတက်မှုကိုပြန်လည်သုံးသပ်ရန်၊ သတင်း ရယူမှုအခြေအနေ တိုးမြှင့်လာစေရန်နှင့် မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ တိုးတက်မှုကိုဂုဏ်ပြု ရန်ဖြစ်ပြီး ကမ္ဘာတစ်ဝန်းရှိ ပြည်သူလူထု၏ အသိပညာများမြှင့်တင်ရန်၊စည်းရုံးလှုံ့ဆော် မှုများ ဆောင်ရွက်ရန်အဓိကျသည့် အခါ သမယဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် ယခုအခမ်းအနားသည် လူတိုင်းမီဒီယာနှင့် သတင်းအချက်အလက်များ သိနားလည်စေ ရန်အတွက်ဆောင်ရွက်ခဲ့ကြသည့် အတိတ် က အောင်မြင်မှုများကိုချီးကျူးဂုဏ်ပြုသည့် အခါသမယလည်းဖြစ်ကြောင်း။

၂၀၂၃ ခုနှစ်အတွက် ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် သတင်းအချက်အလက် သိနား လည်မှုရက်သတ္တပတ်၏ ဆောင်ပုဒ်သည် "Media and Information Literacy in Digital Spaces; A Collective Global Agenda" ဒစ်ဂျစ်တယ်ခေတ် ကာလမှာ မီဒီယာနှင့်သတင်းအချက်အလက် သိနားလည်မှုဖြစ်ပြီး ယခုအခမ်းအနားနှင့် ပတ်သက်သည့်လှုပ်ရှားဆောင်ရွက်မှုများကို အောက်တိုဘာ ၂၃ ရက်မှ ၂၅ ရက်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ယခုရက်သတ္တပတ်ကာလအတွင်း ပြည်သူ များ အထူးသဖြင့်လက်ရှိတာဝန်ထမ်းဆောင် နေသည့် ဝန်ထမ်းများ၊ လူငယ်လူရွယ်များ၊ ဆရာ၊ ဆရာမများ၊ အခြေခံပညာကျောင်း မှ ကျောင်းသား၊ ကျောင်းသူများကို မီဒီယာ နှင့် သတင်းအချက်အလက်သိနားလည်မှု စွမ်းရည်များ ပိုမိုတိုးတက်လာစေရန် အသိ ပညာပေးဟောပြောပွဲများ၊ ဆွေးနွေးပွဲများ၊ လေ့လာရေးပို့ဆောင်ခြင်းများကို ဆောင်ရွက် ပေးမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ဆောင်ရွက် ခြင်းဖြင့် ဝန်ထမ်းများ၊ လူငယ်လူရွယ်များ ကို လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ဖြစ်လာစေရန် လေ့ကျင့်သင်ကြားပေးနေ သည့် ဆရာ၊ဆရာမများအနေဖြင့် သတင်းတု၊ သတင်းမှားနှင့် သတင်းမှန်ကိုခွဲခြားသိမြင် ပြီး လူမှုကွန်ရက်ပေါ်တွင် ပျံ့နှံ့နေသည့် အမုန်းစကားများကို ဝိုင်းဝန်းကိုင်တွယ် ဖြေရှင်းခြင်းဖြင့် ငြိမ်းချမ်းသည့် လူ့အဖွဲ့ အစည်းဖြစ်လာစေရေးအတွက် မြော်တွေး ဆောင်ရွက်ကြရမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လူငယ်များအတွက် အွန်လိုင်း အသုံးပြုမှု အသိပညာပေးမှတ်တမ်းဗီဒီယို များကိုပြသသည်။

ယင်းနောက် တက်ရောက်လာသူများကို စကားဝိုင်းဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေး မည့် ဆရာမများနှင့် မိတ်ဆက်ပေးပြီး ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်း လွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကျောင်းသား၊ ကျောင်းသူများနှင့်အတူ သတင်းအချက်အလက်၊ အထွေထွေဗဟု သုတအမေးအဖြေများကို အတူတကွဖြေဆို ဆောင်ရွက်ပြီး ဆုရရှိသူများကို အမှတ်တရ ဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကာ ခင်းကျင်းပြသထားသော စာအုပ်စာတမ်း များ၊ ဂျာနယ်၊ သတင်းစာများကိုလှည့်လည် ကြည့်ရှုသည်။

ထို့နောက် ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှု ရက်သတ္တပတ်အခမ်းအနား စကားဝိုင်း ဆွေးနွေးပွဲကိုဆက်လက်ကျင်းပရာ မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြား ရေးမှူး ဒေါ်မြတ်ကြေးမုံက(Moderator) ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး စာရေး ဆရာမ ဒေါ်သက်သက်နွယ်(သက်သက်နွယ်- ရန်ကုန်တက္ကသိုလ်)၊ ဒေါ်ဝင့်ဝင့်အေး (တရားလွှတ်တော်ရှေ့နေ)၊ စာရေးဆရာမ ဒေါ်ငွေငွေမြင့် (ခင်လေး-ပြည်ထောင်စု နယ်မြေ)တို့က သတင်းအချက်အလက် အမှားများ၊ လုပ်ကြံသတင်းများနှင့် အမုန်း စကားများပျံ့နှံ့စေသည့် လူမှုမီဒီယာများ၊ ဆိုရှယ်မီဒီယာ၏ ကောင်းကျိုး၊ ဆိုးကျိုး၊ ဆက်သွယ်ရေးဥပဒေတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြပြီး ကျောင်းသား၊ ကျောင်းသူ များက သိရှိလိုသည်များကို မေးမြန်းကြရာ ပါဝင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ယင်းနောက် မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သီတာတင်က နိဂုံးချုပ်အမှာစကားပြော ကြားပြီး ကျောင်းသား၊ ကျောင်းသူများက ဗဟုသုတမေးခွန်းများ ဆက်လက်ဖြေဆိုခဲ့ ကြကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**




**☆ ဆင်ဖြူတော်ကလေးမှ**

ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ် ခြင်း၊အမွေးအဖြူရောင်ဖြစ်ခြင်း၊အမြီးတံခါး ပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက် ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်းလေးခုစီပါရှိခြင်း၊ နားကြီး ခြင်း စသည့်ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက်ကိုက်ညီသော ဆင်ဖြူတော်ကလေးဖြစ်သည်။

အဆိုပါဆင်ဖြူတော်ကလေး "ရွှေနန္ဒက" မှာ ယခုအသက် တစ်နှစ် သုံးလသား အရွယ်တွင် အရပ်အမြင့် ၄ ပေ၊ ကိုယ်လုံး လုံးပတ် ၆ ပေ ၅ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၈၈၀ ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်း စောင့်ရှောက်ရေးဥယျာဉ် နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင် တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာ ပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော် ကလေး "ရွှေနန္ဒက"မှာ ငယ်စဉ်ကတည်းက ပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်ကလေး ဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့်လူသား တို့အကြား ကောင်းမွန်စွာဆက်ဆံတတ်စေ ရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့်သင်ကြားပေး လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**❑ အားကောင်းသောမုန်တိုင်းငယ်မှ**

အားကောင်းသောမုန်တိုင်းငယ်(Deep Depression)၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့် ဟု သတ်မှတ်သည်။

အဆိုပါအားကောင်းသောမုန်တိုင်းငယ်(Deep Depression)သည် ညနေ ၅ နာရီခွဲ၌ မြောက်လတ္တီတွဒ် ၁၇ ဒသမ ၉ ဒီဂရီနှင့်အရှေ့လောင်ဂျီတွဒ် ၈၇ ဒသမ ၂ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၁ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက် နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ နှုန်းခန့်ဖြစ်သည်။

အဆိုပါအားကောင်းသောမုန်တိုင်းငယ်(Deep Depression)သည် မြောက်- အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက်ထပ် ခြောက်နာရီအတွင်း ဆိုင်ကလုန်းမုန်တိုင်း(Cyclonic Storm)အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်ကာ အောက်တိုဘာ ၂၅ ရက် ညနေပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေကို ခီပူပါရာမြို့ နှင့် စစ်တကောင်းမြို့တို့ကြားမှ ဖြတ်ကျော်နိုင်သည်ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြား မှုဦးစီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်း လျှပ်စစ်မီးများကို လျှော့သုံးပါ

# တတိယအကြိမ် World Construction Championship ပိတ်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၂၃**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၁၉ ရက် ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆောက်လုပ်ရေးနှင့် အိုးအိမ်ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ နှစ်နိုင်ငံ အလွတ်သဘောတွေ့ဆုံ၍ ဝန်ကြီးဌာနအချင်းချင်း လုပ်ငန်းများပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် လူစွမ်းအားအရင်းအမြစ် မြှင့်တင်မည့်ကဏ္ဍများအတွက် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။



ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းတွင် International Conference on the Development of the Construction Industry ဆွေးနွေးပွဲသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆောက်လုပ်ရေးနှင့် အိုးအိမ်ဝန်ကြီးဌာန ဝန်ကြီးနှင့် နိုင်ငံတကာမှ ဖိတ်ကြားထားသော ဆောက်လုပ်ရေးဆိုင်ရာအကြီးအကဲများနှင့်အတူ တက်ရောက်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆောက်လုပ်ရေးနှင့် အိုးအိမ်ဝန်ကြီးဌာနဝန်ကြီးနှင့် အလွတ်သဘောသီးသန့်တွေ့ဆုံ၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းအခြေအနေများနှင့် လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းအတွေ့အကြုံများကို ရင်းရင်းနှီးနှီး ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် တတိယအကြိမ် World Construction Championship ပိတ်ပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆောက်လုပ်ရေးနှင့် အိုးအိမ်ဝန်ကြီးဌာနဝန်ကြီးနှင့် နိုင်ငံတကာမှ ဖိတ်ကြားထားသော ဆောက်လုပ်ရေးကဏ္ဍမှ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့်အတူ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အောက်တိုဘာ ၂၁ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာလာခဲ့ရာ အောက်တိုဘာ ၂၂ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လယ်ယာမြေကိုအခြားနည်းသုံးစွဲထားမှုများ ဖြေရှင်းဆောင်ရွက်မည့်နည်းလမ်းနှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် ဆောင်ရွက်မည့်နည်းလမ်းများ လုပ်ထုံးလုပ်နည်းစံနှုန်း(SOP) ရေးဆွဲပြုစုရေးဦးစီးကော်မတီ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ





**နေပြည်တော် အောက်တိုဘာ ၂၃**

လယ်ယာမြေကို အခြားနည်းသုံးစွဲထားမှုများ ဖြေရှင်းဆောင်ရွက်မည့် နည်းလမ်းနှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် ဆောင်ရွက်မည့်နည်းလမ်းများ လုပ်ထုံးလုပ်နည်းစံနှုန်း (Standard Operating Procedure-SOP) ရေးဆွဲပြုစုရေး ဦးစီးကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ဦးစီးကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ချမှတ်ခဲ့သော ဆုံးဖြတ်ချက် ရှစ်ရပ်အရ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် လုပ်ငန်းကော်မတီများက သက်ဆိုင်ရာဒေသနှင့် ကိုက်ညီသည့် ... ဆီလျော်မည့် လုပ်ထုံးလုပ်နည်းစံနှုန်း(SOP) အစည်းအဝေးများ ပြုလုပ်ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးရလဒ်များကို ပြည်ထောင်စုအဆင့် လုပ်ငန်းကော်မတီမှတစ်ဆင့် ဦးစီးကော်မတီသို့ တင်ပြခဲ့ကြကြောင်း၊ တင်ပြချက်များအရ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ တင်ပြချက်များတွင် တူညီသည့် အချက်အလက်များပါရှိသကဲ့သို့ ဒေသတစ်ခုချင်းအခြေအနေများအရ မတူညီသောအချက်အလက်များ ပါဝင်သည်ကို တွေ့ရှိရပါကြောင်း။

ယခင်ကျူးလွန်အသုံးပြုခဲ့မှုနှင့်ပတ်သက်၍ ထိထိရောက်ရောက်အရေးယူဆောင်ရွက်သွားရန်လိုကြောင်း၊ နောင်ထပ်မံ၍ ကျူးလွန်မှုများ မဖြစ်ပွားစေရေးအတွက်ကိုလည်း လယ်ယာမြေကို စည်းကမ်းဖောက်ဖျက်ကျူးလွန်အသုံးပြုမှုကို စတင်တွေ့ရှိသည်နှင့် တစ်ပြိုင်နက်တည်း တာဝန်ရှိသူများက လယ်ယာမြေ ဥပဒေအရလည်းကောင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေအရလည်းကောင်း၊ အခြားဆက်စပ်ဥပဒေများအရလည်းကောင်း တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကြပ်မတ်အရေးယူဆောင်ရွက်သွားရန် လိုအပ်မှာဖြစ်ကြောင်း၊ ထို့ပြင် ထိရောက်စွာဟန့်တားနိုင်မည့် ပြစ်ဒဏ်မျိုးချမှတ်နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ လယ်ယာမြေပိုင်ဆိုင်လုပ်ကိုင်နေသူများအနေဖြင့် ဥပဒေပါပြဋ္ဌာန်းချက်များကို သိရှိလိုက်နာရန် အထူးလိုအပ်မှာဖြစ်ကြောင်း၊ လယ်ယာမြေဖြစ်ကြောင်း သိလျက်နှင့်ဖြစ်စေ၊ မသိရှိ၍ဖြစ်စေ ဝယ်ယူပြီး ခွင့်ပြုချက်မရှိဘဲ ကျူးလွန်ဖောက်ဖျက်ကာ အဆောက်အအုံဆောက်လုပ်အသုံးပြုပါက ဥပဒေနှင့်အညီ အရေးယူခံရမှာဖြစ်ကြောင်း၊ မြေယာဥပဒေအပါအဝင် ဆက်စပ်ဥပဒေများ သဘောတရားများကို ပြည်သူတိုင်းသိရှိနားလည်နေအောင် လေ့လာထားသင့်ပါကြောင်း။

လယ်ယာမြေကို အခြားနည်းသုံးစွဲထားမှုများ ဖြေရှင်းဆောင်ရွက်မည့်နည်းလမ်းနှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် ဆောင်ရွက်မည့်နည်းလမ်းများ လုပ်ထုံးလုပ်နည်းစံနှုန်း (Standard Operating Procedure-SOP) ရေးဆွဲပြုစုရေး ဦးစီးကော်မတီအနေဖြင့် ၁၄ ရက်သာ ကျန်ရှိတော့သည့်အတွက် SOP ရေးဆွဲခြင်း သတ်မှတ်တာဝန်ပေးထားသည့် ကာလအတွင်း လုပ်ငန်းများပြည့်စုံပြီးမြောက်အောင်မြင်ရေးကြိုးပမ်းသွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဦးစီးကော်မတီ တွဲဖက်အတွင်းရေးမှူး-၂ က SOP မူကြမ်းပါအချက်များကို ရှင်းလင်းတင်ပြရာ ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ကော်မတီဝင်များက SOP မူကြမ်းတွင်ပါဝင်သင့်သည့် အကြောင်းအရာ တစ်ချက်ချင်းအပေါ် ဆွေးနွေးကြသည်။

လယ်မြေများကို ဥပဒေနှင့်အညီ ခွင့်ပြုချက်မရှိဘဲ မြို့မြေ၊ ရွာမြေကဲ့သို့ အခိုင်အမာအဆောက်အအုံများ ဆောက်လုပ်ခြင်းသည် တည်ဆဲလယ်ယာမြေဥပဒေနှင့် လယ်ယာမြေနည်းဥပဒေများကို ဖျက်ကွယ်ပြုဆောင်ရွက်နေခြင်းသာဖြစ်၍ အဆိုပါကိစ္စရပ်များအပေါ် ထိရောက်စွာထိန်းသိမ်းဆောင်ရွက်နိုင်ရေး၊ စိုက်ပျိုးမြေများ မလျော့ပါးစေရေးနှင့် တိုးပွားလာသော ပြည်သူလူထုအတွက် နေထိုင်နိုင်ရန် မြေနေရာလုံလောက်ရေး၊ တိုးတက်ဖွံ့ဖြိုးလာသော စက်ရုံအလုပ်ရုံများအတွက် မြေနေရာ အသုံးပြုနိုင်ရေးတို့ကိုအခြေခံ၍ အဆိုပါ လိုအပ်ချက်များကို အကောင်းဆုံးဖြည့်ဆည်းပေးနိုင်မည့် (Standard Operating Procedure-SOP) ပေါ်ထွက်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၂၃**

၂၀၂၃ ခုနှစ် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အောက်တိုဘာ ၂၄ ရက်မှ ၃၁ ရက်ထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)၊ အမျိုးသားစာကြည့်တိုက်၊ အမျိုးသားပြတိုက်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၊ အနုပညာဦးစီးဌာန လေ့ကျင့်ရေးဇာတ်ရုံနှင့် နေပြည်တော်မြို့တော်ခန်းမတို့တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၄ ရက် **(ယနေ့)**နံနက်ပိုင်းတွင် MICC-II ၌ ကျင်းပမည်ဖြစ်ရာ ထိုသို့ကျင်းပပုံများကို နံနက် ၈ နာရီ ၄၅ မိနစ်မှစတင်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV-HD Channel၊ MRTV News Channel၊ MRTV Farmers' Channel၊ MRTV Parliament Channel၊ MITV၊ MWD-HD Channel၊ MWD Variety HD Channel၊ MOI Website ၊ MOI Youtube ၊ MRTV APP: အပါအဝင် Online တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့ပြင် မြန်မာ့အသံရေဒီယို၊ သဇင်FM၊ မန္တလေးFM၊ ပဒ္မဝတီFM၊ ရွှေFM၊ ပတ္တမြားFM၊ FMပုဂံ၊ ချယ်ရီFMနှင့် Star FM တို့မှလည်း တိုက်ရိုက်(Live) ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# လားရှိုးမြို့နှင့် ကွန်ဟိန်းမြို့တို့ရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများ၌ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းအမှတ်စဉ်(၆) ဖွင့်လှစ်



ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းအမှတ်စဉ်(၆) ဖွင့်ပွဲကျင်းပစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၃**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းအမှတ်စဉ်(၆) ဖွင့်ပွဲများကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့တို့ရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများ၌ပြုလုပ်ရာ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူး၊ ဒုတိယတိုင်းမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် ဒုတိယတိုင်းမှူးတို့က အဖွင့်အမှာစကားများ အသီးသီးပြောကြားကြသည်။ ထို့နောက် တိုင်းမှူး၊ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသူများကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။၎င်းနောက် အဆိုပါသင်တန်းကျောင်းများ၌ ခင်းကျင်းပြသထားသည့် အဆင့်မြင့်အိမ်တွင်းမှုအသက်မွေးဝမ်းကျောင်း ထုတ်ကုန်ပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းများကို လိုက်လံကြည့်ရှုကြသည်။

အဆိုပါအဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်းများကို ၂၀၂၄ ခုနှစ် မတ် ၂၂ ရက်ထိ သင်တန်းသူဦးရေ ၃၀စီဖြင့်ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ကျောက်ဆည်မြို့ သီတင်းကျွတ်ဆင်လှူပွဲတော်ကို ရိုးရာအစဉ်အလာမပျက်စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

**မန္တလေး အောက်တိုဘာ ၂၃**

ကျောက်ဆည်မြို့ ဆင်လှူပွဲတော်ကို နှစ်စဉ်ရိုးရာအစဉ်အလာမပျက် သီတင်းကျွတ်လဆန်း ၁၄ ရက် နေ့တွင် ဆင်အကအလှပြိုင်ပွဲကျင်းပပြီး လပြည့်နေ့၌ ဆွမ်းတော်ကြီးကပ်လှူပွဲ၊ ရွှေဆင်၊ ငွေဆင်လှူဒါန်းပွဲကျင်းပလျက်ရှိရာ ယခုနှစ်တွင်လည်း စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ကျောက်ဆည်မြို့ ဆင်လှူပွဲတော်ကြီးတွင် ဂုဏ်ပြုဆင် နှစ်စီး၊ သက်ကြီးဆင် နှစ်စီး၊ ညှော်ခံဆင် သုံးစီး၊မြို့မဈေးကြီးကို ဆင် ၇၇ စီးမှ သုံးပတ်လှည့်လည်ပါဝင်ဆင်နွှဲသွားမည် ဖြစ်ပြီး ပြိုင်ပွဲဝင်ဆင်အမျိုးအစားများတွင် ရိုးရာဆင်(လူကြီး) ခြောက်စီး၊ ရိုးရာဆင်(ကလေး) လေးစီး၊ တီထွင်ဆန်းသစ်မှုဆင် နှစ်စီး၊ ဘော်ကြယ်ဆင် ငါးစီး ပါဝင်မည်ဖြစ်သည်။

"ဆင်လှူပွဲတော်မှာ အစဉ်အလာမပျက် ပါဝင်ဆင်နွှဲလာခဲ့တာ ၁၇ နှစ်ရှိပါပြီ။ ဆင်ဒီဇိုင်းပုံစံကတော့ ရှေးရိုးရာလဲမပျက်ဘဲ ခေတ်အလိုက်အနည်းငယ်ပြောင်းလဲမှုတော့ ရှိပါတယ်၊ တစ်နှစ်နဲ့တစ်နှစ် ကုန်ကျစရိတ်တွေလဲ ပြောင်းလဲသွားပါတယ်။ ဒီနှစ်ဆိုရင် လူကြီးတန်းဆင် အနိမ့်ဆုံး ငွေကျပ် လေးသိန်းခွဲ၊ ကလေးတန်းဆင် အနိမ့်ဆုံးငွေကျပ် နှစ်သိန်းခွဲရှိပါတယ်။ ဘော်ကြယ်ဆင်မှာ လူကြီးတန်းဆင်ဆိုရင် ငွေကျပ် နှစ်ဆယ့်ငါးသိန်းထိရှိပါတယ်။ ဆင်အလှပေါ် မူတည်ပြီးပစ္စည်းတွေထည့်သလောက်ကုန်ကျစရိတ်အမျိုးမျိုးရှိပါတယ်"ဟု ရိုးရာဆင်ဖြင့် ပါဝင်ဆင်နွှဲမည့် ကျောက်ဆည်မြို့မှ ဆင်ချိုးပညာရှင် ဦးသိန်းအောင်က ပြောပြသည်။

"လူကြီးဆင်မှာ အမြင့်က ငါးပေခွဲခြောက်ပေလောက်ရှိပါတယ်။ကလေးဆင်မှာအနိမ့်ဆုံး ငွေကျပ် နှစ်သိန်းတန်ဆိုရင် အနိမ့်ဆုံး လေးပေလောက်မြင့်ပါတယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ် မတိမ်ကောမပပျောက်အောင်ထိန်းသိမ်းရင်း၊ မိဘရဲ့လက်မှုအနုပညာ အမွေဆက်လက်ထိန်းသိမ်းရင်း အစဉ်အလာမပျက်နှစ်စဉ်ပါဝင်ဆင်နွှဲရတဲ့အတွက် များစွာဂုဏ်ယူမိပါတယ်"ဟု ဆက်လက်ပြောပြ၍ သိရသည်။

**မျိုးကျော်**



# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရန်ကုန်အဝေးသင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ချစ်စိန်အားမော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးစီးပွားရေးရာဌာနကြီးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်လှိုင်မိုးအား ယင်းဌာနကြီး၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# ဦးချမ်းအေးအား ကူဝိတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

**နေပြည်တော် အောက်တိုဘာ ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးချမ်းအေးအား ကူဝိတ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ တည်းခိုခန်းနှင့် ဟိုတယ်များ အခန်းပြည့်လုနီးပါး ကြိုတင်မှာယူထား

**ရန်ကုန် အောက်တိုဘာ ၂၃**

ယခုနှစ် သီတင်းကျွတ်လပြည့်နေ့တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေသို့ လာရောက်လည်ပတ်ကြမည့် ခရီးသွားဧည့်သည်များပြားနိုင်ကြောင်းနှင့်တည်းခိုခန်းနှင့်ဟိုတယ်များတွင် အခန်းပြည့်လုနီးပါး ကြိုတင်မှာယူထားကြောင်း ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန(ပုဂံရုံးခွဲ)မှ သိရသည်။

ပုဂံဒေသသို့ သီတင်းကျွတ်လပြည့် (အဖိတ်နေ့ )မတိုင်မီ ပြည်ပခရီးသွားများနှင့် မြန်မာပြည်အထက်ပိုင်း၊ အောက်ပိုင်းမှ ဘုရားဖူးများ တဖွဲဖွဲဝင်ရောက်လေ့ရှိပြီး အဖိတ်နေ့၊ သီတင်းကျွတ်လပြည့်နေ့နှင့် လပြည့်ကျော် ၁ ရက်နေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေးနေ့ထူးနေ့မြတ်ဖြစ်ပြီး အလှူအတန်းနှင့် ကုသိုလ်ကောင်းမှုပြုလုပ်မှုအထူးများပြားသော နေ့ဖြစ်သည့်အပြင် ပုဂံရှေးဟောင်းနယ်မြေ၏ ညပိုင်း Night See အလှကို အပြည့်အဝတွေ့မြင်ခွင့်ရသည့်အတွက် ပြည်တွင်း၊ ပြည်ပခရီးသွားများ အထူးနှစ်ခြိုက်လေ့ရှိသည့် ခရီးသွားပွဲတော်ကာလဖြစ်သည်။

အဆိုပါ ခရီးသွားပွဲတော်ကာလ၌ ခရီးသွားဝင်ရောက်မှုများပြားသည့်အတွက် တည်းခိုခန်းနှင့်ဟိုတယ်များအခန်းပြည့်လေ့ရှိပြီး ဘုန်းတော်ကြီးကျောင်းများနှင့် ဘုရားတန်ဆောင်းများ၊ ကျေးရွာများ၊ ပုဂံဒေသကားလမ်းတစ်လျှောက်ရှိ ယာဉ်များပေါ်၌ နားခိုလည်ပတ်ရသည်ထိ ခရီးသွားဝင်ရောက်မှုအထူးစည်ကားလေ့ရှိသည်။

ပြီးခဲ့သည့်နှစ် သီတင်းကျွတ်လပြည့်နေ့တွင် ပုဂံယဉ်ကျေးမှုနယ်မြေရှိ အထင်ကရဘုရားစေတီများသို့ ခရီးသွားတစ်သိန်းခွဲခန့်ထိဝင်ရောက်ခဲ့ပြီး ရွှေစည်းခုံ၊ ထီးလိုမင်းလို၊ အလိုတော်ပြည့်၊ အာနန္ဒာစေတီတော်၊ စူဠာမဏိ၊ ဓမ္မရံကြီး၊ ရွှေဆံတော်၊ သဗ္ဗညုစေတီတော်၊ ကန်တော့ပလ္လင်၊ ဗူးဘုရား၊ မနူဟာစေတီတော်၊ မြစေတီ၊ လောကနန္ဒာ၊ ဓမ္မရာဇိက၊ ငှက်ပစ်တောင်၊ တူးရွှင်းတောင်နှင့်တန့်ကြည်တောင်တို့တွင် နံနက်စောစောမှ ညပိုင်း ဆီမီးပူဇော်သည့်အချိန်ထိ ဘုရားဖူးများဖြင့် အထူးစည်ကားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"NCAနှင့် ရိုးသားမှု"**ခေါင်းစဉ်ဖြင့် ၂၅-၁၀-၂၀၂၃ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်ဘူတာနှင့် တော်ဝိဘူတာအကြားရထားလမ်းအား PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး"**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# အနောက်တောင်တိုင်းစစ်ဌာနချုပ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဒုတိယအကြိမ် ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ပေးအပ်



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်း ကျောင်းသားတစ်ဦးကို ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ပေးအပ်စဉ်။

**နေပြည်တော် အောက်တိုဘာ ၂၃**

အနောက်တောင်တိုင်း စစ်ဌာနချုပ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဒုတိယ အကြိမ် ကျောင်းဝတ်စုံနှင့် ကျောင်းသုံး စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ ရောဝတီခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်များအတွက် ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ပေးအပ်ရာ အတန်းလိုက် ကျောင်းသား၊ ကျောင်းသူ ကိုယ်စားလှယ်အသီးသီးက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျောင်းသား၊ ကျောင်းသူများ၏ "မြန်မာ့ကျောင်း" သီချင်းဖြင့် သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

# မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ သူနာပြုအကူ(မြင့်ပ) သင်တန်းဆင်းပွဲ ပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၂၃**

မွန်ပြည်နယ် မော်လမြိုင်မြို့ ခုတင်-၅၀၀ဆံ့ ပြည်သူ့ဆေးရုံကြီးနှင့် ခုတင်-၂၀၀ဆံ့ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးတို့၌ ဖွင့်လှစ်သင်ကြားသည့် သူနာပြုအကူ(မြင့်ပ)သင်တန်းဆင်းပွဲကို ယနေ့ နံနက်ပိုင်းတွင် မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီးရှိ အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းဆင်းအမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က သင်တန်း၌ ထူးချွန်ဆုရရှိကြသည့်သင်တန်းသူများကို ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်း ထူးချွန်ဆုရသင်တန်းသူ တစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲဖွင့်ပွဲ ကျင်းပ



အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၃**

အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အောင်ဇေယျခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက လက်ဝှေ့ပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းဖြင့် အောက်တိုဘာ ၂၇ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## အောက်တိုဘာ ၂၃ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**နေပြည်တော် အောက်တိုဘာ ၂၃**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၂ ရက် ည ၈ နာရီမှ ယနေ့ ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၂၅၆၉ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့်သေဆုံးသူမရှိပါ။ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# လှည်းကူးမြို့နယ်နှင့် တိုက်ကြီးမြို့နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တွေ့ဆုံ၊ ဆေးရုံတက်ရောက်ကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် မင်းကုန်းကျေးရွာနှင့် တိုက်ကြီးမြို့နယ် ချင်းကုန်းကျေးရွာတို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက နယ်မြေခံသင်တန်းကျောင်းခန်းမများ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် တိုက်ကြီးမြို့နယ်ရှိ နယ်မြေခံဆေးတပ်ရင်း၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်များကို သွားရောက်တွေ့ဆုံ၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှုများ၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားကာ ဆေးရုံအတွင်းလှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။



# ကျွန်းစုမြို့နယ်နှင့် တောင်ငူမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေး အဖွဲ့များက ဒေသခံ ပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၃**

တိုင်းဒေသကြီးနှင့် ပြည်နယ်များ အတွင်းရှိ မြို့နယ်များမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဒေသခံ ပြည်သူများကို သက်ဆိုင်ရာတိုင်းစစ်ဌာန ချုပ်အသီးသီးမှ နယ်မြေခံဆေးကုသရေး အဖွဲ့များက လိုအပ်သည့်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက် ပေးလျက်ရှိရာ ယနေ့တွင် ကမ်းရိုးတန်း ဒေသတိုင်းစစ်ဌာနချုပ်နှင့် တနင်္သာရီ ရေတပ်စခန်းဌာနချုပ်တို့မှ နယ်မြေခံဆေး ကုသရေးအဖွဲ့များက တနင်္သာရီတိုင်းဒေသ ကြီး ကျွန်းစုမြို့နယ် ရေကန်တောင်ကျေးရွာ နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံ ပြည်သူ ၃၆၇ ဦးတို့ကို လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့က ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် အိုင်ဇောက်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော် ရှစ်ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ခြောက် ပါးနှင့် ဒေသခံပြည်သူဦးရေ ၁၅၀ တို့ကို လည်းကောင်း သတ်မှတ်နေရာအသီးသီး၌ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသ ပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေး ကုသရေးအဖွဲ့များက အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ မျက်စိရောဂါ၊ ခွဲစိတ်ကုသမှု ဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်း ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်း ကြောင်းဆိုင်ရာရောဂါ၊ အထွေထွေရောဂါ တို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာ ရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက် ပေးပြီး ECGစက်ဖြင့် ရောဂါရှာဖွေစမ်းသပ် ခြင်းများ ဆောင်ရွက်ပေးကာ ဆေးရုံ တက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံများသို့ တက် ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက် ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးနှင့် တာဝန်ရှိသူများက သွား ရောက်ကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

## PDF အမည်ခံအကြမ်းဖက်သမားများက ထားဝယ်မြို့ ကြက်စားပြင်ရပ်ကွက် ကမ်းနားလမ်းရှိ အောင်တံခွန်ငါးလေလံဈေး အတွင်းသို့ Drop ဗုံးများပစ်ချတိုက်ခိုက်မှုကြောင့် အသက် ၁၄ နှစ်အရွယ်ကလေး တစ်ဦး ထိခိုက်ဒဏ်ရာရရှိ

ထားဝယ်မြို့ ကြက်စားပြင်ရပ်ကွက် ကမ်းနားလမ်း အောင်တံခွန် ငါးလေလံဈေးအတွင်း၌ Drop Bombများ ကျရောက်ပေါက်ကွဲခဲ့သည့် နေရာပြပုံ




**နေပြည်တော် အောက်တိုဘာ ၂၃**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ကြက်စားပြင်ရပ်ကွက် ကမ်းနားလမ်းရှိ အောင်တံခွန် ငါးလေလံဈေးအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက Drone အသုံးပြု၍ ဗုံးသီးများ ပစ်ချတိုက် ခိုက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ထားဝယ်မြို့ ကြက်စားပြင် ရပ်ကွက် ကမ်းနားလမ်းရှိ အောင်တံခွန် ငါးလေလံဈေးကို PDF အမည်ခံအကြမ်း ဖက်သမားများက ယနေ့ မွန်းလွဲပိုင်းတွင် ဈေး၏ အနောက်မြောက်ဘက်မီတာ ၅၀၀ ခန့်အကွာမှ Drone အသုံးပြု၍ Drop ဗုံးများဖြင့် ပစ်ချတိုက်ခိုက်ခဲ့သဖြင့် ဈေးဝယ်နေသည့် အသက် ၁၄ နှစ်အရွယ် ကလေး တစ်ဦး ဗုံးစထိမှန် ဒဏ်ရာများရရှိခဲ့ ကြောင်း သိရသည်။

အဆိုပါ ထိခိုက်ဒဏ်ရာရရှိခဲ့သူကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ထားဝယ်မြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူ စေလျက်ရှိကြောင်းနှင့် ယခုကဲ့သို့ အများ ပြည်သူများ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ဒေသခံပြည်သူများ အေးချမ်းစွာ ဈေးရောင်း၊ ဈေးဝယ်ပြုလုပ် နေသည့် ဈေးအတွင်းသို့ Drop ဗုံးများ ပစ်ချတိုက်ခိုက်ခဲ့သည့် PDF အမည်ခံ အကြမ်းဖက်သမားများကို အမြန်ဆုံး ဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆောင် ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီ ထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ် ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက် သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## သဇင်(FM) အသံလွှင့်အစီအစဉ်

၂၄-၁၀-၂၀၂၃ (အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၁၀း၄၆ | ဖတ်သမျှမှတ်သမျှ |
| ၂။ | ၁၃း၃၀ | Live For You |
| ၃။ | ၁၅း၃၅ | Opposite Song |
| ၄။ | ၁၈း၂၀ | Online Request Song |
| ၅။ | ၂၂း၀၀ | I Music For Tonight |

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာ ထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့ နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူ လူထုကို အကြောက်တရားများဖြစ်ပေါ် စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက် ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိ နားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက် ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေ ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရ မည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင် သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်း ခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်း ခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော် လည်း အသိပေးထုတ်ပြန်ချက်အပေါ် မျက် ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး ကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန် ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့် ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "ပြည်သူ ကျော် ဗမာ"Facebook အကောင့်ပိုင်ရှင် ဖြစ်သူ ရောဝတီတိုင်းဒေသကြီး ဘိုကလေး မြို့ အမှတ်(၆)ရပ်ကွက်နေ ကျော်ကျော်(ခ) ကျော်စိုးကို အောက်တိုဘာ ၂၀ ရက် ည ၇ နာရီခွဲတွင်လည်းကောင်း၊ အောက်တိုဘာ ၂၂ ရက်တွင် "ဝင်းနိုင်နေဝင်းနိုင်နေဝင်း နိုင်နေ"Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် ပေါင်မြို့နယ် ကဒုံစီး ရပ်ကွက်နေ ဝင်းနိုင်(ခ) ကြွက်ကို မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် လည်းကောင်း၊ "KaungMyat" Facebook အကောင့် ပိုင်ရှင်ဖြစ်သူ ပေါင်မြို့နယ် ကုလားချောင်း ကျေးရွာနေ ကောင်းမြတ်(ခ) ကျော်ထက် ကို ညနေ ၃ နာရီ ၄၅ မိနစ်တွင်လည်း ကောင်း၊ "AungKoLatt"Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသ ကြီး သယ်န်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက် နေ အောင်ကိုလတ်(ခ)အာလာဒင်ကို ည ၁၀ နာရီ ၅ မိနစ်တွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရား ဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက် ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ် များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး ကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေး ကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ် ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူ များကို ဆက်လက်ဖော်ထုတ်အရေးယူ သွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန် အပ်ပါသည်။

# နီပေါနိုင်ငံတွင် ပြင်းအား ၅ ဒသမ ၂ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်မှုကြောင့် လူနေအိမ် ၂၄ လုံးခန့် ပြိုကျပျက်စီး



**စတ္တမန္တူ အောက်တိုဘာ ၂၃**

နီပေါနိုင်ငံ တောင်ကုန်းထူထပ်သောခရိုင်တစ်ခုဖြစ်သည့် ဒါဒင်းခရိုင်တွင် အောက်တိုဘာ ၂၂ ရက်က ပြင်းအား ၅ ဒသမ ၂ မဂ္ဂနီကျူရှိ ငလျင်တစ်ခုလှုပ်ခတ်ခဲ့ပြီး နောက်ဆက်တွဲလျင်များ လှုပ်ခတ်မှုကြောင့် လူနေအိမ် ၂၄ လုံးခန့် ပြိုကျပျက်စီးခဲ့ကြောင်း အောက်တိုဘာ ၂၂ ရက် သတင်းများအရ သိရသည်။

ပြင်းအား ၅ ဒသမ ၂ မဂ္ဂနီကျူရှိ ငလျင်တစ်ခု လှုပ်ခတ်ခဲ့ပြီးနောက် ပြင်းအား ၄ ဒသမ ၃၊ ၄ ဒသမ ၁ နှင့် ၃ ဒသမ ၈ မဂ္ဂနီကျူရှိ နောက်ဆက်တွဲလျင်တချို့ထပ်မံလှုပ်ခတ်ခဲ့မှုကြောင့် မြေပြိုမှုများဖြစ်ပွားခဲ့ပြီး အဆိုပါခရိုင်အတွင်းရှိ လူနေအိမ် ၂၄ လုံးခန့် ပြိုကျပျက်စီးခဲ့ကြောင်း၊ လူထိခိုက်သေဆုံးမှုနှင့်ပတ်သက်သောသတင်းများကိုမူ အသေးစိတ်မသိရှိရသေးကြောင်း ခရိုင်အစိုးရ အုပ်ချုပ်ရေးမှူး ဟန်နက်ပါရာဂျူလီက ပြောကြားခဲ့သည်။

ငလျင်လှုပ်ခတ်မှု ဗဟိုချက်နေရာသည် ခတ္တမန္တူမြို့နှင့် မိုင် ၄၀ ခန့်ကွာဝေးသော်လည်း ငလျင်လှုပ်ခတ်မှုကို မြို့တော်ကပါ ခံစားခဲ့ရကြောင်း၊ အမေရိကန်ဘူမိဗေဒတိုင်းတာရေးမှ တိုင်းတာချက်များအရ ငလျင်သည် မြေအောက်အနက် ၁၅ ဒသမ ၄ မိုင်တွင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ငလျင်လှုပ်ခတ်မှုကို ဘက်မတီနှင့် ဂန်ဒါကီပြည်နယ်တွင်လည်း ခံစားခဲ့ရပြီး ငလျင်လှုပ်ခတ်မှုကြောင့် လူအများအထိတ်တလန့်ဖြစ်ပွားခဲ့ကြကာ ဂန်ဒါကီပြည်နယ် ဂေါ်ခါခရိုင်တွင် အမျိုးသမီးတစ်ဦး အိမ်ပေါ်မှ ကြောက်လန့်တကြားခုန်ချခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : AZH**

# ဩစတြေးလျနိုင်ငံ ပက်သ်မြို့တွင် လူနေအိမ်ခြေများဆီသို့ တောမီးကူးစက်လောင်ကျွမ်းနေ

**ကင်ဘာရာ အောက်တိုဘာ ၂၃**

ဩစတြေးလျနိုင်ငံ အနောက်ဩစတြေးလျပြည်နယ်ရှိ ပက်သ်မြို့အနီးတွင် တောမီးပြင်းထန်စွာလောင်ကျွမ်းနေပြီး တောမီးလောင်ကျွမ်းမှုသည် လူနေအိမ်ခြေများဆီသို့ ကူးစက်လောင်ကျွမ်းမှုဖြစ်ပွားနေကြောင်း အနောက်ဩစတြေးလျပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တောမီးလောင်ကျွမ်းမှုသည် ဘိုးပန်ခြံမှစတင်၍ လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး လူနေအိမ်ခြေများဆီသို့ကူးစက်ကာ အသက်အန္တရာယ်ခြိမ်းခြောက်နေသည့် အခြေအနေဖြစ်ကြောင်း၊ တောမီးလောင်ကျွမ်းမှုသည် လူနေအိမ်ခြေများဆီသို့ ကူးစက်နေသကဲ့သို့ လူနေအိမ်ခြေပေါင်း ၃၀ ထိ ကူးစက်သွားဖွယ်ရှိနေကြောင်း အနောက်ဩစတြေးလျပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက သတိပေးသွားခဲ့သည်။

တောမီးလောင်ကျွမ်းမှုသည် လူနေအိမ်ခြေများဆီသို့ ကူးစက်နေပြီဖြစ်သည့်အတွက် အာဏာပိုင်အဖွဲ့အစည်းက မီးသတ်တပ်ဖွဲ့ဝင်အင်အားအမြောက်အမြား အသုံးပြုထားပြီး လေကြောင်းအကူအညီကိုပါ ရယူသွားရန်ပြင်ဆင်နေကြောင်း အနောက်ဩစတြေးလျပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။



တောမီးလောင်ကျွမ်းမှုကို မီးသတ်တပ်ဖွဲ့ဝင်အင်အားအမြောက်အမြားဖြင့် ငြိမ်းသတ်နေပြီး ဇရိယာတချို့တွင် တောမီးကို စတင်ထိန်းချုပ်နိုင်ပြီဖြစ်သော်လည်း ဇရိယာတချို့တွင် တောမီးလောင်ကျွမ်းမှုသည် အခြေအနေပိုမိုဆိုးရွားလာဖွယ်ရှိနေသည့်အတွက် အရေးပေါ်အခြေအနေထုတ်ပြန်ထားကြောင်း၊ အနောက်ဩစတြေးလျပြည်နယ်မှ မီးသတ်တပ်ဖွဲ့ဝင်များအပြင် အခြားသောပြည်နယ်များမှ မီးသတ်တပ်ဖွဲ့ဝင်များကလည်း တောမီးကို ထိန်းချုပ်နိုင်ရေး လာရောက်ကူညီပေးနေကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : Sai Sat**

# ဘာဘူဒါကျွန်းနိုင်ငံသို့ တမ်မီဟာရီကိန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်

**ဝါရှင်တန် အောက်တိုဘာ ၂၃**

အမေရိကန်နိုင်ငံ မိုင်ယာမီမြို့အခြေစိုက် အမေရိကန်အမျိုးသားဟာရီကိန်းစင်တာက တမ်မီဟုအမည်ပေးထားသော ဟာရီကိန်းမုန်တိုင်းသည် ကာရစ်ဘီယံဒေသဖြစ်သော ဘာဘူဒါကျွန်းနိုင်ငံသို့ ဝင်ရောက် တိုက်ခတ်နေကြောင်း ယနေ့သတင်းများအရ သိရသည်။

တမ်မီဟာရီကိန်းမုန်တိုင်းသည် တစ်နာရီလျှင် ၈၅ မိုင်နှုန်းဖြင့် တိုက်ခတ်နေခြင်းဖြစ်ပြီး မုန်တိုင်းဖြတ်သန်းရာ လမ်းကြောင်းတစ်လျှောက် ပျက်စီးမှုဖြစ်ပွားနိုင်ကြောင်း အမေရိကန် အမျိုးသားဟာရီကိန်းစင်တာက သတိပေးချက်ထုတ်ပြန်ခဲ့သည်။

တမ်မီဟာရီကိန်းမုန်တိုင်းသည် တစ်နာရီလျှင် ၁၀ မိုင်နှုန်းဖြင့် အမေရိကန်နိုင်ငံ၏ နယ်နိမိတ်အတွင်းသို့ ဝင်ရောက်လာဖွယ်ရှိနေကြောင်းလည်း အမေရိကန်အမျိုးသားဟာရီကိန်းစင်တာက ထုတ်ပြန်ခဲ့သည်။

တမ်မီဟာရီကိန်းမုန်တိုင်းသည် ဘာဘူဒါကျွန်းနိုင်ငံမှ တစ်ဆင့် အရှေ့မြောက်ဘက်ပိုင်းသို့ဦးတည် တိုက်ခတ်သွားဖွယ်ရှိနေပြီး အတ္တလန္တိတ်ဂုန်အတွင်းမှ နိုင်ငံများသို့ တိုက်ခတ်သွားဖွယ်ရှိနေကြောင်း၊ တမ်မီဟာရီကိန်းမုန်တိုင်းကြောင့် ဘာဘူဒါကျွန်းအပြင် ကာရစ်ဘီယံဒေသတချို့တွင်လည်း မိုးသည်းထန်စွာရွာသွန်းလျက်ရှိပြီး မိုးရေချိန်မှာ ၁၂ လက်မထိ မြင့်တက်သွားဖွယ်ရှိနေကြောင်း၊ တမ်မီဟာရီကိန်းမုန်တိုင်းကြောင့် ဘာဘူဒါကျွန်းအပြင် လီဝက်ဒ်ကျွန်း၊ ဗြိတိသျှကျွန်းနှင့် ယူအက်စ်ဗာဂျင်ကျွန်းတို့တွင်လည်း မိုးသည်းထန်စွာရွာသွန်းလျက်ရှိပြီး ဒီရေမြင့်တက်မှုများလည်း ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ဘာဘူဒါကျွန်းနိုင်ငံတွင် ဒီရေသည် တစ်ပေမှ သုံးပေထိ မြင့်တက်နေသည့်အတွက် ပုံမှန်ဖြစ်ပေါ်လေ့ရှိသည့် ဒီရေမြင့်တက်မှုထက်မြင့်မားနေကြောင်း၊ တမ်မီဟာရီကိန်းမုန်တိုင်းသည် အမေရိကန်နိုင်ငံအပြင် ဘာမြူဒါနိုင်ငံနှင့် အခြားသော အတ္တလန္တိတ်ဂုန်နိုင်ငံများသို့လည်း လာမည့်ရက်အတွင်း ဖြတ်သန်းတိုက်ခတ်ဖွယ်ရှိနေရာ အတ္တလန္တိတ်ဂုန်အတွင်း နိုင်ငံများအနေဖြင့် ရေဘေးအန္တရာယ်ဖြင့်ရင်ဆိုင်ရဖွယ်ရှိကြောင်း အမေရိကန်အမျိုးသားဟာရီကိန်းစင်တာက ထုတ်ပြန်ခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

# အစ္စတန်ဘူလ်မြို့တွင် ဆည်များအတွင်း ရေကျဆင်းမှုကြောင့် ရေရှားပါးမှုဖြင့်ရင်ဆိုင်နေရ

**အင်ကာရာ အောက်တိုဘာ ၂၃**

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် ဆည်များအတွင်း ရေပမာဏကျဆင်းမှုကြောင့် ရေရှားပါးမှုပြဿနာဖြင့် ရင်ဆိုင်နေရကြောင်း အောက်တိုဘာ ၂၂ ရက် သတင်းများအရ သိရသည်။

အစ္စတန်ဘူလ်မြို့၏ ရေလိုအပ်ချက်ကို ၄၀ ရာခိုင်နှုန်းထိဖြည့်ဆည်းပေးလျက်ရှိသော တာတဲလ်ဆည်၏ ရေပမာဏသည် ၁၄ နှစ်တာကာလအတွင်း အနိမ့်ဆုံးအဆင့်သို့ရောက်ရှိလျက်ရှိပြီး မြို့ကိုပံ့ပိုးပေးလျက်ရှိသော အခြားဆည်လေးခုတွင်လည်း အောက်တိုဘာ ၁၅ ရက်က ရေသိုလှောင်မှုပမာဏ ၂၁ ဒသမ ၆၉ ရာခိုင်နှုန်းရှိရာမှ ယခုအခါ ၂၁ ဒသမ ၀၁ ရာခိုင်နှုန်းထိ ကျဆင်းမှုများဖြစ်ပေါ်လျက်ရှိကာ ရေရှားပါးမှုပြဿနာဖြင့် ရင်ဆိုင်နေရကြောင်း မြို့တော် ရေနှင့် ရေဆိုးမြောင်းစီမံခန့်ခွဲမှုအဖွဲ့က ထုတ်ပြန်သောသတင်းများအရ သိရသည်။

အလားတူ အစ်ဒီဗိယာပြည်နယ်တွင်လည်း ဆည်များ၏ရေသိုလှောင်မှုပမာဏသည် အောက်တိုဘာလ တတိယပတ်တွင် ရေပမာဏ ၂၁ ရာခိုင်နှုန်းထိကျဆင်းခဲ့ပြီး အောက်တိုဘာလဒုတိယပတ်ကထက် ပိုမိုကျဆင်းမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

အစ္စတန်ဘူလ်မြို့ရှိ ဆည်များနှင့် ရေကန်များ၏ စုစုပေါင်းရေသိုလှောင်နိုင်မှု အမြင့်ဆုံးပမာဏမှာ ၈၆၈ ဒသမ ၆၈ ကုဗမီတာဖြစ်ပြီး ယခုအခါ ၁၈၂ ကုဗမီတာသာ ကျန်ရှိတော့ရာ ကိုးနှစ်အတွင်း မိုးရွာသွန်းမှုအနိမ့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ခြင်းကလည်း အဆိုပါအခြေအနေကို ဖြစ်ပေါ်စေလျက်ရှိသည်ဟု မြို့တော် ရေနှင့် ရေဆိုးမြောင်းစီမံခန့်ခွဲမှုအဖွဲ့က ထုတ်ပြန်ထားကြောင်း သိရသည်။

တူရကီနိုင်ငံတွင် ရာသီဥတုအကျပ်အတည်းကို တုံ့ပြန်ရေးနှင့် ရေထိန်းသိမ်းမှု မြှင့်တင်ရေးလုပ်ငန်းများကို ယခုနှစ်အစောပိုင်းမှစ၍ စတင်လုပ်ဆောင်လျက်ရှိပြီး နိုင်ငံတစ်ဝန်းရှိ ရေထိန်းသိမ်းမှုဒေသ ၂၃ ခုတွင် မိုးခေါင်ရေရှားမှုစီမံခန့်ခွဲရေးအစီအစဉ်များကို သက်ဆိုင်ရာအာဏာပိုင်များက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : AZH**

# ဆစ်ခ်ခရိုင်တွင် ရေကြီးရေလျှံမှုကြောင့် ဒေသခံ ၆၇ ဦး ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ

**ကွာလာလမ်ပူ အောက်တိုဘာ ၂၃**

မလေးရှားနိုင်ငံ ဆစ်ခ်ခရိုင်တွင် ရေကြီးရေလျှံမှုဖြစ်ပွားနေပြီး ရေဘေးအန္တရာယ်ကြောင့် မိသားစုပေါင်း ၁၁ စုမှ မိသားစုဝင်ပေါင်း ၆၇ ဦးထိ အရေးပေါ်အခြေအနေဖြင့် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း ဆစ်ခ်ခရိုင်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရေကြီးရေလျှံမှုသည် အောက်တိုဘာ ၂၂ ရက် ညနေ ၄ နာရီခန့်မှ စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မိုးရေချိန်မြင့်မားသည့်အတွက် အချိန်တိုအတွင်း ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ရေဘေးအန္တရာယ်ကြောင့် အရေးပေါ်ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသော ဒေသခံများကို ကယ်ဆယ်ရေးဝန်ထမ်းများစေလွှတ်ကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသောဒေသခံများကို ကယ်ဆယ်ရေးစခန်းနှစ်ခုဖွင့်လှစ်ကာ နေရာချပေးထားကြောင်း မလေးရှားနိုင်ငံကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

"အောက်တိုဘာ ၂၂ ရက်က စတင်ခဲ့တဲ့ ရေကြီးရေလျှံမှုဟာ အန္တရာယ်ရှိတဲ့ အခြေအနေဖြစ်ပါတယ်။ မိုးရေချိန်မြင့်မားခဲ့တဲ့အတွက် ရေကြီးရေလျှံမှုဟာအချိန်တိုအတွင်း ဖြစ်ပွားခဲ့တာဖြစ်ပါတယ်။ ရေကြီးရေလျှံမှုဟာ ညနေ ၄ နာရီလောက်ကနေ စတင်ပြီး တော့ဖြစ်ပွားလာခဲ့တာဖြစ်ပါတယ်။ ကမ်ပန်ဘန်ဂေါရေးယာမှာတော့ ညနေ ၆ နာရီ မိနစ် ၂၀ လောက်ကနေစတင်ပြီး ရေကြီးရေလျှံမှုဖြစ်ပေါ်နေတဲ့အကြောင်း သက်ဆိုင်ရာနယ်မြေခံအာဏာပိုင်အဖွဲ့အစည်းက သတင်းပေးပို့လာပါတယ်။ ကမ်ပန်ဂျာရိုင်ရေးယာမှာတော့ ည ၇ နာရီ ၅ မိနစ်မှာ ရေကြီးရေလျှံမှု စတင်ခဲ့ပြီး ကမ်ပန်ပီနန်ရေးယာမှာ ည ၇ နာရီ ၁၇ မိနစ်မှာ ရေကြီးရေလျှံမှု စတင်ခဲ့တယ်လို့ သတင်းပေးပို့လာပါတယ်။ ရေဘေးအန္တရာယ်ကြောင့် အရေးပေါ်ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရတဲ့ ဒေသခံတွေကတော့ ကမ်ပန်ဂျာရိုင်ရေးယာက ဒေသခံတွေဖြစ်ပါတယ်။ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရတဲ့ ဒေသခံ ၆၇ ယောက်ကို ကယ်ဆယ်ရေးစခန်းနှစ်ခုမှာ နေရာချပေးထားပါတယ်" ဟု ဆစ်ခ်ခရိုင်အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**Ref : Xinhua News**
**Trs : Sai Sat**

# ရိုးသားခြင်းရဲ့ ရလဒ်

စစ်ရင်သွေး(ဖန်းတောင်း)



(၁)

ရွာ၏အမည်မှာ ကြံတောရွာဖြစ်၏။ မြေလတ်ပိုင်းဒေသတွင်ရှိသော ရွာလေးပင်ဖြစ်သည်။ မြို့နှင့် သုံးမိုင်ခန့်ဝေးသည်။ ထိုရွာကလေးရှိ လူအများစုမှာ ခြံထွက်သီးနှံများဖြစ်သော ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ မုန်လာဥ၊ ရုံးပတီ၊ ငရုတ် စသောသီးနှံပင်များ စိုက်ပျိုးကြသည်။ တောင်ပေါ်ဆည်မှ ရေပေးဝေသောအခါ စီးဝင်လာသော ရွာလယ်ချောင်းရေကိုအမှီပြု၍ ရာသီပေါ်သီးနှံပင်များ စိုက်ပျိုးဖြစ်ထွန်း အောင်မြင်ကြသည်။

ရွာသူ၊ ရွာသား အများစုမှာ ဥယျာဉ်ခြံမြေမှထွက်ရှိလာသော ရာသီအလိုက် သီးနှံပင်များ စိုက်ပျိုးရောင်းချကာ ဝမ်းရေးအတွက် အမှီပြုနေကြရသည်။ ထိုရွာကလေး၌ မောင်ချမ်းသာနှင့်မိခင်ဖြစ်သူ ဒေါ်တင်နွဲ့တို့ သားအမိ နေထိုင်ကြလေသည်။

ထိုသားအမိတွင် အများသူငါကဲ့သို့ ကိုယ်ပိုင်ဥယျာဉ်ခြံမြေကား မရှိပေ။ သက်ငယ်မိုး၊ ဝါးထရံကာ၊ ဝါးပိုးဝါးတိုင် သုံးပင်အိမ်လေး၌ ပင်ပန်းချို့တဲ့စွာဖြင့် ဘဝကို ရင်ဆိုင်ဖြတ်သန်းနေရရှာသည်။ မောင်ချမ်းသာမှာ အသက် ၁၂ နှစ်ခန့်သာရှိသေးသော်လည်း လူနှင့်မမျှအောင် ဘဝကို ပင်ပန်းကြီးစွာ ရုန်းကန်နေရရှာသည်။ ငယ်ရွယ်သော်လည်း စိတ်ကောင်းရှိသူ၊ အကျင့်စာရိတ္တကောင်းသူ၊ တစ်ပါးသူကို ကူညီချင်စိတ်ရှိသူမို့ တစ်ရွာလုံးက သူ့ကိုချစ်ခင်ကြသည်။ အလုပ်ရှိလာလျှင် သူ့ကိုဦးစားပေးကာ အလုပ်ပေးကြသည်။

မိခင်ဖြစ်သူ ဒေါ်တင်နွဲ့မှာ ခင်ပွန်းဖြစ်သူ ပိုးထိ၍ ဆုံးပါးသွားပြီးကတည်းက နေရေးစားရေးမှာ အလွန်ကျပ်တည်းခဲ့ရသည်။ ပဲပေါ်ချိန် ပဲအငှားနုတ်၊ ငရုတ်ပေါ်ချိန် ငရုတ်သီးအငှားဆွတ်ကာ ရသမျှငွေစလေးများနှင့် သားအမိနှစ်ယောက်၏ဝမ်းရေးကို ဖြေရှင်းနေရသည်။ မောင်ချမ်းသာမှာ ဖခင်ကွယ်လွန်ပြီးသည့်နောက်ပိုင်းတွင် ကျောင်းဆက်မတက်နိုင်တော့ဘဲ ရရာနေ့စားအလုပ်များကိုသာလုပ်ကိုင်၍ အိမ်စရိတ်အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေရလေသည်။

(၂)

တစ်နေ့တွင် ရန်ကုန်သို့ထွက်ခွာမည့် အစုန်စာပို့ရထားနှင့် ရန်ကုန်-ပြည် အဆန် အမြန်ရထားတို့ မြို့ဘူတာတွင် ဆုံကြသည်။ ကုန်စိမ်းတွဲပေါ်သို့ မောင်ချမ်းသာနှင့်အလုပ်သမားများ ကုန်စိမ်းခြင်းများ ထမ်းတင်နေကြသည်။ အမြန်ရထားကြီးမှာ ခေတ္တခဏမျှသာရပ်ပြီး ပြည်မြို့ဘက်သို့ ဆက်လက်ထွက်ခွာသွားစဉ်-

"ဟာ. . . ရထားပေါ်က အိတ်အမည်းတစ်လုံး ထွက်ကျသွားပါလား"

အမြန်ရထားကြီးကို ငေးမောကြည့်နေမိသူ မောင်ချမ်းသာတစ်ယောက် စိတ်အတွင်းမှ ရေရွတ်မိလိုက်သည်။ ထွက်ခွာသွားသောရထားကြီး၏ တွဲဆုံးသွားသောအခါ အိတ်ထွက်ကျရာနေရာဆီသို့ မောင်ချမ်းသာ အပြေးသွားလိုက်သည်။

အိတ်ကိုကောက်ယူလိုက်၏။ ဇစ်တပ်ထားသော အမည်းရောင် သားရေအိတ်အကောင်းစား။ ဇစ်ကို ဆွဲဖွင့်ကြည့်လိုက်ရာ ပိုက်ဆံအမြောက်အမြားနှင့် စာရွက်များတွေ့ရသဖြင့် ဇစ်ကိုအမြန်ပိတ်လိုက်ပြီး ဟိုဟိုသည်သည်သို့ ကြည့်လိုက်သည်။ ချမ်းသာတစ်ယောက် စိတ်လှုပ်ရှားနေ၏။ ထိုစဉ်တွင် ကုန်စိမ်းထမ်းဖော် အလုပ်သမားများထဲမှ တစ်ရွာတည်းနေ သူငယ်ချင်း ဖိုးသီး အနားသို့ရောက်လာသည်။

"ချမ်းသာ ဟာ ပိုက်ဆံအိတ်ကြီးလား"

"အေး. . . ဟုတ်တယ်"

မောင်ချမ်းသာမှာ ကုန်စိမ်းထမ်းသောပုဆိုးဟောင်းလေးဖြင့် ပိုက်ဆံအိတ်ကိုပတ်ကာ ကုန်စိမ်းတင်မည့် ရထားတွဲနေရာသို့ မသွားတော့ဘဲ ဘူတာရုံဘက်ဆီသို့ လှည့်ထွက်သွားမည်ပြုသဖြင့်-

"ဟေ့ကောင် ချမ်းသာ၊ မင်း အဲဒါကို ဘာလုပ်မှာလဲ"

"ရုံပိုင်ကြီးဆီကို သွားအပ်မလို့ကွ"

"ဟာ. . . ခက်ပြီ၊ မင်း ရူးနေလားကွာ၊ ဒီလောက်ပိုက်ဆံအိတ်ကြီးရတာကိုများ မင်းမလို့ကွာ"

ဖိုးသီးက ချမ်းသာတို့သားအမိ ချို့တဲ့မွန်းသိသဖြင့် ပိုက်ဆံအိတ်ကို မအပ်စေချင်။ ယူရန်သာ တွင်တွင်တိုက်တွန်းနေလေသည်။

"ငါ မယူချင်ဘူး ဖိုးသီးရာ။ အပ်လိုက်တာပဲ ကောင်းပါတယ်ကွာ။ ပိုင်ရှင်ကတော့ နှမြောနေမှာပဲ သနားပါတယ်ကွာ။ ရထားက အရှိန်ရနေတော့ အိတ်ကျတာသိခဲ့ရင်တောင် ဘယ်ဆင်းကောက်ရဲပါ့မလဲ"

"သူ့ခမျာလဲ ဘယ်တတ်နိုင်မလဲကွာ။ ကိုယ်က သူ့ပစ္စည်းကို ခိုးယူတာမှမဟုတ်တာ။ ကိုယ့်ကံနဲ့ကိုယ် ရတာပဲ"

သူငယ်ချင်းဖြစ်သူ ဖိုးသီး၏စကားကို ဘာမှမတုံ့ပြန်တော့ဘဲ လက်ကိုဆွဲကာ နှစ်ဦးသား ဘူတာရုံဘက်ဆီသို့ ဦးတည်သွားပြီး ရုံးခန်းအတွင်းသို့ ဝင်သွားကြလေသည်။

"လေးလေး"

"ဟေ. . . ကောင်လေးတို့၊ ဘာဖြစ်လို့လဲ"

ဘူတာရုံအတွင်းရှိ ရုံးစားပွဲတွင်ထိုင်နေသောရုံပိုင်ကြီးက မတ်တတ်ထရပ်ကာ မောင်ချမ်းသာတို့နှစ်ဦးကို မေးလိုက်ခြင်းဖြစ်သည်။

"အခုန အမြန်ရထားကြီးပေါ်က ပိုက်ဆံအိတ်တစ်လုံး ထွက်ကျတာတွေ့လို့ ကျွန်တော်ကောက်ယူပြီး လာအပ်တာပါ"

ပြောပြောဆိုဆိုဖြင့် ပုဆိုးအဟောင်းနှင့် ပတ်ထားသည့် အမျိုးသားကိုင် အမည်းရောင် သားရေဇစ်ဆွဲပိုက်ဆံအိတ်ကို စားပွဲပေါ်သို့ချပေးလိုက်သည်။

"ဟေ. . . ဟာ ဟုတ်သားပဲ။ ဒါနဲ့ မင်းနာမည်က ဘယ်လို ခေါ်သလဲ။ ဘယ်ရပ်ကွက်ကလဲကွ"

"ကျွန်တော့်နာမည် ချမ်းသာပါ လေးလေး။ ဒီမြို့ပေါ်က မဟုတ်ပါဘူး။ ကြံတောရွာကပါ။ ဘူတာမှာ ကုန်စိမ်းထမ်းပါတယ်"

"ဪ. . . အေးပါကွာ"

မောင်ချမ်းသာ၊ ကြံတောရွာဟူသည့် အမည်နှင့် နေရပ်တို့ကို ရုံပိုင်ကြီးက သူ၏မှတ်စုတွင် ရေးမှတ်ထားလိုက်သည်။ ထို့နောက် ပိုက်ဆံအိတ်ကိုဖွင့်ကြည့်ပြီး စစ်ဆေးလိုက်ရာ-

"ဟာ. . . ပိုက်ဆံတွေ မနည်းပါလားဟ။ ကားယာဉ်မောင်းလိုင်စင်၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဘဏ်ကတ်၊ ကဲ. . . မောင်ချမ်းသာရေ ပိုင်ရှင်အတွက် အရေးကြီးပြီ"

ရုံပိုင်ကြီးက နိုင်ငံသားစိစစ်ရေးကတ်ကို အသေအချာ ဖတ်နေသည်။

"ဦးမြကြွယ်၊ နေရပ်က မန္တလေး၊ အေး. . . ဟုတ်ပါပြီကွာ။ ငါ့ကိုအပ်တော့ ငါ့မှာ တာဝန်ရှိသွားပြီပေါ့။ ကိစ္စမရှိပါဘူး။ ရှေ့ဘူတာစဉ်တစ်လျှောက်နဲ့ ရထားဂါတ်ဗိုလ်ကတစ်ဆင့် ဆက်သွယ်အကူအညီတောင်းလိုက်မယ်ဆိုရင် ပိုင်ရှင်အစစ်နဲ့ အမြန်ချိတ်ဆက်မိမှာပါ ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ လေးလေး၊ ဒါဆို ကျွန်တော်တို့ ပြန်တော့မယ်"

"အေးပါကွာ အေးပါ"

ရုံပိုင်ကြီး ခေါင်းတညိတ်ညိတ်ဖြင့် ဘူတာရုံးခန်းမှ ထွက်ခွာသွားသော ကုန်ထမ်းအလုပ်သမားလေး မောင်ချမ်းသာနှင့်ဖိုးသီးတို့၏ ကျောပြင်ကို ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့ရာမှ-

"ချမ်းသာ. . . ချမ်းသာ . . . နာမည်နဲ့သူ့ရဲ့ဘဝ ထပ်တူမကျပေမဲ့ အကျင့်စာရိတ္တချမ်းသာပြီး အလွန်ရိုးသားတဲ့ကလေးပါလား"ဟု နှုတ်မှ ရေရွတ်မိလေ၏။

(၃)

ကုန်ထမ်းဖော်သူငယ်ချင်း ဖိုးသီးနှင့်အတူ စက်ဘီးကိုယ်စီဖြင့် အပြန်အလှန်စကားပြောဆိုရင်း ရွာသို့ပြန်လာကြသည်။ မောင်ချမ်းသာတစ်ယောက် စက်ဘီးနင်းလာရသော်လည်း သူ၏စိတ်အစဉ်တွင် မိခင်ဖြစ်သူထံသို့ စက်ဘီးထက် ပို၍အပြေးရောက်နှင့်လေပြီ။ ချမ်းသာ သူ့အိမ်လေးဆီသို့ အဝေးက လှမ်းကြည့်လိုက်သည်။

"ချမ်းသာရေ. . . ငါ့အိမ် ခဏဝင်ပြီးတာနဲ့မင်းဆီ ငါအခု လိုက်လာခဲ့မယ်"

ရွာသို့ဝင်ခါနီးတွင် ဖိုးသီးက စကားဆိုလာသဖြင့်-

"အေး. . . လာခဲ့လေကွာ"

အိမ်ရှေ့ကွပ်ပျစ်ပေါ်တွင် ထုံးစံအတိုင်း သားပြန်အလာကို ထိုင်ပြီးမျှော်နေသည့် အမေ့ကို တွေ့လိုက်ရသဖြင့် ချမ်းသာ အမောပြေသွားရသည်။ စက်ဘီးလေးကို အိမ်ရှေ့တွင် ဒေါက်ထောက်ထားလိုက်သည်။

"အမေ"

"ပြောလေ သား"

"သား အမေ့ကို ပြောစရာတစ်ခုရှိတယ်"

"ဘာများလဲ သားရဲ့ ပြောလေ၊ လာ အမေ့အနားမှာထိုင်"

အမေဖြစ်သူ ဒေါ်တင်နွဲ့က သူ့သားကို အနားမှာထိုင်ရန် လက်ဟန်ပြသည်။

"ဒီနေ့ ဘူတာမှာ အမြန်ရထားနဲ့ စာပို့ရထား ဆုံကြတယ် အမေ"

"အေး. . . သား"

"သားတို့ ကုန်စိမ်းတင်အပြီးမှာ အမြန်ရထားက ထွက်သွားတယ်"

ဒေါ်တင်နွဲ့မှာ စိုးရိမ်စိတ်ဖြင့် သားဖြစ်သူကိုစေ့စေ့ကြည့်နေသည်။

"အဲဒီ အမြန်ရထားပေါ်က ထွက်ကျကျန်ခဲ့တဲ့ ပိုက်ဆံအိတ်တစ်လုံး"

"ချမ်းသာရေ ငါလာပြီဟေ့"

"အေး. . . သူငယ်ချင်း လာလေကွာ"

ထိုအချိန်တွင် ဖိုးသီးရောက်လာသဖြင့် စကားစပြတ်သွားသည်။ စက်ဘီးထောက်ရင်း ဖိုးသီးက စကားစတော့သည်။

"ဒေါ်လေးရာ ဒေါ်လေးရဲ့သား သူတော်ကောင်းကြီးက ရထားပေါ်ကကျကျန်ခဲ့တဲ့ ပိုက်ဆံအိတ်ကို ဘူတာက ရုံပိုင်ကြီးကို သွားအပ်တယ်ဗျာ။ အထဲမှာ ပိုက်ဆံတွေမှ အများကြီး"

"ဟယ်. . . ဟုတ်လား သား"

ဒေါ်တင်နွဲ့က သားဖြစ်သူဘက်သို့လှည့်၍ ပခုံးလေးကိုဖက်ကာ စကားဆိုလိုက်ခြင်းဖြစ်သည်။

"ဟုတ်တယ်အမေ သားအပ်ခဲ့တယ်"

"ဒါမှ အမေ့သား၊ အဲဒီလိုပဲ ဖြစ်ရမယ်လေ။ ပိုင်ရှင်ရဲ့အပေါ်မှာ စာနာစိတ်ထားရတယ်ကွဲ့။ သား မောင်ဖိုးသီးလဲ မှတ်ထားရမယ်နော်။ အလကားရတဲ့ ငွေကြေးဥစ္စာကို မက်မောတတ်တဲ့သူဟာ တန်ဖိုးမရှိတဲ့ အလကားလူပဲ ဖြစ်မယ်ကွဲ့။ စာရိတ္တကောင်းတာ၊ ရိုးသားတာဟာ လူတစ်ယောက်ရဲ့ တန်ဖိုးတစ်ခုပဲ။ ဆင်းရဲတာ၊ ချမ်းသာတာနဲ့ မဆိုင်ဘူးကွဲ့"

"ဟုတ်ကဲ့. . . ဒေါ်လေး၊ သား မှတ်ထားပါ့မယ်"

(၄)

နှစ်ရက်ခန့်ကြာသောအခါ ကြံတောရွာနေ ကိုလှမောင်၏ ဆိုင်ကယ်နောက်တွင် အဝတ်အစားသေသပ်ကျနစွာဝတ်ဆင်ထားသော ခပ်ဝဝ အမျိုးသားကြီးတစ်ဦး လိုက်ပါလာလေသည်။

"ချမ်းသာရေ ချမ်းသာ ဒေါ်လေးနွဲ့"

"ဟေ. . . လှမောင် လာလေကွယ်။ နောက်မှာလဲ မြို့က ဧည့်သည်ပါလာပါလား"

"ဟုတ်တယ် ဒေါ်လေး၊ တိုက်တိုက်ဆိုင်ဆိုင်ပဲ။ ဒီက ဧည့်သည်ဦးလေးက ကြံတောရွာက မောင်ချမ်းသာတို့အိမ် လိုက်ချင်တယ်ဆိုတာနဲ့ ဆိုင်ကယ်ကြုံတင်ခေါ်လာခဲ့တာ"

"အေးပါကွယ်၊ အိမ်ပေါ်တက်ကြပါ၊ အိမ်ကတော့ ကျဉ်းတယ် ဆရာကြီးရေ"

စာမျက်နှာ ၂၅ သို့

# ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၂၀၉၈၇၁ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က သခွားစိုက်ခင်းကို တွေ့ရစဉ်။

**ငပုတော အောက်တိုဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၂၀၉၈၇၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၂၀၉၈၇၁ ဧကလျာထားပြီး ယခုနှစ် ဇွန်လ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် လျာထားဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ မိုးသီးနှံစုံဧက လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ငပုတောမြို့နယ်မှာရှိတဲ့ ဒေသခံတောင်သူတွေက စပါးစိုက်ပျိုးရေးလုပ်ငန်းအပြင် အခြားသီးနှံတွေကိုလဲ စိုက်ပျိုးနေပါတယ်။ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ စပါးအပါအဝင် မိုးသီးနှံစုံ ၂၀၉၈၇၁ ဧကထိ လျာထားစိုက်ပျိုးခဲ့ပါတယ်။ မိုးသီးနှံတွေ လျာထားတဲ့ဧကအတိုင်း ပြည့်မီအောင်စိုက်နိုင်ဖို့ လိုအပ်တာတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ လက်ရှိ လျာထားချက်အတိုင်း မိုးသီးနှံစုံ ရာနှုန်းပြည့် စိုက်ပျိုးပြီးပါပြီ။ အခုနှစ် မိုးသီးနှံတွေထဲမှာ မိုးစပါးသီးနှံတွေ အများဆုံး စိုက်ပျိုးထားပါတယ်။ အခြားသီးနှံတွေကတော့ ဒေသခံတောင်သူတွေက သူတို့ဒေသနဲ့ ကိုက်ညီပြီး အထွက်နှုန်းကောင်း၊ ဝင်ငွေကောင်းတဲ့ သီးနှံတွေကို အဓိကစိုက်ပျိုးထားပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငပုတောမြို့နယ်တွင် မိုးသီးနှံစုံ လျာထားမှုအနေဖြင့် မိုးစပါး ၂၀၄၁၂၂ ဧက၊ စားဖိုဆောင်သီးနှံ ၂၃၉၆ ဧက၊ ပိန်းဥ ၂၉၄ ဧက၊ ပန်းအမျိုးမျိုး ၇၅ ဧက၊ ပီလောပီနံ ၈၉၃ ဧက၊ ကွမ်း ၈၈ ဧက၊ နနွင်း ၄၂ ဧက၊ ငရုတ် ၆၄ ဧက၊ ပဲစင်းငုံ ၂၀၅ ဧက၊ ကြံ ၉၃ ဧက၊ ဖူးစားပြောင်း ၇၅၆ ဧက၊ မြေပဲ ဧက ၇၁၀၊ နှမ်း ၁၃၃ ဧက ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ငပုတောမြို့နယ်တွင် မိုးသီးနှံစိုက်တောင်သူများကို ပိုးမွှားအန္တရာယ် ကင်းရှင်းစေရေး၊ အထွက်နှုန်း ကောင်းမွန်တိုးတက်လာစေရေး၊ ဓာတ်မြေဩဇာများ အကျိုးရှိရှိ စနစ်တကျသုံးစွဲတတ်စေရေး၊ ဓာတုပိုးသတ်ဆေးများကို လျှော့ချသုံးစွဲတတ်စေရေး၊ တောင်သူများကိုယ်တိုင် သဘာဝပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲနိုင်စေရေး စသည့်နည်းပညာပေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများက ဆောင်ရွက်ပေးနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

---

> **စာမျက်နှာ ၂၄ မှအဆက်**

ဒေါ်တင်နွဲ့က သွက်လက်စွာခရီးဦးကြို ပြုလိုက်သည်။ ဧည့်သည်ဖြစ်သူ ခပ်ဝဝ လူကြီးက-

"ရပါတယ်ဗျာ ကိစ္စမရှိပါဘူး။ ဒါနဲ့ မောင်ချမ်းသာဆိုတာ ဘယ်သူပါလဲခင်ဗျာ"

အတူယှဉ်ထိုင်နေကြသော လူငယ်လေးနှစ်ဦးထံသို့ကြည့်၍ ဧည့်သည်လူကြီးက စကားဆိုလာသဖြင့်-

"ကျွန်မရဲ့သားပါရှင်၊ သူက မောင်ချမ်းသာပါ"

ဒေါ်တင်နွဲ့က သားဖြစ်သူ၏ပခုံးကလေးကိုကိုင်ကာ ပြလိုက်သည်။

"သူက သားရဲ့သူငယ်ချင်း မောင်ဖိုးသီးပါ။ ဒါနဲ့ ဘာကိစ္စများရှိလို့ပါလဲရှင်"

"ပြောပြပါ့မယ်၊ သားက မောင်ချမ်းသာကိုး"

"ဟုတ်ပါတယ်ခင်ဗျာ"

"ဒီလိုပါခင်ဗျာ၊ ကျွန်တော်က မန္တလေးက စီးပွားရေးလုပ်ငန်းရှင် ဦးမြကြွယ်ပါ။ ရန်ကုန်ကအပြန် ကျွန်တော့်ရဲ့ အရေးကြီးစာရွက်စာတမ်းတချို့နဲ့ ငွေသားအများအပြားပါတဲ့ ပိုက်ဆံအိတ်တစ်လုံး အမြန်ရထားပေါ်က ထွက်ကျခဲ့ပါတယ်"

ဧည့်သည်ကြီး ဦးမြကြွယ်၏စကားကို ဒေါ်တင်နွဲ့နည်းတူ အားလုံးက စိတ်ပါဝင်စားစွာ နားထောင်နေကြလေသည်။ ဆက်လက်၍ ဦးမြကြွယ်က-

"ဘူတာစဉ်အလိုက် ချိတ်ဆက်ပြီး ရှဲပိုင်တွေရဲ့ ကျေးဇူး၊ ဂါတ်ဗိုလ်နဲ့ တွဲစောင့်တွေရဲ့ကူညီမှုကြောင့် ထွက်ကျခဲ့တဲ့ပိုက်ဆံအိတ် ပြန်ရခဲ့ပါတယ်။ ပိုက်ဆံအိတ်ကောက်ရပြီး ရှဲပိုင်ကြီးဆီအပ်ခဲ့တဲ့သူဟာ ဘူတာမှာ ကုန်စိမ်းထမ်းနေတဲ့ ကြံတောရွာက မောင်ချမ်းသာဆိုတဲ့ ကလေးဆိုတာ ရှဲပိုင်ကြီးဆီကတစ်ဆင့် သိလိုက်ရပါတယ်"

"ဟုတ်ကဲ့ပါရှင်"

"ဒီကလေးရဲ့ ကြီးမားမြင့်မြတ်တဲ့ ရိုးသားမှုကြောင့် ကျွန်တော့်ရဲ့ ပိုက်ဆံအိတ် ပြန်ရခဲ့ပါတယ်။ ငွေကြေးထက် အရေးကြီးစာရွက်စာတမ်းတွေ ပြန်ရခဲ့လို့ အတိုင်းမသိ ဝမ်းသာခဲ့ရပါတယ်။ မြန်မာ့မီးရထားဘူတာစဉ်တစ်လျှောက် ရှဲပိုင်တွေရဲ့ အဆင့်ဆင့်ချိတ်ဆက်ပေးမှုကြောင့် အခုလိုပြန်ရခဲ့တာပါ။ အဓိက ကတော့ ဒီက မောင်ချမ်းသာရဲ့ကျေးဇူးက ကျွန်တော့်အတွက် အကြီးမားဆုံးဖြစ်ပါတယ်။ ဒီကျေးဇူးတွေတုံ့ပြန်ပေးဆပ်ဖို့အတွက် အခုလို လိုက်လာခဲ့ရတာပါဗျာ"

"ရပါတယ်ရှင်၊ ဘာမှပေးဖို့မလိုပါဘူး ဆရာကြီးရယ်"

စကားဆုံးသွားသောအခါ ဦးမြကြွယ်က ကြွပ်ကြွပ်အိတ်အဖြူဖြင့် ထည့်ထုပ်ထားသော အထုပ်တစ်ထုပ် ဒေါ်တင်နွဲ့တို့ သားအမိရှေ့မှောက်သို့ ချပေးလိုက်၏။ မောင်ချမ်းသာမှာ မိခင်ဖြစ်သူ၏ မျက်နှာကို တစ်လှည့်၊ ဦးလေးကြီးမျက်နှာကိုတစ်လှည့် ကြည့်နေသည်။ မိခင်ဖြစ်သူက ရင်ဘတ်ဖိလျက်-

"အလို. . . ပိုက်ဆံတွေလားရှင်"

"ဟုတ်ပါတယ်၊ သိန်း ၁၀၀ ပါ"

"အမယ်လေး. . . သိန်း ၁၀၀"

ဒေါ်တင်နွဲ့ အံ့အားသင့်စွာဖြင့် ငွေထုပ်ကိုစိုက်ကြည့်နေပြီး ရင်ဘတ်ကို မသိမသာ ဖိထားလိုက်၏။

"ဒါက ပဏ္ဏာမ ချီးမြှင့်ငွေပါ။ မောင်ချမ်းသာရဲ့ကျေးဇူးနဲ့ယှဉ်ကြည့်မယ်ဆိုရင် ဒီငွေက အသေးအဖွဲပါဗျာ။ သူ့ရဲ့ ရိုးသားမှုအတွက် ချီးမြှင့်ငွေပါ။ မကြာခင်အချိန်မှာ ဒီက အစ်မကြီးနဲ့မောင်ချမ်းသာကို ဒီရွာကလေးကနေ မန္တလေးကို အပြီးတိုင်ခေါ်သွားမယ်။ ဟိုမှာ စီးပွားရေးလုပ်ငန်းတစ်ခုထူထောင်ပေးပြီး ကျေးဇူးဆပ်အုံးမှာပါဗျ"

ဧည့်သည်ကြီးက အပြုံးစွက်လျက် သွက်လက်စွာပြောပြနေသည့်ကြားမှ ဒေါ်တင်နွဲ့ ဝမ်းနည်းလာသည်။ ခင်ပွန်းဖြစ်သူ ကိုကံဆောင်၏မျက်နှာကို ကွက်ခနဲ ပြေးမြင်မိသည်။ မျက်ရည်ဥတို့ မျက်လုံးအိမ်ထဲတွင် သိုင်းဖွဲ့ချေပြီ။ ကြွေဆယ်၍ အနိုင်နိုင်ပြုံးထားရ၏။

"မောင်ချမ်းသာရဲ့ ရိုးသားမှုကြောင့် ရခဲ့တဲ့ချီးမြှင့်ငွေလေးနဲ့ သူ့အဖေအတွက် ကောင်းမှုကုသိုလ် လုပ်ပေးရမယ်။ ရွာမှာဘုရားတည်နေတဲ့အထဲကိုလဲ အလှူငွေထည့်ဝင်မယ်"

စိတ်ထဲက အတွေးမဆုံးမီ-

"အစ်မကြီး ဘာတွေများဒီလောက်တောင် စဉ်းစားနေတာလဲ။ စိတ်ချမ်းသာလိုက်တော့။ အစ်မကြီးရဲ့သား နာမည်နဲ့လိုက်အောင် ချမ်းသာစေရမယ်ဗျာ၊ တာဝန်ယူတယ်။ ကဲ. . . ကျွန်တော်လဲ ပြန်မယ်။ သား မောင်ချမ်းသာ ဦးပြန်မယ်နော်"

"ဟုတ်. . . ဟုတ်ကဲ့ပါဦး"

နှုတ်ဆက်လေသော ဧည့်သည်ကြီး၏ ကျောပြင်ကိုကြည့်ကာ မောင်ချမ်းသာ မျက်ရည်များ အလိုလိုစီးကျလာသည်။ ငုတ်တုတ်ထိုင်လိုက်သည်။ ကိုယ်ကျင့်တရား၏စေ့ဆော်မှုကြောင့် မြေကြီးပေါ်၌ ဒူးလေးတုပ်ကာ ဦးမြကြွယ်အား ဦးချကန်တော့နေသည်ကို မိခင်ဖြစ်သူက ကြည့်ပြီး သူ၏အတွေးထဲသို့ ငယ်စဉ်အခါက ဖတ်ခဲ့ဖူးသော စာစုလေး တစ်ခုကို သတိရကာ နှုတ်မှ ဖွဖွကလေး ရေရွတ်နေမိပါတော့သည်။

"လူလျှင်တိုး၊ ခိုးလျှင်မွဲ။ ရိုးသားတဲ့ဂုဏ် သုံးမကုန်ဆိုတာ လက်တွေ့ပါလား"

---

## အလှပြည့်စုံ လူ့ရိပ်မြုံ

- မေတ္တာကို ခံယူထား
ရန်သူများ ဝေးပါစေ၊
ငြိမ်းအေးနယ် အမြတ်လမ်း
တက်လှမ်းစို့လေ၊
လူ့လောက ကမ္ဘာမြေ
သဟာဆွေ ကောင်းမှုပွား၊
မေတ္တာဆို ရင်အပြည့်နှင့်
မြင်ကြည့်စို့လား။

- လဲနေသူ ထူပေးသွား
ကူအလေးထား များသူငါ၊
တို့တစ်တွေ ညီတူမျှ
ကြည်ဖြူကြပါ၊
ဖြောင့်မတ်စိတ် ဖြူစင်စွာ
အတူယှဉ်ကာ တို့မခွဲ၊
လူ့ရိပ်မြုံ ဘဝကောင်းတို့
ရကြောင်းခိုင်မြဲ။

- အေးရိပ်မြုံ ဘဝထဲမို့
အလှကဲဖို့ တွေးမြော်မြင်၊
ရန်အစွယ် ဘေးမရှိ
ဝေး၏ဖယ်ကြဉ်၊
ကောင်းစိတ်နှင့်အလှဆင်
ဘဝတွင် ရွှင်ကြည်ပြုံး၊
လူ့ရိပ်မြုံ ဂုဏ်ရောင်ထွန်းတယ်
ရွှန်းလဲ့မဆုံး။ ။

**ငြိမ်းချမ်းအောင်(နတ်တလင်း)**

---

# မိုင်းရှူးမြို့နယ် ဝမ်နောင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မိုင်းရှူး အောက်တိုဘာ ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် နားစံကျေးရွာအုပ်စု ဝမ်နောင်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းရှူးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလင်းထိုက်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဦးနှင့် တာဝန်ရှိသူများက ဝမ်နောင်ကျေးရွာတွင် အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ဝမ်နောင်ကျေးရွာတွင် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာလ ပထမပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မိုင်းရှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဦးက ပြောပြ၍ သိရသည်။ **မောင်နိုင်**

# စာပေရေးသားခြင်း

There is no time to sleep at night, for them who hope to reach the height, success is only won by fight.

Anonymous.

**နိဒါန်း**

စိတ်ထဲတွင်ပေါ်လာသောအတွေးများ၊ စိတ်ကူးများက လူတိုင်းတွင်ရှိတတ်ကြပါသည်။ ကောင်းသည်၊ ဆိုးသည်၊ အကျိုးရှိသည်၊ အကျိုးမဲ့သည်၊ အခြေအနေ အချိန်အခါနှင့် ဆီလျော်သည်၊ မဆီလျော်သည် မပြောနိုင်ပေ၊ တိမ်များပမာ၊ မီးခိုးများလို၊ မြူလိုလိုနှင့် အငွေ့သဘောမှ လွင့်ပြယ်ပျောက်ပျက်သွားတတ်ကြလေသည်။

အငွေ့မှအရည်၊ အရည်မှ အုန်းနို့ကျောက်ကျောကဲ့သို့လည်းကောင်း၊ မုန့်ကျွဲသည်း၊ မုန့်ကုလားမဲကဲ့သို့လည်းကောင်း၊ စိုစိုတွဲတွဲပျော့ပျော့အတုံးအခဲလေးအဖြစ်မှ ကျောက်သားကျောက်စိုင်အဖြစ်သို့ ပြောင်းလဲလာရန်ဆိုလျှင် အောက်ပါအဆင့် (၃)ဆင့် လိုအပ်ပေသည်။ လူတွင်ရှိနေသော အတွေးကုန်ကြမ်းများစွာတို့ကား အဖိုးတန်သော ကုန်ချောစွမ်းအင်စွမ်းအားအဖြစ် ပြောင်းလဲတတ်ရန် လွယ်ကူသည်တော့မဟုတ်ချေ။

သို့တစေ တကယ်တမ်းဖြစ်မြောက်အောင်လုပ်ဆောင်မည်ဆိုပါလျှင်လည်း မခက်ခဲလှပါ။ ကမ္ဘာကြီးကို ယနေ့တည်ရှိနေသောအခြေအနေသို့ ရောက်လာအောင်၊ ဆန်းသစ်ပြောင်းလဲထူးခြားအောင်၊ လုပ်ဆောင်ခဲ့ကြသော သိပ္ပံပညာရှင်များ၊ အတွေးအခေါ်ရှင်များ၊ စွန့်ဦးတီထွင်သူများ၊ ဖန်တီးတီထွင်ခဲ့ကြခြင်းပင်မဟုတ်ပါလား။ ယခင်က မရှိဖူးသည့် အရာ အသစ်အဆန်းများကို ရှိလာအောင်သူတို့လုပ်ဆောင်နိုင်ကြသည်။ အတွေးက အစပြုခဲ့ကြခြင်းပင်။ ယခင်က မသိခဲ့သေးသောအရာများကို သိမြင်နားလည်အောင် ရှာဖွေဖော်ထုတ်နိုင်ခဲ့ကြသည်။ စဉ်းစားခြင်းမှ အစပြုခဲ့ရသည်ပဲမဟုတ်လား။

စဉ်းစားခြင်းသည် အလုပ်တစ်ခု၏ နိဒါန်းပင်ဖြစ်၏။ အစကောင်းမှ အနှောင်းသေချာသည်ဟူသော မြန်မာဆိုရိုးစကားရှိထားသည့်အတိုင်း အတွေးကို လက်တွေ့ဖြစ်အောင် ဖန်တီးရာတွင် နည်းမှန် လမ်းမှန် စနစ်တကျရှိရပါသည်။

**သုံးဆင့်**

**၁။ မိမိတွင် အတွင်းစွမ်းအားရှိထားသည်ကို သိမြင်ရမည်**

မိမိကိုယ်တွင် စိတ်အတွေးအကြံဟူသော မနောကံဆန်းကြယ်ထူးခြား၍ စွမ်းအားကြီးမားထက်မြက်သော အရာတစ်ခုရှိသည်ကို နားလည်လက်ခံရပါမည်။ ဤအမှန်တရားအချက်ကိုမသိလျှင် အသုံးချ၍မရ။ မယုံကြည်လျှင် အသုံးမဝင်။ ဤသဘောတရားကို သင် မသိမြင်ပါက ဘာတန်ခိုး၊ ဘာအကျိုးမှမရနိုင်ချေ။ ထို့ကြောင့် ဤအမှန်တရားအချက်အလက်ကို ကောင်းစွာသိမြင်ခြင်း၊ (Realization) ရှိရမည်။

**၂။ ဘာလိုချင်တာလဲ (What You Want)**

ထိုစွမ်းအင်ကို ဖော်ထုတ်အသုံးချရန်မှာ မိမိက ဘာလိုချင်တာလဲဟူသောအချက်ကို သဲကွဲထင်ရှားစွာ ဖော်ထုတ်နိုင်ရမည်။ ဤအချက်ကို ရေရေရာရာ တိတိကျကျသိအောင် မိမိကိုယ်ကို မေးခွန်းများမေး၍ စိစစ်ရမည်။ ငါဘာအဖြစ်ချင်ဆုံးလဲ။ ဖြစ်ချင်တာတွေကို တစ်ခုချင်းစီစာရင်းရေးချပါ။ စဉ်းစားရွေးချယ်ပါ။ ငါဟာ ဘာဖြစ်ရင် အပျော်ဆုံး၊ အကျေနပ်ဆုံးဖြစ်မှာလဲ။ တစ်ခုချင်းစဉ်းစားရွေးချယ်ပါ။ ဒါကိုတော့ ငါအဖြစ်ချင်ဆုံးပဲ။ Burning Desire ဒီအရာကို ငါရဖို့အတွက် ဓားတောင်ကိုလည်း ကျော်ဖြတ်မည်။ မီးပင်လယ်ကိုလည်း ကူးဖြတ်မည်။ သေသေကျေကျေ အောင်မြင်သည်ထိ ငါလုပ်ဆောင်မည်။

**၃။ တစ်ခုတည်းသော ပန်းတိုင်ဖြစ်ရမည် (Targeting Only one Thing)**

ထိုဆန္ဒအဖြစ်ချင်ဆုံးသောအရာသည် ဟိုလိုလို ဒီလိုလိုမဖြစ်ရပါ။ ဇဝေဇဝါမဟုတ်ရပါ။ အခိုင်လိုက် အတွဲလိုက် စုပြုံပါဝင်နေသော ရောရောထွေးထွေး လိုလားချက်များဖြစ်မနေရပါ။ ဦးတည်ချက်က တိကျပြတ်သားရမည်။ တစ်ခုတည်းသော ဦးတည်ချက် ပစ်မှတ်အနေဖြင့် အာရုံစူးစိုက်စွာ စုစည်းရမည်။ (Unity of Aim)

ဥပမာ ငါစာရေးဆရာဖြစ်ချင်သည်ဟု ဆိုပါစို့။ ဘာပဲလုပ်ရလုပ်ရ၊ မရမနေဖြစ်မြောက်အောင် လုပ်မည်။ အချိန်ဘယ်လောက်ပေးရပေးရ၊ ဘာတွေဖတ်ရဖတ်ရ၊ ဘာတွေကူးရေးရ ရေးရ၊ ခရီးဘယ်လောက်ဝေးဝေး၊ ရေးရမှာဆို ရေးမည်။ ဘာအရင်းအနှီးပဲပေးရပေးရ၊ ဘယ်လောက်ပင်ခက်ခဲပါစေ၊ အောင်မြင်သည်ထိ မဖြစ်မနေ ငါကြိုးစားမည်။ အဓိပတိလေးပါး ပြည့်စုံသူအတွက် မအောင်မြင်သော ရည်မှန်းချက်ဟူ၍ မရှိပါချေ။

(က) **ဆန္ဒာဓိပတိ။** ပြင်းပြထက်သန်သည့် ဆန္ဒရှိရခြင်း

(ခ) **ဝီရိယာဓိပတိ။** ကြိုးစားလုံ့လဝီရိယရှိရခြင်း

(ဂ) **စိတ္တာဓိပတိ။** ခိုင်မာမြဲမြံသောဇွဲသတ္တိရှိရခြင်း

❖ အားနည်းချက်၊ ချွတ်ယွင်းချက်၊ အပြစ်အနာအဆာပါမှာစိုး၍ တွန့်ဆုတ်မနေရ။ ယုံကြည်စွာ၊ ရဲရင့်စွာအကောင်အထည်ဖော်ဆောင်ရွက်ရပါမည်။ မိမိဖန်တီးပြုစုခြင်းသည် အကောင်းမွန်ဆုံးလက်ရာဖြစ်စေရန် အဆက်မပြတ် ဝမ်းစာဖြည့်တင်းခြင်းအဖြစ် ရှေ့ကဆရာများ၏ စံနမူနာများကို အတုယူရပါသည်။ စာရေးဆရာသုခက ဆရာပီမိုးနင်း၏ ရှင်းလင်းပေါ်လွင်သော အရေးအသား၊ ဆရာမြမျိုးလွင်၏ ထိရောက်လှပသော အပြန်အလှန်စကားပြောပုံ ရေးသားနည်း၊ ဆရာဇေယျ၏ ဝတ္ထုထဲမှာ တေးကဗျာသီချင်းများ ဆီလျော်အောင် ထည့်သွင်းခြင်းနှင့် အမေရိကန် ဝတ္ထုတိုရေးဆရာ အိုဟင်နရီ၏ ဇာတ်ကွက်အလှည့်လေးများထည့်၍ ဖမ်းစားနည်းတို့ကို အတုယူခဲ့ကြောင်း ဟောပြောရေးသားခြင်းကို မှတ်သားရဖူးပါသည်။ ❖

(ဃ) **ဝီမံသာဓိပတိ။** နားလည်အောင်၊ တတ်မြောက်အောင် အမှန်တကယ်ကျွမ်းကျင်အောင် လေ့လာလေ့ကျင့်၊ လိုက်နာလုပ်ဆောင်တတ်ခြင်း။

**အာရုံစူးစိုက်**

လူများတွင် ကြီးမားဆန်းကြယ်သော အောင်မြင်မှုရလဒ်များရရှိအောင် အကောင်အထည်ဖော်ဖန်တီးနိုင်ခြင်းသည် အထက်ဖော်ပြပါအချက်များအတိုင်း ကျင့်ကြံဆောင်ရွက်လျှင် လုံလောက်ပါသည်။ မိမိစိတ်ထဲတွင် လျှပ်တစ်ပြက်ပေါ်ထွက်လာသော စိတ်ကူးစိတ်သန်းတစ်ခုကို မိမိရရ ဖမ်းကိုင်ဆုပ်ယူနိုင်ရန် အဆင်သင့်ပြင်ဆင်ထားရပါမည်။ မိမိတို့သည် အနာဂတ်ကို ကြိုမမြင်နိုင်ပေ။ ထို့အတူ မိမိတို့ရှေ့သို့ မည်သည့်အခွင့်အရေးများရှိနေသည်၊ ရောက်နေသည်၊ ရောက်လာတော့မည်ဆိုသော အချက်တို့ကိုလည်း သတိမမူ ဂူမမြင်ဆိုသောစကားအတိုင်း သိလည်းမသိ၊ မြင်လည်းမမြင်ကြပါချေ။

အာရုံစူးစိုက်ပြီး သေသေချာချာလေ့လာသို့မဟုတ် တွေးတောကြည့်ကြသည့်အခါမှ (Contemplation) စိတ်အေးလက်အေး လေးလေးနက်နက်ဆင်ခြင်ကြည့်ရှုခြင်းပြုလိုက်မှ အခွင့်အလမ်းများကို မြင်ရပြီ။ ဤကဲ့သို့ မိမိကြုံကြိုက်တိုက်ဆိုင်လာနေသော အခွင့်အခါအခြေအနေ စိတ်ကူးထဲရောက်လာသည့် အရာကို မိမိဘဝအခွင့်အလမ်း (Opportunity) အဖြစ် အသုံးချနိုင်စွမ်းရှိရန်မှာ အထက်ဖော်ပြပါ အဆင့် (၃) ဆင့်၊ လိုအပ်ချက် (အဓိပတိတရားလေးပါး)စသည်တို့ဖြင့် လက်တွေ့အကောင်အထည်ဖော်ရပေမည်။

မနောကံ၏ စိတ်တည်ကြည်မှု၊ အာရုံစူးစိုက်နိုင်စွမ်းရှိမှု၊ အဆက်မပြတ်အထပ်ထပ် မိမိကိုယ်ကို ပြင်းထန်ခိုင်မာသော စိတ်ဆန္ဒခွန်အားပြည့်စုံအောင် နှိုးဆော်လှုံ့ဆော်မှု (Self Motivations) တို့သည် အောင်မြင်ခြင်းများ၏ လမ်းစဟုပင်ခေါ်ဆိုနိုင်ပေမည်။

**များများရေး**

စာဖတ်သူနှင့် စာရေးသူတို့ ဤစာမျက်နှာတွင် မျက်နှာချင်းဆိုင်တွေ့ဆုံလျက် အသိအမြင်ချင်းဖလှယ်နေကြရာတွင် အကယ်၍သာ စာဖတ်သူသည် မိမိဘဝကို စနစ်တကျနှင့် ချောချောမောမောလွယ်လွယ်ကူကူ အောင်မြင်လိုသည်ဆိုပါက အခြားအခြားသော ဆရာ၊ ဆရာများစွာတို့၏ အသုံးအမြဲဝါဒညွှန်ပြသင်ကြားချက်များကို မှတ်သားလေ့လာစေလိုပါသည်။ ဤနေရာတွင် စာရေးသူက တစ်ချက်အကြံပြုလိုက်ချင်သော စကားတစ်ခွန်းမှာ **"လက်တွေ့များများရေးနေပါ"** ဟူသော အချက်ပါတည်း။ **"ရေးသားခြင်းက တိကျစေ၏"** ဟု အင်္ဂလိပ်စာရေးဆရာ ဖရန်ဆစ်ဘေကန် (၁၅၆၁-၁၆၂၆)က ဆိုခဲ့၏။ ဖရန်ဆစ်ဘေကန်သည် အင်္ဂလန် ၁၆ ရာစုခေတ်က မြို့စားကြီးတစ်ဦးဖြစ်ပါသည်။ Lord Verulan လော့ဒ်ဗာရုလမ်ဆိုသည့်ဘွဲ့အပ်နှင်းချီးမြှင့်ခံရသော သူကောင်းတစ်ဦးလည်းဖြစ်သည့်အပြင် ကမ္ဘာကျော်အတွေးအခေါ်ပညာရှင်ကြီးတစ်ဦးအဖြစ်လည်း ထင်ရှားပါသည်။ အခြားသော သူ၏ အက်ဆေးများ၊ စာပေများလည်း ဆက်လက်လေ့လာဖတ်ရှုသင့်ပါသည်။ စာဖတ်ခြင်းဖြင့် ဗဟုသုတရသည်။ ဆွေးနွေးခြင်းဖြင့် အဆင်သင့်ဖြစ်သည်။ ရေးသားခြင်းက တိကျစေသည်ဟု သူက မိန့်ဆိုခဲ့ဖူးခြင်းဖြစ်ပါသည်။

**လက်ရေး**

မိမိထိတွေ့သိရှိရသော လူငယ်တချို့သည် တက္ကသိုလ်အသီးသီးမှ ဘွဲ့ရခဲ့ကြပါသော်လည်း ဖတ်ရခက်ခဲလောက်အောင် လက်ရေးရှုပ်ထွေးညံ့ဖျင်းသူများလည်း တွေ့ခဲ့ရ၏။ အထူးသဖြင့် စာပေရေးနည်းသင်တန်း၊ သတင်းစာပညာအခြေခံသင်တန်း၊ စာပေဖန်တီးပြုစုခြင်း ဒီပလိုမာဘွဲ့လွန်သင်တန်းတို့မှ အရွယ်အမျိုးမျိုးတွင်လည်း လက်ရေးလက်သား ထူးထူးခြားခြားလှပသေသပ်သူများ၊ ရှင်းလင်းသပ်ရပ်ဖတ်ရလွယ်ကူသူများ တွေ့ရသည့်နည်းတူ ဝှက်စာထက်ပင် ဖော်ရခက်သော လက်ရေးမျိုးလည်း ကြုံရပေသေး၏။ တကယ်တော့ လက်ရေးကောင်းအောင် တစ်လခန့် အချိန်ယူလေ့ကျင့်လိုက်လျှင် ရပါသည်။ ဝလုံးကလေး ဝိုင်းဝိုင်းရေးပြီး ဝ၊ ထ၊ က၊ လ၊ သ လေ့ကျင့်ပါက အလွယ်တကူသန့်ရှင်းပီသသည့် လက်ရေးပိုင်ရှင်ဖြစ်နိုင်ပါ၏။ ဆရာဝန်များလည်း လက်ရေးညံ့တတ်သည်။ ကျက်ရမှတ်ရသော စာများ များသဖြင့် သင်တန်းတက်စဉ်၊ လက်တွေ့ဆောင်ရွက်ရစဉ် အမြန်လိုက်ရေးရင်းရေးရင်း ဆေးကျောင်းသားဘဝ လက်ရေးပျက်ခဲ့ကြခြင်းဟု ယူဆရပါသည်။ ပညာထူးချွန်သူများ၊ ဉာဏ်ရည်မြင့်သူများ၊ အထူးကြိုးစားခဲ့ကြသူများမှာပင် လက်ရေးမကောင်းသူလည်း ရှိတတ်ခြင်းကို ဆိုလိုပါသည်။

စာရေးသူ လေးလည်းလေးစား အားလည်းအားကျ အလွန်တရာတန်ဖိုးထားရှိသေလှစွာသော စာရေးဆရာကြီးများဖြစ်ကြသည့် ဆရာ ဇန်းမော်တင်အောင်၊ ဆရာနတ်နွယ် စသည့် ပုဂ္ဂိုလ်များလည်း လက်ရေးက လူတကာဖတ်၍မရအောင် ရှုပ်ထွေးကြသည်ဟု မှတ်သားဖူးပါသည်။ မည်သို့ပင်ဆိုစေ သူတို့သည် တော်လည်းတော်သည်၊ ကျော်လည်းကျော်ကြသည်ပင်။ လက်ရေးကောင်းအောင် သူငယ်တန်းမှ စ၍ စာသင်ကြားပြသပုံအလွန်တော်သော ဆရာ ဦးဟန်စိန်ဆိုသူ ဆရာအချွန် ဆရာအမွန် တစ်ဦးအကြောင်း ဆရာအောင်သင်းက **"ကန့်ကူလက်လှည့်"** ဆိုသော ဆောင်းပါးတွင် သေသေချာချာပေါ်လွင်စွာ ရေးသားခဲ့ဖူးပါသည်။ ဆရာ မပြ နည်းမကျချေ။ ဆရာက စိတ်ရှည်လက်ရှည်သင်ပြပါမှ နည်းစနစ်ကျရသည်မဟုတ်လား။

**သုတ၊ ရသ**

စာပေရေးသားခြင်းမှာ အခြေခံအားဖြင့် ဂုဏ်တူစုနှစ်မျိုးခွဲခြားလေ့ရှိပါသည်။ အနောက်တိုင်းစာပေသဘောတရားက ဖြစ်ပါသည်။

(၁) Fiction စိတ်ကူးယဉ်ဝတ္ထု၊

(၂) Non-Fiction စိတ်ကူးယဉ်မဟုတ်သောစာ

စိတ်ကူးယဉ်စာပေထဲတွင် ကဗျာလင်္ကာက ထိပ်ဆုံးမှ ပါဝင်လေသည်။ ကဗျာအပြင် Fiction ထဲတွင် ဝတ္ထုတို၊ ဝတ္ထုရှည်၊ ပြဇာတ်၊ ပုံပြင်စသည်တို့ ပါဝင်ကြပေသည်။ စိတ်ကူးယဉ်မဟုတ်သော စာပေမှာ သမိုင်း၊ ပထဝီဝင်၊ သိပ္ပံဘာသာရပ်များအားလုံးနှင့် အတ္ထုပ္ပတ္တိစာပေ၊ ခရီးသွားစာပေ၊ ပညာရပ်စာပေများနှင့် ဆောင်းပါးများပါဝင်ပေသည်။ Fiction အနုစာပေဖန်တီးမှု စာရေးဆရာ။ Non-Fiction ရေးသူများကား စာရေးသူ။ အနောက်နိုင်ငံများက ထိုသို့ခွဲခြားကြပါသည်။

တစ်နည်းအားဖြင့် ရသစာပေရေးလျှင် စာရေးဆရာ၊ သုတစာပေရေးသူတို့မှာ စာရေးဆရာမဟုတ်၊ စာရေးသူသာ အဘယ်ကြောင့်ပါနည်း။ ဖန်တီးမှုမပါသောကြောင့်ပါ။ အစဉ်အလာအခိုင်အမာတည်ရှိလာခဲ့သော အနောက်တိုင်းစာပေသဘောတရားကို ထောက်ခံခြင်း၊ ကန့်ကွက်ခြင်းမရှိ။ ဤနေရာတွင် မဆွေးနွေးတော့ပါ။

**သီရော**

သုတစာပေပဲရေးရေး၊ ရသစာပေပဲရေးရေး၊ စာဖတ်ပရိသတ်က လက်ခံဖတ်ရှုချင်လောက်အောင်ကားရေးတတ်ရမည်။ ပရိသတ်နှစ်သက်စွဲမက်အောင် လေးစားအောင် ရေးနိုင်ရပါသည်။ အောက်ပါလက္ခဏာအင်္ဂါရပ်များ ကောင်းရပါမည်-

(၁) **ရည်ရွယ်ချက်။** အခြေအနေ အချိန်အခါနှင့် ကိုက်ညီဆီလျော်ပြီး ကောင်းမွန်ခြင်း။

(၂) ဦးတည်ချက်ကောင်းရုံမျှမက **အရေးအသား**လည်းကောင်းမွန်ခြင်း။

(၃) **ပုံသဏ္ဌာန်၊ အနစ်သာရ၊ ဖွဲ့စည်းပုံ၊ အစီအစဉ်**ကောင်းခြင်း။

(၄) **ဇာတ်ကောင်စရိုက်ဖော်ပုံ** ကောင်းခြင်း။

(၅) **ဇာတ်လမ်းဇာတ်ကွက်** အချိတ်အဆက်မိခြင်း။

စာမျက်နှာ ၂၇ သို့ ➤

# ငပလီကမ်းခြေရှိ အဘဲကျေးရွာတွင် တောင်ပေါ်ရှုခင်းကြည့်ရှုနိုင်သည့် Camping Site အသစ်တစ်ခု အကောင်အထည်ဖော်ဆောင်ရွက်နေ



**သံတွဲ အောက်တိုဘာ ၂၃**

ရခိုင်ပြည်နယ် သံတွဲမြို့နယ် ငပလီကမ်းခြေရှိ အဘဲကျေးရွာတွင် တောင်ပေါ်ရှုခင်းကြည့်ရှုနိုင်သည့် Camping Site အသစ်တစ်ခုကို စက်တင်ဘာလမှစ၍ အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း (ရခိုင်ပြည်နယ်၊ ငပလီဇုန်)မှ ဗဟိုအလုပ်အမှုဆောင် ဦးဝေကြည်မိုးက ပြောပြ၍ သိရသည်။

အဆိုပါ အဘဲကျေးရွာရှိ တောင်ပေါ်ရှုခင်းကြည့်ရှုနိုင်သည့် Camping Site အသစ်တစ်ခုကို Mini Camping ပုံစံဖော်ဆောင်ထားခြင်းပြီး လင့်စင်၊ ရွက်ဖျင်တဲ၊ ဒန်း၊ ဝါးထိုင်ခုံများဖြင့် နားနေအပန်းဖြေနိုင်ရန် ထည့်သွင်းစီစဉ်ထားကြောင်း သိရသည်။

"ဒီ Camping Site ကတော့ ငပလီမှာ ပထမဆုံးစပြီးတော့ ပေါ်လာတဲ့ Camping Site အသစ်ဖြစ်ပါတယ်။ လတ်တလောမှာတော့ ရွက်ဖျင်တဲ လေးလုံး တည်ဆောက်ထားပြီးပါပြီ။ ခရီးသည်ငါးယောက်တစ်ဖွဲ့နှုန်းနဲ့ လေးဖွဲ့နားနေနိုင်မှာဖြစ်ပါတယ်။ ငပလီကမ်းခြေ ဟိုတယ်ဇုန်ကနေ အဘဲကျေးရွာထိ အကြိုအပို့ စီစဉ်ပေးထားပါတယ်။ ဒီမှာကတော့ ငါးမျှားတာတို့၊ တောင်ပေါ်ရှုခင်းကြည့်တာတို့၊ အဘဲကျေးရွာကို Sight-seen ကြည့်တာတို့ ပါမှာပါ"ဟု မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း (ရခိုင်ပြည်နယ်၊ ငပလီဇုန်)မှဗဟိုအလုပ်အမှုဆောင် ဦးဝေကြည်မိုးက ပြောပြသည်။

လက်ရှိတွင် ငပလီကမ်းခြေ ဟိုတယ်ဇုန်၌ ဟိုတယ်၊ မိုတယ်နှင့် တည်းခိုရိပ်သာ အလုံး ၅၀ ခန့်ရှိပြီး ငပလီကမ်းခြေသို့ လာရောက်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားများသည် Blue Lagoon၊ Safari Beach၊ Floating Bridge၊ Paradise Beach Fisherman Village၊ White Sand Island၊ Light House၊ Pearl Island တို့သို့ အဓိက သွားရောက်လည်ပတ်ကြကြောင်း သိရသည်။

ASH

# ငဖဲမြို့နယ်တွင် ကျေးရွာချင်းဆက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ငဖဲ အောက်တိုဘာ ၂၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပဒါန်း-ငဖဲ-စေတုတ္တရာလမ်းမှ အောင်ပင်လယ်ကျေးရွာသို့ ဆက်သွယ်သောလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ငဖဲမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်မာသန်းနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ပဒါန်း-ငဖဲ-စေတုတ္တရာလမ်းမှ အောင်ပင်လယ်ကျေးရွာသို့ ဆက်သွယ်သောလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်မာသန်းက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားသည်။

ပဒါန်း-ငဖဲ-စေတုတ္တရာလမ်းမှ အောင်ပင်လယ်ကျေးရွာသို့ ဆက်သွယ်သော လမ်း အရှည် ၇ ဒသမ ၈၇ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ၁၃ လက်မ ကတ္တရာခင်းခြင်း လုပ်ငန်းတို့ကို တိုင်းဒေသကြီး ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၂၄၃ ဒသမ ၃၅ သန်းဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ယခုနှစ် ဇူလိုင်လ ဒုတိယပတ်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။ **ဇင်မာ**

# ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၈၅၂၂ ဧက စိုက်ပျိုးပြီးစီး

**ဝက်လက် အောက်တိုဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၈၅၂၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း သီးနှံ ၃၈၆၄၁ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပဲတီစိမ်း ၃၈၅၂၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ဝက်လက်မြို့နယ်အတွင်း ပဲတီစိမ်း ၃၈၆၄၁ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ပဲတီစိမ်း ၃၈၅၂၂ ဧက စိုက်ပျိုးပြီးစီးပါပြီ။ ပဲတီစိမ်း စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ အသိပညာပေးတာတွေ ဆောင်ရွက်နေပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် ပဲတီစိမ်းသီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် မိုးပဲတီစိမ်း ၃၈၅၂၂ ဧက တို့ဖြစ်ပြီး လျာထားမှုအနေဖြင့် မိုးကြိုပဲတီစိမ်း ၁၁၆ ဧကနှင့် မိုးပဲတီစိမ်း ၃၈၅၂၅ ဧက စုစုပေါင်း ၃၈၆၄၁ ဧကတို့ဖြစ်ကြောင်း သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေသြဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

# ဆီဆိုင်မြို့နယ်၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ဆီဆိုင် အောက်တိုဘာ ၂၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဆီဆိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တဘက်ကျေးရွာအုပ်စု ဟိုပန်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဆီဆိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထျာရယ်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို အများ သဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြသည်။

ဟိုပန်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေများကို အသုံးပြု၍ ဆီဆိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာမှ ရွေးချယ်ထားသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ချိုသန်းဦးနှံ.**



➤ စာမျက်နှာ ၂၆ မှအဆက်

(၆) **အနုပညာရသ** ပြောင်မြောက်မှုရှိခြင်း။

ဥပမာ- အားပြိုင်မှု(Conflict)
စိတ်တင်းကျပ်မှု(Tension)
မချင့်မရဲ(Suspense)
အံ့အားသင့်(Surprise)
ဇာတ်ရှိန် (Tempo)

(၇) အတိုအရှည်၊ အတိုင်းအဆသင့်လျော်ခြင်း။

(၈) အခြား။

အားနည်းချက်၊ ချွတ်ယွင်းချက်၊ အပြစ်အနာ အဆာပါမှာစိုး၍ တွန့်ဆုတ်မနေရ။ ယုံကြည်စွာ၊ ရဲရင့်စွာအကောင်အထည်ဖော်ဆောင်ရွက်ရပါမည်။

မိမိဖန်တီးပြုစုခြင်းသည် အကောင်းမွန်ဆုံး လက်ရာဖြစ်စေရန် အဆက်မပြတ် ဝမ်းစာဖြည့်တင်းခြင်းအဖြစ် ရှေ့ကဆရာများ၏စံနမူနာများကို အတုယူရပါသည်။ စာရေးဆရာသုခက ဆရာပီမိုးနင်း၏ ရှင်းလင်းပေါ်လွင်သော အရေးအသား၊ ဆရာမြမျိုး လွင်၏ ထိရောက်လှပသော အပြန်အလှန် စကားပြော ပုံ ရေးသားနည်း၊ ဆရာဇေယျ၏ ဝတ္ထုထဲမှာ တေးကဗျာသီချင်းများ ဆီလျော်အောင် ထည့်သွင်းခြင်းနှင့် အမေရိကန်ဝတ္ထုတိုရေးဆရာ အိုဟင်နရီ၏ ဇာတ်ကွက် အလှည့်လေးများထည့်၍ ဖမ်းစားနည်းတို့ကို အတုယူခဲ့ကြောင်း ဟောပြောရေးသားခြင်းကို မှတ်သားရဖူးပါသည်။

**နိဂုံး**

စိတ်ကူးအတွေးတစ်ခု လျှပ်တစ်ပြက်ရရှိလိုက်သည်နှင့် အောင်မြင်သောလုပ်ဆောင်ချက်တစ်ရပ် ဖန်တီးတီထွင်ဆန်းသစ်နိုင်သည်ထိ လုပ်ဆောင်ရမည့်နည်းနာနှင့် လိုအပ်ချက်များကို ဖော်ပြဆွေးနွေးခဲ့ပါသည်။ ရေးသားခြင်း၏အဓိကကျပုံ၊ လက်တွေ့များများရေးခြင်းက အကျိုးကြီးမားပုံကို ဖော်ပြခဲ့ပါသည်။ စိတ်ကူးယဉ်ဖန်တီးမှုစာပေ (ရသစာပေ)နှင့် သုတစာပေတို့ ကွဲပြားပုံကိုလည်းကောင်း၊ အရေးအသားကောင်းခြင်းတွင် ဦးတည်ချက်၊ ဇာတ်ကောင်၊ ဇာတ်လမ်း၊ အနုပညာပြောင်မြောက်မှုရှိရမည်ဖြစ်ကြောင်း ထင်ရှားအောင် ဖော်ပြလိုက်ပါသည်။ အကျိုးရှိသော အသိအမြင်ကို စာဖတ်သူရရှိနိုင်လောက်ပါသည်။

# နယ်စပ်ဖြတ်ကျော်မီးခိုးမြူများအရေး ဝိုင်းဝန်းဖြေရှင်းပေးရန်တောင်းဆိုလိုက်သော မလေးရှား

မလေးရှားနိုင်ငံသည် အိမ်နီးချင်း အင်ဒိုနီးရှားနိုင်ငံတွင် ရိတ်သိမ်းပြီးသော ကောက်ပဲသီးနှံစိုက်ခင်းများ မီးရှို့မှုကြောင့် တိုင်းပြည်ကောင်းကင်ယံ၌ မီးခိုးမြူများအုံ့ဆိုင်းနေသည့်အတွက် ရာသီအလိုက်ဖြစ်ပေါ်လေ့ရှိသော လေထုညစ်ညမ်းမှုအန္တရာယ်ကိုဖြေရှင်းနိုင်ရေး ဒေသတွင်း၌ ပူးပေါင်းကြိုးပမ်းအားထုတ်မှု လုပ်ဆောင်သွားရန် တောင်းဆိုလျက်ရှိသည်။

မလေးရှားသဘာဝအရင်းအမြစ်ဝန်ကြီး နာဇမီနစ်အာမတ်က အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) အနေဖြင့် မီးခိုးမြူများလျှော့ချကိုင်တွယ်ဖြေရှင်းရေးအတွက် ဒေသတွင်း၌ အရေးယူဆောင်ရွက်မှုများ လိုအပ်နေပြီဖြစ်ကြောင်း၊ နှစ်စဉ် ခြောက်သွေ့ရာသီရောက်ရှိချိန်တွင် ဒေသတွင်း၌ အဆိုပါမီးခိုးမြူများနှင့် ဖုံးလွှမ်းနေလေ့ရှိကြောင်း၊ မီးခိုးမြူများသည် စီးပွားရေးလုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းတို့ကို ထိခိုက်စေလျက်ရှိကြောင်း၊ အထူးသဖြင့် ကျန်းမာရေးအပေါ် အလွန်အမင်းခြိမ်းခြောက်လျက်ရှိသဖြင့် အဖြေတစ်ရပ်ရရှိရေးအတွက် နိုင်ငံတိုင်းအနေဖြင့် ဝိုင်းဝန်းရှာဖွေသွားသင့်ကြောင်း ပြောကြားသွားခဲ့သည်။

မလေးရှားသဘာဝအရင်းအမြစ်ဝန်ကြီး နာဇမီနစ်အာမတ်သည် လက်ရှိအချိန်အတွင်း ဆူမတြားကျွန်းနှင့် ကီလီမန်တန်ကျွန်းတို့၌ မီးရှို့နေမှုများနှင့်စပ်လျဉ်း၍ လွန်ခဲ့သောသီတင်းပတ်အတွင်း အင်ဒိုနီးရှားနိုင်ငံဝန်ကြီးထံသို့ စာတစ်စောင်ရေးသားပေးပို့ခဲ့သည်။ ၎င်းက မလေးရှားအစိုးရအနေဖြင့် လက်ရှိ လေထုညစ်ညမ်းမှုအတွက် တာဝန်ရှိသူများကို ပြစ်တင်ပြောဆိုရမည်ဖြစ်ကြောင်း၊ အင်ဒိုနီးရှားအစိုးရအား လက်ရှိမီးရှို့နေမှုများကို အရေးယူဆောင်ရွက်နိုင်ရေးအတွက် တိုက်တွန်းထားရှိကြောင်း၊ မိမိတို့အနေဖြင့် မီးခိုးမြူများကင်းရှင်းရေးနှင့် ပုံမှန်အနေအထားအတိုင်း ပြန်လည်ရောက်ရှိရေးအတွက် ဆက်လက်ဆောင်ရွက်နိုင်စွမ်းမရှိတော့ကြောင်း ပြောကြားသွားသည်။

လေထုညစ်ညမ်းမှုသည် မကြာသေးမီ ဆယ်စုနှစ်များအတွင်း အရှေ့တောင်အာရှရှိ ကုန်းမြေများနှင့် ပင်လယ်ရေကြောင်းနယ်ပယ် နှစ်ခုစလုံးကို တိုးမြင့်ခြိမ်းခြောက်လာလျက်ရှိသည်။ အကြောင်းမှုကား အရှေ့တောင်အာရှနိုင်ငံများအနေဖြင့် ဆီအုန်း၊ ပြောင်း၊ ကြံ စသည့်စိုက်ပျိုးမြေများချဲ့ထွင်လာမှုကြောင့် နှစ်စဉ် ရိတ်သိမ်းပြီးသော ကောက်ပဲသီးနှံစိုက်ခင်းများကို မီးရှို့လေ့ရှိကြသည်။ မော်တော်ယာဉ်များ၊ စက်မှုလုပ်ငန်းများမှထုတ်လွှတ်သော မီးခိုးငွေ့များနှင့် သစ်တောမီးရှို့မှုများသည် လေထုညစ်ညမ်းမှုပြဿနာကို ဖြစ်ပေါ်စေလျက်ရှိသည်။

ထို့ပြင် အယ်လ်နီညိုဖြစ်စဉ်နောက်ဆက်တွဲများကြောင့် ၂၀၁၉ ခုနှစ်နောက်ပိုင်း ယခုနှစ်သည် အဆိုးရွားဆုံးသော လေထုညစ်ညမ်းမှုပင်ဖြစ်ပွားသည့်ကာလဖြစ်သည်။ အယ်လ်နီညိုဖြစ်စဉ်သည် အရှေ့တောင်အာရှဒေသတွင် ပုံမှန်မဟုတ်သော ပူပြင်းခြောက်သွေ့မှုအန္တရာယ်များကို ရင်ဆိုင်ကြုံတွေ့ရလေ့ရှိသည်။ IQAir ၏စောင့်ကြည့်မှုအရ မလက္ကာရေလက်ကြားမှသည် ဆူမတြားထိရှည်လျားသော Malaya ကျွန်းဆွယ်ကမ်းခြေအနောက်ဘက်တစ်လျှောက်တွင် လေထုအရည်အသွေးသည် ဆိုးဆိုးရွားရွား ကျဆင်းလျက်ရှိသည်ဟုဆိုသည်။

မလေးရှားနိုင်ငံသည် အောက်တိုဘာလ ပထမပတ်အတွင်း အင်ဒိုနီးရှားနိုင်ငံတွင် မီးရှို့မှုများကြောင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်လာမှုအပေါ် ပြစ်တင်ပြောဆိုခဲ့ပြီး မီးခိုးမြူများကြောင့် ကျောင်းများပိတ်ကာ မိုးအတုရွာသွန်းရေးအတွက် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ပြောကြားသွားခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံကမူ ဆူမတြားကျွန်းနှင့် ကီလီမန်တန်ကျွန်းတွင် မီးရှို့မှုများကြောင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်စေလျက်ရှိသည်ဆိုသော မလေးရှား၏စွပ်စွဲပြောဆိုမှုကို ပယ်ချခဲ့ပြီး သဘာဝပတ်ဝန်းကျင်ရေးရာဝန်ကြီး စစ်တီနာဘာယာဘာကာက မလေးရှားနိုင်ငံသို့ နယ်စပ်ဖြတ်ကျော်ဖြစ်ပေါ်လျက်ရှိသော မီးခိုးမြူများမရှိကြောင်း ပြောဆိုသွားခဲ့သည်။



တစ်ချိန်တည်းမှာပင် အင်ဒိုနီးရှားအာဏာပိုင်များက ဆူမတြားပြည်နယ်တွင် သစ်တောမီးရှို့မှုများ ရှိသည်ဟုစွပ်စွဲခံရသည့်ကုမ္ပဏီ ၁၁ ခုမှ ပိုင်ဆိုင်သော မြေယာများကို လုပ်ပိုင်ခွင့်ပိတ်သိမ်းခဲ့ကြောင်း အောက်တိုဘာ ၅ ရက်တွင် ပြောကြားခဲ့သည်။ သဘာဝပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာန၏ တရားဥပဒေရေးရာညွှန်ကြားရေးမှူးချုပ် ရာစီယိုရီဒိုဆာနီက အစိုးရအနေဖြင့် မီးခိုးမြူပြဿနာဖြေရှင်းရေးအတွက် တရားဥပဒေကြောင်းအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တောင်ဆူမတြားပြည်နယ်တွင် ဂျကာတာ၏အရေးယူဆောင်ရွက်သွားမည့် သစ်တောဖုံးလွှမ်းမှုဧရိယာသည် ၂၄၀၀၀ ကျော်ထိရှိကြောင်း ပြောကြားခဲ့သည်။

မိမိတို့အနေဖြင့် မီးခိုးမြူဖြစ်ပေါ်စေမှုကာကွယ်ရေးအတွက် အုပ်ချုပ်ရေးနည်းလမ်း၊ တရားဥပဒေကြောင်းအရ အရေးယူဆောင်ရွက်သည့်နည်းလမ်းများဖြင့် ဖြေရှင်းသွားမည်ဖြစ်ကြောင်း၊ သစ်တောနှင့် တောင်ယာခုတ်ထွင်ရှင်းလင်းမီးရှို့သူများကို တားဆီးသွားမည်ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာန၏ တရားဥပဒေရေးရာညွှန်ကြားရေးမှူးချုပ် ရာစီယိုရီဒိုဆာနီက ထပ်လောင်းပြောကြားသွားခဲ့သည်။ မလေးရှားသဘာဝအရင်းအမြစ်ဝန်ကြီး နာဇမီနစ်အာမတ်ကလည်း မလေးရှားအစိုးရအနေဖြင့် လေထုညစ်ညမ်းမှုဖြစ်စေမှုအတွက် တာဝန်ရှိသည့် ကုမ္ပဏီများကို အရေးယူဆောင်ရွက်နိုင်မည့်ဥပဒေပြဋ္ဌာန်းနိုင်ရေး စဉ်းစားသုံးသပ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသွားခဲ့သည်။

အရှေ့တောင်အာရှနိုင်ငံများသည် နယ်စပ်ဖြတ်ကျော်လေထုညစ်ညမ်းမှုဆိုင်ရာ အာဆီယံသဘောတူညီချက်ကို ၂၀၀၂ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါသဘောတူစာချုပ်တွင် အမျိုးသားရေးကြိုးပမ်းမှုများ၊ ဒေသတွင်းနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုတို့မှတစ်ဆင့် နယ်စပ်ဖြတ်ကျော်လေထုညစ်ညမ်းမှုထိန်းချုပ်ရေးအတွက် တောင်ယာနှင့် သစ်တောမီးရှို့မှုထိန်းချုပ်နိုင်ရေး၊ ကာကွယ်ရေး၊ စောင့်ကြည့်ရေးနှင့် လျှော့ချရေးတို့ကို လုပ်ဆောင်သွားရန် သတ်မှတ်ပြဋ္ဌာန်းထားရှိသည်။

အဆိုပါသဘောတူညီချက်သည် မီးခိုးမြူများလျှော့ချရေးလုပ်ငန်းစဉ်အတွက် စောင့်ကြည့်မှုများလုပ်ဆောင်ရုံမှအပ နှစ်စဉ် မီးခိုးမြူလျှော့ချမှုအနည်းငယ်ခန့်သာ လုပ်ဆောင်နိုင်ခဲ့သည်။ စင်စစ်အားဖြင့် သဘောတူညီချက်လက်မှတ်ရေးထိုးပြီး ဆယ်စုနှစ် နှစ်ခုကျော်အတွင်း မီးခိုးမြူပြဿနာသည် ပိုမိုဆိုးရွားလာခဲ့သည်။ ထို့ပြင် အဆိုပါမီးခိုးမြူပြဿနာသည် နှစ်စဉ် မီးခိုးမြူများဖြစ်ပေါ်စေရန် လုပ်ဆောင်မှုအတွက် တာဝန်ရှိသည့်စိုက်ပျိုးရေးကုမ္ပဏီကြီးများကို ခြိမ်းခြောက်မှုဖြစ်ပေါ်ခဲ့ခြင်းမရှိပေ။ ၎င်းတို့နှင့် စာချုပ်ချုပ်ဆိုထားသောလယ်သမားများသည် အမြတ်အစွန်းငွေကြေးပမာဏ အနည်းငယ်ခန့်ဖြင့်သာ လုပ်ဆောင်ပေးရလျက်ရှိသည်။ လယ်သမားများအဖို့ ကောက်ပဲသီးနှံစိုက်ပျိုးရေးအတွက် စိုက်ပျိုးမြေများ ရှင်းလင်းရန် အထိရောက်ဆုံးနှင့် ငွေကြေးအသက်သာဆုံးနည်းလမ်းမှာ တောင်ယာများကို မီးရှို့ခြင်းပင်ဖြစ်သည်။ တရားဥပဒေများသည် ကုမ္ပဏီများကို ထိရောက်စွာတားမြစ်နိုင်စွမ်းမရှိသည့်အတွက် မီးရှို့ခြင်းနှင့် မီးခိုးမြူဖြစ်ပေါ်စေမှုကို လျှော့ချနိုင်စွမ်းမရှိပေ။

မီးခိုးမြူများဖြစ်ပေါ်စေမှုအတွက် အင်ဒိုနီးရှားနိုင်ငံ၏ကြိုးပမ်းမှုများအပေါ် ပြစ်တင်ဝေဖန်သကဲ့သို့ လူသားတို့၏ကျန်းမာရေးနှင့် အကျိုးစီးပွားများ တိုးတက်ရေးအတွက် အရှေ့တောင်အာရှဒေသ၏ လေထုညစ်ညမ်းမှုကိုပြဿနာကို ကိုင်တွယ်ဖြေရှင်းနိုင်မည့် စည်းလုံးညီညွတ်သည့် ခိုင်မာသောဆုံးဖြတ်ချက်များ လိုအပ်လျက်ရှိသည်။ နိုင်ငံတစ်နိုင်ငံတည်းအနေဖြင့် လက်ရှိဖြစ်ပေါ်နေသော စီးပွားရေးဆိုင်ရာအကျိုးစီးပွားများကို ရင်ဆိုင်နိုင်စွမ်းရှိသလားဆိုသောအချက်မှာမူ ရှင်းရှင်းလင်းလင်းမသိရှိသည့်အခြေအနေမျိုးတွင် ဒေသတွင်းပူးပေါင်းကြိုးပမ်းမှုများသည် ရလဒ်ပေါ်ထွက်ရန် မျှော်လင့်ချက်ပိုမိုကင်းမဲ့နေဆဲပင်ဖြစ်သည်။

အောက်တိုဘာလအတွင်း မလေးရှားနိုင်ငံတွင် လေထုညစ်ညမ်းမှုအညွှန်းကိန်း(API)သည် ၁၅၅ ကျော်နေသည့်အတွက် ကျောင်းများပိတ်ထားရသည်။ လေထုညစ်ညမ်းမှုအညွှန်းကိန်း ၅၀ တွင် လေထုအရည်အသွေးကောင်းမွန်မှုရှိသည်။ ၅၀ မှ ၁၀၀ အတွင်းသည် အသင့်အတင့်ဖြစ်သည်။ ၁၀၀ မှ ၂၀၀ အတွင်းသည် မကျန်းမာသောအခြေအနေဖြစ်သည်။ ၂၀၀ မှ ၃၀၀ အတွင်းသည် ကျန်းမာရေးကို အလွန်အမင်းထိခိုက်နိုင်သည်။ ၃၀၀ အထက်သည် အန္တရာယ်များသောအခြေအနေပင်ဖြစ်သည်။ ထို့ကြောင့် လေထုအရည်အသွေးကျဆင်းလာလျက်ရှိသဖြင့် ပြည်သူများ ပြင်ပသို့သွားလာမှုများ လျှော့ချခြင်းအပါအဝင် ကျန်းမာရေးကို အထူးဂရုစိုက်သွားရန် အသိပေးနှိုးဆော်ထားရှိသည်။

ထို့ကြောင့် မလေးရှားနိုင်ငံအနေဖြင့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူများ ထိရောက်စွာလျှော့ချနိုင်ရေးအတွက် ၂၀၀၂ ခုနှစ်က ချုပ်ဆိုခဲ့သော နယ်စပ်ဖြတ်ကျော်လေထုညစ်ညမ်းမှုဆိုင်ရာ အာဆီယံသဘောတူညီချက် (AATHP) ကို ပြင်ဆင်အဆင့်မြှင့်တင်သွားရန် အဆိုပြုထားရှိသည်။ အဆိုပါသဘောတူညီချက်တွင် ကန့်သတ်ချက်တချို့ရှိနေသည့်အတွက် အိမ်နီးချင်းနိုင်ငံများမှ မီးခိုးမြူများထွက်ပေါ်လာသည့်အချိန်တွင် ထိရောက်စွာကိုင်တွယ်ဖြေရှင်းနိုင်စွမ်းမရှိသဖြင့် အဆင့်မြှင့်တင်သွားရန် အဆိုပြုထားခြင်းဖြစ်သည်။ ထို့ပြင် မလေးရှားနိုင်ငံသည် နယ်စပ်ဖြတ်ကျော်မီးခိုးမြူများလျှော့ချရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရန် အင်ဒိုနီးရှားနိုင်ငံကို အဆိုပြုထားရှိသည်။

**ကိုးကား**

- **Malaysia Calls for Regional Action to Tackle Transboundary Haze By The Diplomat.**

**ဝင်းဇင်(သုတေသန)**

# ကျိုက်လတ်မြို့နယ် ကျိုက်လတ်ကလေးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကျိုက်လတ် အောက်တိုဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် အိမ်ယာကြီးကျေးရွာအုပ်စု ကျိုက်လတ်ကလေးကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရရှိန်နှင့် ဝန်ထမ်းများက ကျေးရွာစီမံကိန်းတာဝန်ခံများနှင့်အတူ ကျိုက်လတ်ကလေးကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းလုပ်ငန်းများ ရေရှည်ကောင်းမွန်စွာအသုံးပြုနိုင်ရေး စည်းကမ်းတကျ အသုံးပြုကြရန် ဆွေးနွေးပြောကြားခဲ့သည်။

ကျိုက်လတ်ကလေးကျေးရွာတွင် အရှည်ပေ ၅၁၀၊ အကျယ် ၁၀ ပေ၊ အမြင့် ကိုးလက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ်သိန်း ၃၀ စုစုပေါင်းငွေကျပ်သိန်း ၁၈၀ အသုံးပြုပြီး မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများ၊ အင်ဂျင်နီယာဝန်ထမ်းများ၏ ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လ ပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများပြီးစီးသဖြင့် ကျေးရွာနေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူနေမှုစနစ်များ ယခင်ကထက် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရရှိန်ထံမှ သိရသည်။

**ကိုလှိုင်**

# ကြည်ညိုဖွယ်ရာ သီတင်းကျွတ်ချိန်ခါ

## စိန်ငွေးလှိုင်(ဟိုပုံးမြေ)

"လှိုင်လို့သာသင်းတော့တယ်၊ ကန်မင်းငယ်နန္ဒာ၊ လျှံဝင်းငယ်ဖြာသည်၊ ပွင့်ရွှေကြာမြိုင်မြိုင်နှင့်၊ ကြိုင်ကြိုင်သင့်တဲ့လကိုလေး"ဆိုပြီး မဟာအတုလမင်းကြီးက သီတင်းကျွတ်လဘွဲ့ လွမ်းချင်းတစ်ပုဒ်ကိုရေးစပ်ခဲ့ပါတယ်။ နန္ဒာကန်မှာ ကြာပန်းတို့မြိုင်မြိုင်ဆိုင်ဆိုင်ပွင့်ကြတဲ့ သီတင်းကျွတ်လဟာ မြန်မာဆယ့်နှစ်လရာသီရဲ့ သတ္တမမြောက်လဖြစ်ပါတယ်။ မိုးဥတုမှာပါဝင်ပြီး ရက်ပေါင်း ၂၉ ရက်ရှိတဲ့ ရက်မစုံလဖြစ်ပါတယ်။ "သီတင်းလည်းကျွတ်၊ မိုးလည်းကျွတ်"လို့ အဆိုရှိခဲ့ပြီး ခြေခင်းလက်ခင်းသာယာတဲ့ လတစ်လလဲဖြစ်ပါတယ်။ ရှေးအခါက "သန်တူလ"လို့ရေးသားခဲ့တာဟာ "သန်"ဆိုတာက စပါးပင်ကိုခေါ်ဆိုတာဖြစ်ပြီး "တူ"ဆိုတာက ထောင်မတ်တာလို့ အဓိပ္ပာယ်ရရှိပါတယ်။ ဒါကြောင့် စပါးပင်တွေ ထောင်မတ်ရှင်သန်တဲ့လလို့ မှတ်ယူနိုင်ပါတယ်။ ဝေဒကျမ်းအလိုအားဖြင့် တူရာသီလို့ခေါ်ဆိုပြီး အထိမ်းအမှတ်ပန်းမှာ ကြာပန်းဖြစ်ပါတယ်။ နဂါးရဲ့ ဦးခေါင်းမှာ အရှေ့အရပ်ကိုလှည့်ပါတယ်။ ဒီနှစ် သီတင်းကျွတ်လရဲ့ ပြဿဒါးရက်တွေက တနင်္ဂနွေနဲ့ တနင်္လာတို့ဖြစ်ကြပြီး ရက်ရာဇာမှာ အင်္ဂါနဲ့ ကြာသပတေးတို့ဖြစ်ကြပါတယ်။

သီတင်းကျွတ်လမှာ ဗုဒ္ဓဘာသာဝင်တွေအတွက် "အဘိဓမ္မာအခါတော်နေ့"လို့ခေါ်တဲ့ နေ့ထူးနေ့မြတ်တစ်ရက်ရှိပါတယ်။ အဲဒီနေ့ ပေါ်ပေါက်လာပုံမှာ မြတ်စွာဘုရားရှင်ဟာ မဟာသက္ကရာဇ် ၁၀၉ ခုနှစ် ဝါဆိုလပြည့်နေ့ညပိုင်းမှာ သာဝတ္ထိပြည်ရှိ ကဏ္ဍမ္ဗသရက်ဖြူပင်အနီးမှာ တိတ္ထိတွေကို ရေမီးအစုံတန်ခိုးပြတော်မူပါတယ်။ ပြီးနောက် သတ္တမမြောက်ဝါကို တာဝတိံသာနတ်ပြည်မှာ ဝါကပ်တော်မူပါတယ်။ မယ်တော်ဖြစ်ခဲ့ဖူးတဲ့ သန္တုသိတနတ်သားကို အကြောင်းပြုပြီး အဘိဓမ္မာတရားဟောကြားခဲ့ပါတယ်။ စကြဝဠာတိုက်တစ်သောင်းတို့မှ နတ်၊ ဗြဟ္မာအပေါင်းတို့ကလဲ လာရောက်တရားနာကြပါတယ်။ ဟောကြားတဲ့ကာလမှာ ဘုရားရှင်ဟာ မြောက်ကျွန်းဥတ္တရကုရုကို ဆွမ်းခံကြွပြီး အနောတတ်အိုင်မှာ ဆွမ်းဘုဉ်းပေးပါတယ်။ ဒီချိန်မှာ နိမ္မိတရုပ်ပွားတော်ဖန်ဆင်းပြီး ကိုယ်စားပြုဟောကြားစေပါတယ်။ မြတ်စွာဘုရားက အဘိဓမ္မာတရားဟောကြားပြီးမြောက်လို့ လူ့ပြည်ပြန်လည်သက်ဆင်းမဲ့နေ့ကို လူအပေါင်းတို့က ဖူးမြော်လိုကြပါတယ်။ ဘုရားရှင် လူ့ပြည်ကို မဆင်းသက်ခင် တာဝတိံသာနတ်ပြည်မှာရေမီးအစုံနဲ့ "လောကဝိဝရဏ" တန်ခိုးပြာဋိဟာပြတော်မူပါတယ်။ တန်ခိုးတော်ကြောင့် လူ၊ နတ်၊ ဗြဟ္မာနဲ့ ငရဲသားအားလုံးတို့ဟာ တစ်ဦးကိုတစ်ဦးထင်ထင်ရှားရှားတွေ့မြင်ကြရပါတယ်။ သီတင်းကျွတ်လပြည့်နေ့မှာ အဘိဓမ္မာတရားဟောကြားမှုပြီးဆုံးခဲ့ပြီး သင်္ကဿနဂိုရ်ပြည်ကို ကြွမြန်းဆင်းသက်ပါတယ်။ ဘုရားရှင်က ပတ္တမြားစောင်းတန်း၊ ဘုရားရှင်ရဲ့ လက်ယာဘက်မှာ ရွှေစောင်းတန်းနဲ့ ဗြဟ္မာမင်းတို့က ထီးဖြူကိုဆောင်းမိုးလျက် ပူဇော်ဆင်းသက်ကြပါတယ်။ လက်ဝဲဘက်မှာ ငွေစောင်းတန်းနဲ့ သိကြားမင်းနဲ့နတ်တွေက ပူဇော်ဆင်းသက်ကြပါတယ်။ ပဥ္စသိခနတ်သားက ဗေလုဝနတ်စောင်းနဲ့ တီးခတ်ပူဇော်ပြီး မာတလိနတ်သားက စာမရီသားမြီးယပ်လွှဲခတ်ပြီး လိုက်ပါပူဇော်ဆင်းသက်ပါတယ်။ ဒီအချိန်မှာ သာဝတ္ထိပြည်သူပြည်သားအပေါင်းတွေကလဲ မြတ်စွာဘုရားကိုဖူးမြော်ဖို့ သင်္ကဿနဂိုရ်မြို့တံခါးကို ရောက်ရှိကြပြီး မီးတိုင်၊ မီးပန်း၊ ဆီမီး၊ ပန်း၊ ရေချမ်း တွေနဲ့ကပ်လှူပူဇော်ကြပါတယ်။ ဘုရားရှင်ရဲ့ အသရေကိုဖူးမြင်ကြတာ ၃၆ ယူဇနာအတွင်းမှာရှိတဲ့ ပရိသတ်တွေဟာ ဘုရားဖြစ်လိုကြောင်း ဆုပန်ကြပါတယ်။ ဒါကြောင့် သီတင်းကျွတ်လပြည့်နေ့ကို "ဘုရားဆုပန်နေ့"လို့လဲ ခေါ်ဆိုကြပါတယ်။ သီတင်းကျွတ်လပြည့်နေ့ဟာ အဘိဓမ္မာတရားဟောကြားမှုပြီးဆုံးတဲ့နေ့ဖြစ်တာကြောင့် "အဘိဓမ္မာအခါတော်နေ့"လို့ခေါ်ဆိုကြပါတယ်။ ဒ့ါပြင် ဘုရားရှင်မှာ တာဝတိံသာနတ်ပြည်ကနေ ကြွချီတော်မူတာကို အကြောင်းပြုပြီး"တာဝတိံသာပွဲ"လို့ခေါ်ဆိုပါတယ်။ တာဝတိံသာနတ်ပြည်တည်ရှိရာ မြင်းမိုရ်တောင်ထိပ်ကနေ ဆင်းသက်တာကိုအကြောင်းပြုပြီး "မြင်းမိုရ်ပွဲ" လို့လဲခေါ်ဆိုကြပါတယ်။ ဝါတွင်းကာလရဲ့နောက်ဆုံးနေ့ဖြစ်တာကြောင့် ဝါဆိုတော်မူကြကုန်တဲ့ သံဃာတွေမှာ အလွန်မွန်မြတ်တဲ့ ကထိန်အလှူကို ခံယူထိုက်ကြောင်း လေ့လာသိရှိရပါတယ်။

> ❖ သီတင်းကျွတ်လပြည့်နေ့မှာ အဘိဓမ္မာတရားဟောကြားမှုပြီးဆုံးခဲ့ပြီး သင်္ကဿနဂိုရ်ပြည်ကို ကြွမြန်းဆင်းသက်ပါတယ်။ ဘုရားရှင်က ပတ္တမြားစောင်းတန်း၊ ဘုရားရှင်ရဲ့ လက်ယာဘက်မှာ ရွှေစောင်းတန်းနဲ့ ဗြဟ္မာမင်းတို့က ထီးဖြူကိုဆောင်းမိုးလျက် ပူဇော်ဆင်းသက်ကြပါတယ်။ လက်ဝဲဘက်မှာ ငွေစောင်းတန်းနဲ့ သိကြားနဲ့နတ်တွေက ပူဇော်ဆင်းသက်ကြပါတယ်။ ပဥ္စသိခနတ်သားက ဗေလုဝနတ်စောင်းနဲ့ တီးခတ်ပူဇော်ပြီး မာတလိနတ်သားက စာမရီသားမြီးယပ်လွှဲခတ်ပြီး လိုက်ပါပူဇော်လျက်ရှိပါတယ်။ ဒီအချိန်မှာ သာဝတ္ထိပြည်သူပြည်သားအပေါင်းတွေကလဲ မြတ်စွာဘုရားကိုဖူးမြော်ဖို့ သင်္ကဿနဂိုရ်မြို့တံခါးကို ရောက်ရှိကြပြီး မီးတိုင်၊ မီးပန်း၊ ဆီမီး၊ ပန်း၊ ရေချမ်းတွေနဲ့ကပ်လှူပူဇော်ကြပါတယ်။ ❖

အဘိဓမ္မာဆိုတာက သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောကတွေကနေ အကြောင်းအရာတွေကို ပရမတ္ထတရားလေးပါးအဖြစ်ခွဲ ခြမ်းစိတ်ဖြာပြီး ပြည့်ပြည့်စုံစုံဟောကြားတော်မူခဲ့တဲ့ ပရမတ္ထဒေသနာတော်ဖြစ်ပါတယ်။ ရုပ်၊ နာမ်တရားတွေကို နားလည်လွယ်အောင် အရှိကိုအရှိအတိုင်း၊ အမှန်ကိုအမှန်အတိုင်း ဓမ္မဓိဋ္ဌာန်ကျကျဟောပြတဲ့ တရားတော်လဲဖြစ်ပါတယ်။ ဒ့ါပြင်အဘိဓမ္မာတရားတော်မှာ "ကုသိုလ်၊ အကုသိုလ် စသောတရားတို့ကို အကျဉ်းချုပ်အားဖြင့် ပြဆိုတော်မူသော ဓမ္မသင်္ဂဏီကျမ်း၊ ခန္ဓာ စသောတရားတို့ကို သုတ္တန်နည်း၊အဘိဓမ္မာနည်းတို့ဖြင့် အမေးအဖြေပြုကာ အကျယ်တဝင့်ဝေဖန်ဟောကြားသော ဝိဘင်းကျမ်း၊ ဓာတ်အမျိုးမျိုးကိုဟောကြားသော ဓာတုကထာကျမ်း၊ ပုဂ္ဂိုလ်အမျိုးမျိုးတို့ကို ခွဲခြားသတ်မှတ်အမည်တပ်၍ ဟောကြားသောပုဂ္ဂလပညတ်ကျမ်း၊ အယူဝါဒနှင့်ဆိုင်သောစကားတို့၏တည်ရာဖြစ်၍ အဘိဓမ္မာအနှစ်သာရတို့နှင့်ပြည့်စုံသော ကထာဝတ္ထုကျမ်း၊ အနုလုံနှင့် ပဋိလုံ၊ ပုစ္ဆာနှင့် ဝိသဇ္ဇနာ၊ သန္နိဋ္ဌာန်နှင့် သံသယအစုံစုံပြု၍ ဟောကြားသောယမိုက်ကျမ်းနဲ့ အကြောင်းအမျိုးမျိုးကိုလည်းကောင်း၊ ကုသိုလ်စသော တရားတို့ဖြင့်လည်းကောင်း ဝေဖန်ဟောကြားပြီး သဗ္ဗညုတဉာဏ်တော်၏ ကျက်စားရာဖြစ်သည့်ပဋ္ဌာန်းကျမ်းဟူ၍ အဘိဓမ္မာကျမ်း ခုနစ်ကျမ်းရှိပါတယ်။ အဘိဓမ္မာတရားတော်မှာ သာမန်ပုဂ္ဂိုလ်တွေနားလည်ဖို့ခက်ခဲပြီး သမ္မာသမ္ဗုဒ္ဓဘုရားရှင်ကပဲ အကုန်အစင်သိတော်မူပါတယ်။ တရားတော်အကျဉ်းချုပ်ကို လက်ယာရံ အဂ္ဂသာဝကဖြစ်တဲ့ ရှင်သာရိပုတ္တရာကို ဟောကြားခဲ့ပါတယ်။ ရှင်သာရိပုတ္တရာဟာ ပညာအရာမှာ ဧတဒဂ်ရသူဖြစ်ပြီး အဘိဓမ္မာတရားမကျဉ်းမကျယ်ကို လင်းနို့သား ၅၀၀ ဖြစ်ခဲ့ဖူးတဲ့ ရဟန်းတော်တွေကိုပြန်လည်ပို့ချခဲ့ပါတယ်။ လူ့ပြည်ရှိအဘိဓမ္မာတရားတော်မှာ ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးကနေတစ်ဆင့် ဟောကြားခဲ့တဲ့ အဘိဓမ္မာတရားတော်ဖြစ်ပါတယ်။ "ပရိယတ္တိသာသနာကွယ်ပရာမှာ အဘိဓမ္မာပိဋကတ်မှာပါဝင်တဲ့ ပဋ္ဌာန်းကျမ်းကနေ စတင်ကွယ်လိမ့်မယ်"လို့ အဋ္ဌကထာတွေမှာ ရေးသားထားတဲ့အတွက် ရှေးပုဂ္ဂိုလ်ပညာရှိတွေက အထူးအားစိုက်ပြီး သင်ကြားကြတာဖြစ်ကြောင်း မှတ်သားရပါတယ်။

ဗုဒ္ဓဘာသာမှာ သီတင်းကျွတ်လပြည့်နေ့ကို "ပဝါရဏာနေ့"လို့လဲ ခေါ်ဆိုပါတယ်။ ပဝါရဏာနေ့ပေါ်ပေါက်လာပုံမှာ ဘုရားရှင်လက်ထက်က ကောသလတိုင်း ဇနပုဒ်ကျောင်းတစ်ကျောင်းကနေ ရဟန်းတွေဟာ ငြင်းခုံမှုမရှိရအောင် ဝါတွင်းကာလမှာ အချင်းချင်းစကားမပြောဘဲ နေထိုင်ကြပါတယ်။ ဒီအကြောင်းအရာကို ဘုရားရှင်က သိတော်မူတဲ့အခါ စကားမပြောဘဲနေတာဟာ တိရစ္ဆာန်တို့နေထိုင်နည်း (ပသုသံဝါသ)နဲ့ လူတို့အကျင့်(မူဂပဗ္ဗတ)တွေဖြစ်ကြောင်း ဆုံးမခဲ့ပါတယ်။ ဒ့ါပြင် သီတင်းကျွတ်လပြည့်နေ့မှာ ရဟန်းတွေအားလုံးဟာ သိမ်တစ်ခုတည်းမှာစုဝေးပြီး "မိမိတို့ အချင်းချင်း အပြစ်ကြီးငယ်ရှိပါက သည်းခံခွင့်လွှတ်ရန်၊ လမ်းမှန်ကိုညွှန်ပြရန်၊ သွန်သင်ဆုံးမရန်၊ တောင်းပန်ကြရမယ်"လို့ ပညတ်တော်မူခဲ့ပါတယ်။ ဒီလိုပြုမူတာကို "ပဝါရဏာ"ပြုတယ်လို့ခေါ်ဆိုပါတယ်။ ပဝါရဏာပြုခြင်းအားဖြင့် အချင်းချင်းညီညွတ်မှုရရှိတာ၊ ဝမ်းမြောက်ဝမ်းသာစကားပြောရတာ၊ အချင်းချင်းငြင်းခုံမှုမရှိတာနဲ့ ချမ်းသာစွာနေရတာ စတဲ့အကျိုးတရားတွေကို ရစေပါတယ်။ လူပုဂ္ဂိုလ်တွေက သီတင်းကျွတ်လတိုင်း ကိုယ့်ထက်အသက်ကြီးသူတွေကို ကန်တော့တာနဲ့ အပြစ်ရှိကခွင့်လွှတ်ဖို့ တောင်းပန်မှု အလေ့အထမှာ ပဝါရဏာကနေ ဆင်းသက်လာတယ်လို့ ယူဆရပါတယ်။

ဗုဒ္ဓအဆုံးအမမှာ တည်ကြတဲ့ မြန်မာလူမျိုးတွေဟာ သီတင်းကျွတ်လပြည့်နေ့ရောက်တိုင်း မီးထွန်းပွဲတော်လို့ခေါ်တဲ့ မြင်းမိုရ်ပွဲတော်ကိုဆင်နွှဲကြပါတယ်။ ပုဂံမြို့ရှိ မြင်းကပါဂူပြောက်ကြီးဘုရားမှ ဘုရားရှင်သက်ဆင်းဟန် ရှေးဟောင်းပန်းချီကားကိုကြည့်ခြင်းအားဖြင့် ပုဂံခေတ်ကတည်းက မီးထွန်းပွဲတော်ကိုကျင်းပတာဟာ အထင်အရှားဖြစ်ပါတယ်။ ရှေးမြန်မာမင်းတွေလက်ထက်မှာ မင်းသား၊ မင်းမြေး၊ မှူးတော်မတ်တော်တွေရဲ့ အဆင်တန်ဆာတွေ အသစ်လဲလှယ်ပေးတာကို သီတင်းကျွတ်လမှာ ပြုလုပ်ကြပါတယ်။ ဒ့ါပြင် ဘုရားစေတီတွေမှာ ဆီမီးပူဇော်တာနဲ့ ဝါကျွတ်ကန်တော့ပွဲတွေကိုကျင်းပကြပါတယ်။ ဒါကြောင့် ဖိုးသူတော်ဦးမင်းရဲ့ ဆယ့်နှစ်လရာသီဘွဲ့သဖြန်မှာ "ကြာငါးမည်ကြိုင်သင်းလို့၊ လျှံဝင်းတဲ့ပြောင်ထိန်၊ ရွှေနန်းတောင်တော်ဦးမှာလ၊ ကွန့်မြူးမြင်းမိုရ်မီး၊ ညီးတဲ့ခါချိန်၊ ရှိခိုးငယ်နှိမ်၊ သုံးကြိမ်ရှိပျောင်း၊ သက္ကစဂါရဝနှင့်၊ စဉ်အလာပူဇော်ပွဲကို၊ ခါကြပေတောင်း"လို့ စပ်ဆိုခဲ့ပါတယ်။ ဒီနေ့ခေတ်မှာ စေတီ၊ ပုထိုး၊ ဘုရားကျောင်းကန်တွေနဲ့ နေအိမ်ခြံဝင်းတွေမှာ ရောင်စုံလျှပ်စစ်မီး၊ စက္ကူမီးပုံး၊ ဖယောင်းတိုင်၊ မြေဆီမီးခွက်တွေနဲ့အလှဆင်ထွန်းညှိကြပါတယ်။ ကျေးလက်တောရွာတွေမှာ ရွာသူရွာသားတွေက စုပေါင်းပြီး ဘုန်းတော်ကြီးကျောင်းရှိစေတီတွေကို အိုးစည်ဗုံးပတ်၊ အကအခုန်တွေနဲ့ မီးထွန်းပွဲတော်ကို သွားရောက်ကျင်းပတာဟာ ပျော်စရာကောင်းလှပါတယ်။ ကျေးရွာအလိုက် ဘုရားပွဲတော်၊ နိဗ္ဗာန်ဈေးပွဲတွေကို တွဲဖက်ပြုလုပ်ကြပြီး ဇာတ်ပွဲ၊ အငြိမ့်ပွဲတွေလဲ ကပြကြပါတယ်။ ဒ့ါပြင် မိဘဆရာသမားတွေ၊ ကိုယ့်ထက်အသက် ဂုဏ်ဝါကြီးသူ၊ မြင့်မြတ်သူ၊ ရိုသေလေးစားထိုက်သူတွေအပေါ် အပြစ်ကြီးငယ်တွေရှိရင် ခွင့်လွှတ်ဖို့ ငယ်သူတွေက ရှိခိုးကန်တော့တောင်းပန်လေ့ရှိကြပါတယ်။ အခုလို အစဉ်အလာကောင်းမှာ ဒီနေ့ထက်တိုင် တည်တံ့လျက်ရှိပါတယ်။ ဒါ့ကြောင့် စာဆိုရှင် ဦးပြုံးချိုက "ဂါရဝ၊ သဒ္ဓါခြွေကန်တော့ပွဲကိုလ၊ မစဲပေါင်ကုသိုလ်နှီးကြတယ်၊ မျိုးမြန်မာတိုင်း"လို့ လေးချိုးကဗျာကို ရေးစပ်သီကုံးခဲ့ပါတယ်။

အချုပ်အားဖြင့် မြန်မာလူမျိုးတွေရဲ့သီတင်းကျွတ်မီးထွန်းပွဲတော်မှာ တစ်မူထူးခြားနေပါတယ်။ ဘာကြောင့်လဲဆိုရင် အခြားပွဲတော်တွေမှာ ရုပ်ဝတ္ထုပစ္စည်းနဲ့ပဲ လှူဒါန်းကြပါတယ်။ ရေ၊ မြေ၊ လေ၊ မီး ဆိုတဲ့ ဓာတ်ကြီးလေးပါးမှာ မီးဟာ တစ်ပါးအပါအဝင်ဖြစ်တာကြောင့် ဆီမီးပူဇော်လှူဒါန်းတာဟာ ဓာတ်ကြီးလေးပါးအလှူတစ်ခုဖြစ်ပါတယ်။ မိုးလေကင်းလွတ်ပြီး ရာသီဥတုသာယာကြည်လင်တဲ့ကာလမှာ မီးထွန်းပွဲတော်ကိုကျင်းပတာဟာ ကာလ၊ ဒေသ၊ ပယောဂကိုက်ညီနေပါတယ်။ မိဘဘိုးဘွားဆရာသမားတွေကို ကန်တော့တာဟာ "ကောင်းသောအကြံ၊ မှန်သောအကျင့်၊ သင့်သောအယူ၊ ဖြူသောနှလုံး၊ သူတော်ထုံး"ကိုစွဲကိုင်ထားတဲ့ ဗုဒ္ဓဘာသာမြန်မာလူမျိုးတွေဖြစ်တယ်ဆိုတာကို သရုပ်ဖော်ပြသလျက်ရှိပါတယ်။ အလွန်အင်မတန်ကျယ်ဝန်းနက်နဲလှတဲ့ အဘိဓမ္မာတရားတော်ကို ဟောကြားခဲ့တဲ့ အချိန်အခါလဲဖြစ်ပါတယ်။ ဒ့ါပြင် ရဟန်းတော်တွေမှာ ပဝါရဏာပြုကြတာဟာ ဗုဒ္ဓဘာသာအတွက် ညီညွတ်ခြင်း၊ စည်းလုံးခြင်းကို ဖော်ဆောင်လျက်ရှိပါတယ်။ ဒါကြောင့် ကြည်ညိုဖွယ်ရာသီတင်းကျွတ်ချိန်ခါကို ဗုဒ္ဓဘာသာဝင်မြန်မာပြည်သူပြည်သားတွေက စိတ်ထားကြည်ကြည်လင်လင်နဲ့ ပါဝင်ဆင်နွှဲကြဖို့ ရေးသားလိုက်ရပါတယ်။

**ကိုးကား**

- **နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ မှစီစဉ်အပ်သော အခါတော်နေ့များလက်စွဲ သာသနာနှစ် ၂၅၀၄၊ ကောဇာ ၁၃၂၂**

# ပွင့်လင်းရာသီနီးကပ်လာပြီဖြစ်၍ ဘိလပ်မြေများကို ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တင်သွင်းမှုရှိနေ



**နေပြည်တော် အောက်တိုဘာ ၂၃**

ပွင့်လင်းရာသီနီးကပ်လာပြီဖြစ်၍ ဘိလပ်မြေများကို ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တင်သွင်းမှုရှိနေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

ယခုအခါ ပွင့်လင်းရာသီနီးကပ်လာနေပြီဖြစ်၍ ဆောက်လုပ်ရေးလုပ်ငန်းများ တွင်ကျယ်စွာလုပ်ကိုင်ဆောင်ရွက်လာကြတော့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုအခါဘိလပ်မြေဈေးကွက်အနေဖြင့် ဘိလပ်မြေများကို ကြိုတင်မှာယူတင်သွင်းနေကြပြီဖြစ်သဖြင့် ပြီးခဲ့သည့် ဩဂုတ်လတွင် ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၃၀၂ သန်းတန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၃၀၀၀ ကျော်နှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၈၅ သန်းတန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၂၀၀၀၀ ခန့် စုစုပေါင်း ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၈၇ သန်းတန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၂၃၀၀၀ ကျော်တင်သွင်းခဲ့ကြောင်း သိရသည်။

ထို့အတူ စက်တင်ဘာလတွင် ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၇၅ သန်း တန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၄၀၀ ကျော်နှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၆၅ သန်းတန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၁၆၀၀၀ ကျော် စုစုပေါင်း ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှအမေရိကန်ဒေါ်လာ ၁ ဒသမ ၄၄ သန်းတန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၁၆၄၀၀ မှာယူတင်သွင်းခဲ့ကြောင်း သိရသည်။

ယခုနှစ် စက်တင်ဘာလတွင် ဘိလပ်မြေများကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက မှာယူတင်သွင်းရာတွင် မလေးရှားနိုင်ငံမှ ဘိလပ်မြေတန်ချိန် ၂၅၀ ကျော်နှင့် တရုတ်နိုင်ငံမှ ဘိလပ်မြေတန်ချိန် ၁၅၀ ကျော် တင်သွင်းခဲ့ခြင်းဖြစ်ပြီး နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တင်သွင်းရာတွင် ထိုင်းနိုင်ငံမှ ဘိလပ်မြေတန်ချိန် ၁၆၀၀၀ ကျော် တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ ပွင့်လင်းရာသီ နီးကပ်လာတော့မည်ဖြစ်၍ ဘိလပ်မြေများကိုလစဉ်တင်သွင်းမှုရှိနေပြီး ဘိလပ်မြေတင်သွင်းမှု ပိုမိုမြင့်တက်လာနိုင်ဖွယ်ရှိနေကြောင်း သိရသည်။ SKL

# တောင်တွင်းကြီးမြို့နယ် ယာကြီးတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်တွင်းကြီး အောက်တိုဘာ ၂၃**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်၊ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ ယာကြီးတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၂၂ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှံက ယာကြီးတောကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှံက ယာကြီးတောကျေးရွာ၌ ဆဋ္ဌမအကြိမ်အဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၉၄ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ယာကြီးတောကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၆ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူနှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၁၃၀ ကို ရန်ပုံငွေကျပ် ၃၉၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

နေ့ယဉ်

## စာအုပ်စာပေ လူ့မိတ်ဆွေ












**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

မန္တလေး၊ အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်နေ ဦးခင်မောင်ဝင်း-ဒေါ်ခင်စောဦး တို့၏သား **မောင်ဖြိုးသက်နိုင်(ခ)ဖိုးသား (၉/အမရ(နိုင်)၁၄၀၈၅၁)** သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးခင်မောင်ဝင်း(၉/အမရ(နိုင်)၀၅၉၁၇၇)**
**ဒေါ်ခင်စောဦး(၉/အမရ(နိုင်)၀၅၉၁၇၆)**

**ပျောက်ဆုံးကြောင်း**

မိုးကုတ်မြို့၊ ပိတ်စွယ်ရပ်ကွက်နေ ဦးရဲမင်းလတ် (ဘ) ဦးရန်ဆီရှင်း (၉/မကန(နိုင်)၁၈၃၂၅၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (MC-851124) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၄၀၂၅၂၆၀၆၇**

**ပျောက်ဆုံးကြောင်း**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်နေ ဒေါ်သူဇာလွင် (ဘ) ဦးသိန်းကျော် (၉/မနမ(နိုင်)၁၀၀၇၉၆)၏ နိုင်ငံကူးလက်မှတ်အမှတ် (MH-524951) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၄၄၁၀၂၇၆၄၄**

**ပျောက်ဆုံးကြောင်း**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်နေ ဒေါ်နွယ်နွယ်စန်း (ဘ) ဦးသိန်းကျော် (၉/မနမ(နိုင်)၁၀၁၁၇၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (MH-524952) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၄၄၁၀၂၇၆၄၄**

**ပျောက်ဆုံးကြောင်း**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်နေ မောင်ရှိုင်းခန့်အောင် (ဘ) ဦးနေရှိုင်း (၉/အမဇ(နိုင်)၀၉၈၈၉၆)၏ နိုင်ငံကူးလက်မှတ်အမှတ် (MH-524991) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၄၄၁၀၂၇၆၄၄**

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

**ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်**

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



**ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်**



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

**စာပေမြင့်မှ လူမျိုးတင့်မည်**

❖ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက လိုလားတောင့်တနေကြသည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်နိုင်ရန်အတွက် မရှိမဖြစ်လိုအပ်သည့် တစ်နိုင်ငံလုံးတည်ငြိမ်အေးချမ်းရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုလည်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်းမှရရှိနိုင်သည်ကို အလေးအနက်သတိမူကြရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မေ ၅ ရက်တွင် ပြုလုပ်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၁/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မတ္တိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြှင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက်ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ



၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက" ကျန်းမာပျော်ရွှင်လျက်ရှိသည်ကို တွေ့ရစဉ်၊

**နေပြည်တော် အောက်တိုဘာ ၂၃**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မဇာနန်းလှ အသက် ၃၃ နှစ်က ဆင်ဖြူတော် အထီးကလေးတစ်စီးကို ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် နံနက် မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါဆင်ဖြူတော်ကလေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန်ပေါင် ၁၈၀ ခန့်ရှိသည်။

ဆင်ဖြူတော်ကလေး၏ဘွဲ့နာမံတော်မှာ "ရဋ္ဌနန္ဒက"ဖြစ်ပြီး အဆိုပါဆင်ဖြူတော်ကလေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊


**စာမျက်နှာ ၁၈ ကော်လံ ၁** ☆

## အားကောင်းသော မုန်တိုင်းငယ် ဆိုင်ကလုန်းမုန်တိုင်းအဖြစ် ရောက်ရှိနိုင်

**နေပြည်တော် အောက်တိုဘာ ၂၃**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသောမုန်တိုင်းငယ် **(Deep Depression)**သည် မြောက်-အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ဟိုင်းကြီးကျွန်းမြို့ **(Hainggyigyun)**၏ အနောက်-အနောက်မြောက်ဘက် ရေမိုင် ၄၂၅ မိုင်ခန့်၊ သံတွဲမြို့ **(Thandwe)**၏ အနောက်ဘက် ရေမိုင် ၄၁၀ ခန့်၊ စစ်တွေမြို့ **(Sittwe)**၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၃၅၀ ခန့်၊ အိန္ဒိယနိုင်ငံ ပါရာဒစ်မြို့ **(Paradip)**၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၁၅၀ ခန့်၊ ဒီဂါမြို့ **(Digha)**၏ တောင်ဘက် ရေမိုင် ၂၂၅ မိုင်ခန့်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ခီပူပါရာမြို့**(Khepupara)**၏တောင်-အနောက်တောင်ဘက် ရေမိုင် ၃၀၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

**စာမျက်နှာ ၁၈ ကော်လံ ၃** ❑




ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် သတင်းအချက်အလက်သိနားလည်မှုရက်သတ္တပတ် အခမ်းအနား ကျင်းပ

စာမျက်နှာ - ၁၈

၂၀၂၃ ခုနှစ် နှစ်လယ် မြန်မာ့ ကျောက်မျက်ရတနာပြပွဲစတုတ္ထနေ့ ဆက်လက်ကျင်းပ

စာမျက်နှာ - ၁၇

ကြည်ညိုဖွယ်ရာ သီတင်းကျွတ်ချိန်ခါ ဆောင်းပါး

စာမျက်နှာ - ၂၉

